ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုနန္ဒာလမ်း၊ ရတနာကျွန်းရိပ်သာ
မြန်မာနီပေါသီလရှင်ကျောင်းတိုက်၊ ဦးစီးပဓာနနာယက

# သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီ

သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၏

# ပြည်ပသာသနာပြုအတွေ့အကြုံ မော်ကွန်းလွှာ



သာသနာ-၂၅၅၄ ကောဇာ-၁၃၇၂ ခရစ်-၂၀၁၀

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုနန္ဒာလမ်း၊
ရတနာကျွန်းရိပ်သာ မြန်မာနီပေါ်သီလရှင်ကျောင်းတိုက်၊
ဦးစီးပဓာနနာယက

သီလရှင်ဆရာကြီး

# ဒေါ်ဂုဏဝတီ

သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၏

# ပြည်ပသာသနာပြုအတွေ့အကြုံ မော်ကွန်းလွှာ

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ခရစ်နှစ် - ၂၀၁၀

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၆၀၀၂၉၇၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၃၁၇၀၆၁၀

ထုတ်ဝေသူ - ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ

ပုံနှိပ်သူ - ဦးအောင်မြင့်သိန်း
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပထမအကြိမ် - ၂၀၁၀၊ ဩဂုတ်လ

အုပ်ရေ - ၅၀၀



အမှတ် ၂၇၅၂၂
ရက်စွဲ



တန်ဖိုး

၂၉၁.၆

ဂုဏဝတီ၊ ဒေါ်၊ သီလရှင်ကြီး
ပြည်ပသာသနာပြုအတွေ့အကြုံမော်ကွန်းလွှာ/
သီလရှင်ကြီး ဒေါ်ဂုဏဝတီ။ - ရန်ကုန်။
ယုံကြည်ချက်စာပေ၊ ၂၀၁၀။
စာမျက်နှာ ၈၅ မျက်နှာ၊ ၁၅ စင်တီ × ၂၁ စင်တီ
(၁) ပြည်ပသာသနာပြုအတွေ့အကြုံမော်ကွန်းလွှာ



# ဤစာအုပ်ဖြင့်
# သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီအား
# ဂုဏ်ပြုကန်တော့ပါသည်။

ဓမ္မဒါန

ဒေါ်ခင်မေနှင့်၊

ဦးငွေစန်း + ဒေါ်စန်းနှင့်၊

ဦးဝမ်းမောင် + ဒေါ်ဝင်းကြည်



သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီ၊ သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ



မြန်မာနီပေါသီလရှင်ကျောင်းတိုက်ပုံ



ဒေါ်ဂုဏဝတီနှင့် ဒေါ်ဓမ္မဝတီ (ဂဏောသကုမာရီ၊ သမီးချစ်)တို့ မြန်မာနီပေါ်ကျောင်းတိုက်ရှေ့တွင် (၂၄-၂-၂၀၁၀)



သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီ ၇၅ နှစ်မြောက် မွေးနေ့ပွဲတွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးအေးပေနှင့်
သာသနာရေးဦးစီးဌာနမှ ပုဂ္ဂိုလ်ကြီးများ



မြန်မာနီပေါကျောင်းတိုက် နှစ်စဉ်ကျင်းပမြဲ သင်္ကြန်တရားစခန်းတွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးအေးပေ၊
နာယက အငြိမ်းစားပိုလ်မှူးကြီး လှမိုးနှင့်အဖွဲ့




မြန်မာနီပေါ်သီလရှင်ကျောင်းတိုက်ရှေ့တွင်
ဒေါ်ခင်မေနွဲ့၊ ဒေါ်ဓမ္မဝတီ (ဂဏ‌ဝါသ၊ သမီးချစ်၊ ဒေါ်သုဓမ္မဝတီ)၊ ဒေါ်ဂုဏဝတီနှင့် ဒေါ်စန်းနွဲ့



မြန်မာနီပေါ်သီလရှင်ကျောင်း ဆရာကြီး ဆရာလေးများ




ခတ္တမန္ဒူလေဆိပ်အပြင်ဘက်တွင် လာရောက်စောင့်ကြိုနေကြသည့်ပရိသတ်များမှာ သောင်းသောင်းဖျဖျ ပန်းစည်းများဖြင့်လည်းကောင်း၊
စားစရာများဖြင့်လည်းကောင်း ညီညာတန်းစီပြီး ဆွမ်းကြီးလောင်းသလို လောင်းလှူနေကြပါသည်။ (၁၉၆၃၊ စက်တင်ဘာ)




နီပေါနိုင်ငံ ခတ္တမန္ဒူရှိ ဓမ္မကိတ္တိဝိဟာရ(ကျောင်းတိုက်)ရှေ့တွင် သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီနှင့် ဒေါ်ဓမ္မဝတီတို့
တပည့်ဆရာလေးများနှင့်အတူ သင်တန်းဆင်းပွဲအပြီး ရိုက်ကူးထားသောပုံ



မြန်မာနီပေါသီလရှင်ကျောင်းတိုက်တွင် နီပေါမှ ဘုရားဖူးအဖွဲ့ တည်းခိုနေကြစဉ်

ထွန်းထိန်ဝေဖြာ၊ သာသနာတည့်၊ ခေမာရာမ၊ မောရမြို့ခွင်၊
သီလရှင်ဟု၊ ဂုဏ်အင်သိုက်မြိုက်၊ စာသင်တိုက်မှ၊ ဓမ္မာစရိယာ၊
ဘွဲ့တော်ရသည်၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒေါ်ဂုဏဝတီ
မြတ်ထေရီလျှင်၊ နီပေါရင်နှစ်၊ သမီးချစ်နှင့်၊ ဖွေလုစ်အတူ၊
ခတ္တမန္တျူဒ်၊ ကြီးထူလုံ့လ၊ ဥဿာဟဖြင့်၊ ဓမ္မကိတ္တိ၊
တွင်ဘိဝိဟာရ်၊ ကျောင်းတိုက်သာကို၊ နှစ်ဖြာတည်ကြ၊
ထိုကာလမှ၊ အစပြုကာ၊ ရှည်ကြာနှစ်သော်၊ သုံးဆယ်ကျော်မျှ၊
မြတ်ဗုဒ္ဓ၏၊ ဓမ္မဒေသနာ၊ အဖြာဖြာကို၊ ခါခါပို့ချ၊
နေ့ညကြိုးကုတ်၊ အားထုတ်ပျိုးထောင်၊ ထမ်းဆောင်ပြီးကာ၊
ပြန်ရောက်မြန်မာ၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာတွင်၊
ဦးစီးပဓာန နာယကဟု၊ သာသနာ့ဝန်၊ အတန်တန်ကို၊
တစ်ဖန်ကြိုးပမ်း၊ မနားတမ်းတည့်...

**ဒေါ်ခင်မေနွဲ့**

(သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီ၏ ၈၅နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ ဂုဏပူဇာဖိတ်ကြားလွှာမှ)

# အမှာစာ

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရတနာကျွန်းရိပ်သာ (၄)ရပ်ကွက် သုနန္ဒာလမ်းရှိ မြန်မာနီပေါ သီလရှင်ကျောင်းတိုက်ကြီးတွင် ဦးစီးပဓာနနာယကအဖြစ် တာဝန်ယူနေသော သီလရှင်ဆရာကြီးဒေါ်ဂုဏဝတီ၏ သာသနာပြုအတွေ့အကြုံတို့ကို ရေးသားပြုစုပေးရန် ရန်ကုန်မြို့ ကန်ရိပ်သာလမ်းနေ ဒေါ်စန်းနွဲ့က ကျွန်မအား မေတ္တာရပ်ခံလာသည်။

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီမှာ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ ဓမ္မကိတ္တိ ဝိဟာရတွင် နီပေါသီလရှင်ဆရာကြီး ဒေါ်သုဓမ္မဝတီ (ဂဏေသ၊ သမီးချစ်)နှင့်အတူ လက်တွဲ၍ (၁၉၆၃ခုမှ ၁၉၉၄ခုအထိ) နှစ်ပေါင်း သုံးဆယ့်တစ်နှစ်တိတိ သာသနာပြုခဲ့သူဖြစ်ပါသည်။

နီပေါနိုင်ငံတွင် ထိုမျှကြာသွားသော်လည်း နီပေါသီလရှင်ဆရာကြီး ဒေါ်သုဓမ္မဝတီကတော့ သီလရှင် ဆရာကြီးဒေါ်ဂုဏဝတီကို မြန်မာပြည်သို့ မပြန်စေချင်သေးပါ။ ဖြစ်နိုင်ပါက သူနှင့်အတူ တစ်သက်လုံး လက်တွဲမဖြုတ်စတမ်း နီပေါတွင်ပင် ဆက်ပြီးသာသနာပြုစေလိုပါသေးသည်။ သို့ရာတွင် နီပေါသို့ မိမိနှင့်အတူ ခေါ်ဆောင်ခဲ့သော ဒေါ်ဂုဏဝတီမှာ မိမိထက် အသက်(၁၀)နှစ် ကြီးသည်ဖြစ်၍ ယခုအခါ အသက် ၇၀ တွင်းသို့ ချဉ်းလာခဲ့ပြီဖြစ်သည်။ သူလည်း နှစ်သုံးဆယ်ကျော်ကွဲကွာနေခဲ့သည့် မိမိဇာတိမြေကို ပြန်ချင်ရှာပေမည်ဟု ကိုယ်ချင်းစာမိသည်။ ဆက်၍မတားရက်တော့။ ဒေါ်ဂုဏဝတီကလည်း ယခုအခါ ဒေါ်သုဓမ္မဝတီမှာ ကိုယ်တိုင် ဦးဆောင်၍ သာသနာပြုနိုင်စွမ်းရှိနေပြီဖြစ်သည့်ပြင် ယခင်ကသီလရှင်ဝတ်ရန် အိမ်မှအတူထွက်ပြေးခဲ့ကြသော လလိတပူရမှ သူငယ်ချင်းနှစ်ဦးဖြစ်သည့် သုဘလက္ခမီခေါ် ဒေါ်မာဂဓီနှင့် မနောဟရဒေဝီခေါ် ဒေါ်မာဓဝီတို့ကလည်း ဒေါ်သုဓမ္မဝတီအား အဖော်ပြုနေကြပြီဖြစ်၍ နီပေါသာသနာရေးအတွက်စိတ်ချသည်။ ထို့ကြောင့်ပင် ဒေါ်ဂုဏဝတီ မြန်မာပြည်သို့ ပြန်ရောက်လာသည်။

မြန်မာပြည်ပြန်ရောက်သည့်အခါတွင်လည်း အသက်ကြီးပြီဖြစ်လင့်ကစား အနားမနေ၊ မြန်မာနီပေါ သီလရှင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ကာဝန်ယူကာ၊ ပဋိပတ္တိသာသနာပြုလုပ်ငန်းအဖြာဖြာကို ဆက်လက်သယ်ပိုးရွက်ဆောင်လျက်ရှိပါသည်။ ထိုကျောင်းတိုက်ကြီးမှာ ဗုဒ္ဓစာပေပရိယတ္တိများ လေ့လာဆည်းပူးရန် ပဋိပတ်ကျင့်စဉ်တရားစခန်းဝင်ရန် မြန်မာပြည်သို့ လာရောက်ကြသောနီပေါသီလရှင်တို့ သီတင်းသုံးရာ နားခိုရာ တရားရိပ်သာကြီးလည်းဖြစ်ပေသည်။

တစ်နေ့တွင် မြန်မာနီပေါသီလရှင်ကျောင်းတိုက်၊ သင်္ကြန်တရားစခန်း၌ သီလရှင်ဆရာကြီးဒေါ်ဂုဏဝတီသည် ကမ္ဘောဒီးယားတွင် တာဝန်ထမ်းဆောင်နေသော ဒဂုံမြို့နေ ဦးဝမ်းမောင်နှင့်ဇနီးဒေါ်ဝင်းကြည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကန်ရိပ်သာလမ်းနေ ဒေါ်စန်းနွဲ့တို့နှင့် တွေ့ဆုံခဲ့ကြရာ သူတို့က နီပေါနိုင်ငံတွင် သီလရှင်ဆရာကြီးသာသနာပြုခဲ့ပုံ အတွေ့အကြုံတို့ကို မှတ်တမ်းပြုထားသင့်ပါကြောင်း၊ မိမိတို့အနေဖြင့် မှတ်တမ်းပြုထားလိုပါကြောင်း သီလရှင်ဆရာကြီးအား အကြံပြုတိုက်တွန်းရင်းခွင့်တောင်းခဲ့ကြသည်။

သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီမှာ မိမိအား အကြံပြု ခွင့်တောင်းကြသော ဒကာဒကာမရင်းများဖြစ်ခဲ့ကြသည့် ဒဂုံမြို့နေဒါယိကာကြီးဦးဝမ်းမောင်နှင့် ကန်ရိပ်သာနေ ဒါယိကာမကြီး ဒေါ်စန်းနွဲ့တို့၏ စေတနာဆန္ဒကို ဖြည့်စွမ်းသောအနေဖြင့် လည်းကောင်း၊ ထိုစဉ်အခါက မဟာယာနဗုဒ္ဓဘာသာ အင်အားကောင်းနေသော နီပေါနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားစည်ပင်လာအောင် မိမိတို့ မည်သို့မည်ပုံ ပင်ပန်းဆင်းရဲခံကာ အားသွန်ကြိုးပမ်းခဲ့ကြသည်တို့ကို နောင်လာနောင်သားများ သိရှိကြစေလို၍လည်းကောင်း ထိုအကြံပြုချက်ကို ခွင့်ပြုလက်ခံခဲ့ပါသည်။

ထို့နောက် ကျွန်မ၏ပန်ကြားချက်အရ သီလရှင်ဆရာကြီးသည် ရရှိထားသော စာမေးပွဲအောင်လက်မှတ်များ နိုင်ငံတော်မှဆက်ကပ်သော သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်တို့နှင့်တကွ ဆရာကြီး၏ သာသနာပြုအတွေ့အကြုံနှင့် ခံစားချက်တို့ကို သတိရသမျှရေးချထားသော ဗလာစာအုပ်ငယ်လေးကို ကျွန်မအား ပေးအပ်လာပါသည်။ ပထမတွင်ကျွန်မသည် ဆရာကြီး၏ လက်ရေးသေးသေးလေးများဖြင့် အရေးရေးအနှောနှော ပြွတ်သိပ်ရေးမှတ်ထားသည်တို့ကို မြင်လိုက်လျှင်ပင် အတန်ပင် ခေါင်းနောက်သွားမိခဲ့ပါသည်။ သို့ရာတွင် မုဒုံသူ သီလရှင်ဆရာကြီး၏ရင်ဝယ် အသက် ၈၀ ကျော်သည့်တိုင် အမှတ်ထင်ထင် စွဲငြိလျက်

ပင် ရှိသေးသော ဆရာကြီး၏အတွေ့အကြုံနှင့် ခံစားချက်များကို တဖြည်းဖြည်း ဖတ်ရင်း ဖတ်ရင်း ကျွန်မရင်တွင် ဆရာကြီးအား တစိမ့်စိမ့်သက်ဝင် ကြည်ညိုလာမိပါသည်။

ကျွန်မသည် သီလရှင်ဆရာကြီးရေးမှတ်ထားသည့် အစီအစဉ်မကျ ဟိုတစ်စ သည်တစ်စဖြစ်နေသော အချက်အလက်များကိုစုစည်းကာ ခေါင်းစဉ်ငယ်လေးများဖြင့် အစီအစဉ်ကျနအောင် ချောမွေ့ပြေပြစ်အောင် ပြင်ဆင်ရေးသားလိုက်ပါသည်။ ထိုမှအပ အကြောင်းအရာနှင့်ခံစားချက်တို့မှာ သီလရှင်ဆရာကြီး၏ အတွေ့အကြုံနှင့်ခံစားချက် ဖြစ်ရပ်မှန်များသာဖြစ်ပါကြောင်း တင်ပြပါသည်။

တစ်ပြည်ရပ်ခြားတိုင်းတစ်ပါးတွင် အနေဆင်းရဲ အစားဆင်းရဲ အမျိုးမျိုးခံလျက် သာသနာပြုလုပ်ငန်းတို့ကို နှစ်ရှည်လများနေ့ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့သော ပြည်ပသာသနာပြု မြန်မာသီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီ၏ ထက်သန်သောစေတနာ၊ ခိုင်မာသောစိတ်ဓာတ်၊ ကြီးမားသောဖွဲ့တို့မှာ သာသနာ့ဝန်ဆောင် မြန်မာအမျိုးသမီး သီလရှင်များအဖို့ စံပြုဖွယ်ရာ အားကျအတုယူဖွယ်ရာဖြစ်သည်ဟု ကျွန်မယုံကြည်ပါသဖြင့် သီလရှင်ဆရာကြီး၏ သာသနာပြုပုံတို့ကို ပြုစုရသည်မှာ ကျွန်မအဖို့ ကြည်နူးမဆုံး အစဉ်ပီတိဖုံးလျက် ရှိနေပါတော့သည်။

သီလရှင်ဆရာကြီးဒေါ်ဂုဏဝတီသည် ကျန်းကျန်းမာမာဖြင့် အသက်ရာကျော် ရှည်သည့်တိုင် သာသနာ့အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။ ။

၁

**စီစဉ်ရေးသားသူ**

ဒေါ်ခင်မေနွဲ့

အငြိမ်းစားပါမောက္ခ၊ မြန်မာစာဌာန၊

ရန်ကုန်တက္ကသိုလ်

# မာတိကာ


(က)

| | | |
|---|---|---|
| ၁။ သာသနာပြုဂုဏပူဇာ ပိဒ်စုံရတု | ဒေါ်ခင်မေနွဲ့ | ၁ |
| (ခ) ထေရီဖြစ်ရပ် အတ္ထုပ္ပတ် | ဒေါ်ခင်မေနွဲ့ | ၃ |
| ၁။ ဖွားရာဇာတိ ဖနင့်မိ | | ၃ |
| ၂။ မဂုဏဝတီ ဘွဲ့နာမံချည် | | ၃ |
| ၃။ ဆည်းပူးလေ့လာ ပရိယတ္တိ ပဋိပတ္တိအဖြာဖြာ | | ၃ |
| ၄။ ပို့ချပြုစု စာပေမှု | | ၄ |
| ၅။ ပြည်ပပြည်တွင်း သာသနာပြုခြင်း | | ၄ |
| ၆။ ဘွဲ့တံဆိပ်ချီးမြှင့် အဆင့်ဆင့် | | ၅ |
| (ဂ) သာသနာပြု အတွေ့အကြုံ | ဒေါ်ခင်မေနွဲ့ | ၆ |
| ၁။ ခေမာရာမ ဆုံဆည်းကြ | | ၆ |
| ၂။ ပြည်ပသာသနာပြုရန် အကြောင်းဖန် | | ၇ |
| ၃။ စောင့်ရှောက်ခေါ်ပြီ မသုဓမ္မဝတီ | | ၈ |
| ၄။ ထူးထူးကဲကဲ ဂုဏ်ပြုပွဲ | | ၉ |
| ၅။ ကြိုဆိုဧည့်ခံ ပို့ဆောင်ပြန် | | ၉ |
| ၆။ ကာလကတ္တား တစ်ထောက်နား | | ၁၀ |
| ၇။ မမေ့နိုင်သပ မြတ်ဒါန | | ၁၀ |
| ၈။ ကိုယ်စားအပ်ပြီ အမိဆီ | | ၁၁ |
| ၉။ ဆိုက်ရောက်လေပြီ နီပေါပြည် | | ၁၁ |
| ၁၀။ တွေးမိပြန်လေ မချိပေ | | ၁၂ |
| ၁၁။ သာသနာပြုမြေ ဖွေရှာပေ | | ၁၂ |
| ၁၂။ ဓမ္မကိတ္တိ ကျောင်းဆောက်ဘိ | | ၁၂ |

၁၃။ နားချိန်သင်ကြား ဘာသာစကား ၁၅
၁၄။ တူယှဉ်မကွာ ပြုကြသာသနာ ၁၆
၁၅။ ဟောပြောစာသင် မနားအစဉ် ၁၇
၁၆။ လိုက်လျောညီထွေ ကျင့်ဆောင်ပေ ၁၇
၁၇။ မုန့်ညင်းအဆီ မွှေးလေပြီ ၁၉
၁၈။ အိပ်ငိုက်လွန်းက ပေါင်ဆိတ်ရ ၂၀
၁၉။ အတွေ့အကြုံ အဖုံဖုံ ၂၁
၂၀။ တမ်းတမိပေ အမိမြေ ၂၃
၂၁။ သွားရခြေလျင် အမြဲပင် ၂၆
၂၂။ ဝါသနာဘာဂီ ဆက်တိုင်းမီ ၂၇
၂၃။ ယုဝတီအသင်း ဖွဲ့စည်းခြင်း ၂၈
(ဃ) သာသနာပြုလုပ်ငန်းများ ၂၉
၁။ သမီးချစ်မှာ ဖော်ပြပါ ရဝေထွန်း ၂၉
(၁) ဗုဒ္ဓပူဇော်ပွဲနှင့် တရားပွဲများ ၂၉
(၂) အမိဌာန်ပြု၍ ကုသိုလ်ယူခြင်း ၃၀
(၃) ဗုဒ္ဓပူဇော်ပွဲ ဝတ်စုံတူနှံ့ ၃၀
(၄) သောကြာနေ့ ကျောင်းသူများအသင်း ၃၁
(၅) စာမတတ်သူ အမျိုးသမီးကြီးများအား သင်ကြားပေးခြင်း ၃၂
(၆) အသင်း၏နှစ်ပတ်လည်ပွဲနှင့် ဆုပေးပွဲ ၃၂
၂။ နီပေါပြည်မှ ပေးစာများ (၁၉၇၉) မင်းယုဝေ ၃၄
မဂုဏဝတီ၊ မသုဓမ္မဝတီ (အတ္တုပ္ပတ္တိထုး)
(င) ဂုဏပူဇာ ဆောင်းပါးလွှာများ ၄၁
၁။ ဒေါ်သုဓမ္မဝတီ (ဂဏေသ၊ ဒေါ်ဓမ္မဝတီ၊ သမီးချစ်)ထံမှသဝဏ်လွှာ ဒေါ်ဓမ္မဝတီ ၄၁
၂။ အစ်မကြီးဒေါ်ဂုဏဝတီနှင့်ဘုန်းကြီးအမြင် အရှင်ဉာဏပုဏ္ဏိက ၄၂

၃။ မွေးနေ့သဘင် ခတ္တာမန္တူတွင် ၄၅
DHAMARKITI A Buddhist Monthly Feb -2005
၄။ ဗုဒ္ဓရှင်တော်၏တပည့် ဒေါ်ဂုဏဝတီ စန့်ပါဒကီရ ၄၆
DHAMARKITI A Buddhist Monthly Feb -2005
၅။ သမီးချစ်ရဲ့နောက်ခံ ဒေါ်ဂုဏဝတီ ရီနာတုလာရေ ၄၇
DHAMARKITI A Buddhist Monthly Feb - 2005
၆။ ကိုယ်တွေ့သိမြင် မြတ်ဂုဏ်အင် မစာဆို ၅၀
၇။ ဂုဏ်ယူပါရ ခေမာရာမ ဒေါ်ဓဝနသီဂီ၊ ဒေါ်ရူပဝတီ ၅၃
၈။ နှစ်ရှက်တစ်လွှာ စွယ်တော်ပမာ ဒေါ်ခင်မေနွဲ့ ၅၃
၉။ ဖြတ်သန်းခဲ့ရာ နီပေါဗုဒ္ဓသာသနာ Ven: Kondanya ၅၈
၁၀။ ဖွံ့ဖြိုးဝေဖြာ နီပေါထေရဝါဒ ဗုဒ္ဓသာသနာ Ven: Kondanya ၆၂
၁၁။ မွန်ကျောက်စာများကပြောသော မြန်မာပြည်ထေရဝါဒဗုဒ္ဓသာသနာ ၆၆
၁၂။ ရှေးဟောင်းသုတေသနအထောက်အထားများကပြောသောဗုဒ္ဓသာသနာ ၆၈
၁၃။ ရာဇဝင်သမိုင်းများကပြောသော မြန်မာနိုင်ငံထေရဝါဒဗုဒ္ဓသာသနာ ၇၀
(၁)မှန်နန်းရာဇဝင်တော်ကြီးနှင့် ဦးကုလားမဟာရာဇဝင်တော်ကြီးက
ပြောသော ဗုဒ္ဓသာသနာ ၇၀
(၂) ပုဂံရောက်လာ ထေရဝါဒဗုဒ္ဓသာသနာ ၇၃
(၃) သင်္ဂါယနာပွဲ အလီလီဆင်နွှဲ ၇၄
(၄)ပဥ္စမသင်္ဂါယနာတင်ပွဲ မြန်မာပြည်မှာဆင်နွှဲ ၇၅
၁၄။ မျက်မှောက်ခေတ်မြန်မာပြည် ထေရဝါဒဗုဒ္ဓသာသနာ ၇၆
(၁)ဆဋ္ဌသင်္ဂါယနာတင်ပွဲ မြန်မာပြည်မှာဆင်နွှဲ ၇၆
(၂) ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်တန်းခေါင်းဆောင်များ၏အစည်းအဝေးကြီး
ဘူမိနက်သန် နေရာမှန်
(The World Buddhist Summit) သီတဂူဆရာတော် ၇၇

# (က)

# မြန်မာနိပေါသီလရှင်ကျောင်း သီလရှင်ဆရာကြီးဒေါ်ဂုဏဝတီ
## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၏
## နိပေါသာသနာပြု အစီအစဉ် ပိုဒ်စုံရတု

**ရက်စွဲ ၊ ၂၄ - ၁၂- ၂၀၀၉**

၁။ ခေမာရာမ၊ မြိုင်မောရဟု၊ စာချစာသင်၊ သီလရှင်တည့်၊ တစ်ခွင်ကျော်စွ၊ ကျောင်းတော်မသို့၊ မဂုဏဝတီ၊ မရောက်မီတွင်၊ စုံညီချစ်စွ၊ မိနှင့်ဖတို့၊ ဆန္ဒပြင်းပြ၊ သမီးလှ၏၊ မဆွဖြစ်ချင်၊ သီလရှင်ဟု၊ လိုအင်ဖြည့်ဆောင်၊ ပဲခူးချောင်တည့်၊ တောင်ပေါ်မြိုင်ဆီ၊ ဒေါ်ဝံသစာရီထံ၊ အပ်နှံလေက၊ ပစ္စယနုဂ္ဂဟဟု၊ အဖဦးမဲ၊ လက်တွဲမိခင်၊ ဒေါ်အေးသင်တည့်၊ ဖြူစင်စိတ်ထား၊ သမီးအားကို၊ ဖွားခဲ့ကောဇာ၊ ထောင့်နှစ်ရာနှင့်၊ စွန်းမှာရှစ်ဆယ်၊ ခြောက်ခုကယ်၍၊ လဝယ်ပြာသို၊ ပြည့်ပိုလေးစွက်၊ ကျားမင်းရက်တည့်၊ မကွက်အယူ၊ မုဒုံသူလျှင်၊ သင်ယူအခြေ၊ ဓမ္မစာပေကို၊ မသွေမပျက်၊ အားထုတ်လျက်တည့်၊ စစ်မက်ခွာရှောင်၊ စစ်ကိုင်းချောင်တွင်၊ ကျင့်ဆောင်ကမ္မဋ္ဌာန်း၊ စီးဖြန်းလေ့လာ၊ ခုနစ်နှစ်တာလျှင်၊ ဝေယျာဝစ္စ၊ ဆွမ်းကိစ္စကို၊ ကျနပြုစု၊ တောင်ပုလုအကျော်၊ ဆရာတော်နှင့်၊ ဒေါ်ကုသလ၊ နယလည်းခံ၊ ကျင့်ကြံပါသည် ၊ ၊အောင်ချာနိဗ္ဗာန် ရည်တကား၊ ။

၂။ ကြေညာသာစွ၊ ကျောင်းတော်မသို့၊ ရောက်ထကောဇာ၊ ထောင့်သုံးရာနှင့်၊ စွန်းမှာကိုးနှစ်၊ သက္ကရာဇ်တည့်၊ စစ်မေးလေပါ၊ သုသမာစာရ၊ အဘိဓမ္မိကနှင့်၊ မဟာဝေယျာကရဏိယ၊ သာသနပါလဟု၊ ယင်က လတ်ကြီး၊ အသီးသီးလျှင်၊ အောင်ပြီးလေက၊ နိပေါမှလျှင်၊ ရောက်လထေရီ၊ ဂဏေသီ(မသုဓမ္မဝတီ)နှင့်၊ တူညီစုံကြ၊ ခေမာ

ရာမတည့်၊ တကွတူပေ၊ စာဖြေလေဟု၊ စေညွှန်လေပြီ၊ ဒေါ်ပညာစာရီဟု၊ တစ်လီနာယက၊ ကျောင်းတော်မတည့်၊ ထိုမှစကာ၊ အတူသာလျှင်၊ လေ့လာစာကျက်၊ ဓမ္မာစရိယတွက်လျှင်၊ မပျက်မသွေ၊ ကြိုးလေလေတည့်၊ သို့ပေသော်ငြား၊ ချိန်အားမရ၊ ဝေယျာဝစ္စကို၊ နိစ္စကြိုးပမ်း၊ ထမ်းဆောင်လေပါ၊ ဝါသနာကြောင့်၊ ငိုက်ကာငိုက်မြဲ၊ စာကြည့်ဆဲတည့်၊ မစဲသတိ၊ ပေးရဘိသည်၊ အမိနေပြည်၊ ရှင်ကြည်သာမော၊ မနီပေါ်လျှင်၊ သဘောအယူ၊ စင်ဖြူအေးစွ၊ မဂုဏကို၊ တကွတူညီ၊ နီပေါ်ပြည်သို့၊ လိုက်မည်အရေး၊ ကြံဆမေးလေ၊ မနေးဖြေသည်၊ မကွေသာသနာ၊ ပြုအံ့ငှာဟု၊ ၊ နောင်ခါမိဋ္ဌာန်တည်သကား၊ ။

၃။ ထေရာဝါဒ၊ မြတ်ဗုဒ္ဓ၏၊ ဟောထကျင့်စဉ်၊ အမှန်ပင်တည့်၊ ပြည်ခွင်နီပေါ၊ စုံတကြောဝယ်၊ ရှင်စောမိန့်ချွေ၊ ထားခဲ့ပေသည်၊ ပဝေရှေးခါ၊ သာသနာလျှင်၊ စည်ပါစေချင်၊ မြတ်ချစ်ရှင်၏၊ ယခင်ရှေးနည်း၊ နိဿယည်းကို၊ ဖြည့်ဆည်းလို့ငှာ၊ ပြည်မြန်မာသို့၊ ရောက်လာခဲ့ပြီ၊ ဂဏေသီ(မသုဓမ္မဝတီ)လျှင်၊ တူညီအပြန်၊ ဆန္ဒမွန်ဖြင့်၊ အားသွန်ဖြည့်ပြီ၊ မဂုဏဝတီနှင့်၊ ပါရမီဖြည့်ကူ၊ ကတ္တာမန္ဒူတွင်၊ ကြီးထူလုံ့လ၊ ဥဿာဟဖြင့်၊ ဓမ္မကိတ္တိ၊ မည်ရှိဝိဟာရ်၊ ဆောက်ပြီးခါတည့်၊ သာသနာအတွက်၊ နံနက်နေ့ည၊ ပို့ချခါခါ၊ ဓမ္မဒေသနာကို၊ နှစ်ဖြာလက်တွဲ၊ ယှဉ်နွဲ့နှစ်သော်၊ သုံးဆယ်ကျော်မျှ၊ ဖိတ်ခေါ်ကျေးရွာ၊ မကျန်ပါအောင်၊ သွားကာခြေလျင်၊ အတင်တင်တည့်၊ အစဉ်တက်ကြွ၊ သူငယ်ကလျှင်၊ ကြီးထသက်ရွယ်၊ ပျိုငယ်မကျန်၊ မှန်မှန်သင်တန်း၊ မပန်းပို့ချ၊ ဗုဒ္ဓပူဇနိယ၊ ကုသလဟု၊ ကျင်းပလစဉ်၊ ငါးကြိမ်ပင်တည့်၊ ပြည်ခွင်စိုးရ၊ မြန်မာကလျှင်၊ သာသနဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစက၊ ပဏ္ဍိတဟု၊ ချီးပဘွဲ့မည်၊ အတည်တည်တည့်၊ စည်ပင်သာသနာ၊ နီပေါမှာလျှင်၊ ၊ ရောင်ဝါဖိတ်လျှံသည်တကား။ ။

ရေးဖွဲ့ပူဇော်သူ

ဒေါ်ခင်မေနွဲ့

အငြိမ်းစားပါမောက္ခ၊ မြန်မာစာဌာန၊

ရန်ကုန်တက္ကသိုလ်

(ခ)

## ထေရီပြစ်ရပ် အတ္ထုပ္ပတ်

ဒေါ်ခင်မေနွဲ့

၁။ ဖွားရာဇာတိ၊ ဖနှင့်မိ

သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီကို မြန်မာနှစ် ၁၂၈၆ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ရက်၊ တနင်္လာနေ့ ခရစ်နှစ် ၁၉၂၅ခု၊ ဇန်နဝါရီလ ၁၂ရက်တွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ပရံရွာ၌ အဖဦးမဲ၊ အမိဒေါ်အေးသင်တို့မှ ဖွားမြင်ခဲ့သည်။

၂။ မဂုဏဝတီ ဘွဲ့နာမံချည်

ငယ်စဉ်ကပင် သာသနာ့နွယ်ဝင် သီလရှင်ဖြစ်လိုစိတ်ပြင်းပြသည့် သမီးငယ်၏ ဆန္ဒကို မိဘနှစ်ပါးက မတားကြတော့ဘဲ၊ အသက် ၁၃နှစ်တွင် မော်လမြိုင်မြို့တောင်ပေါ် ပဲခူးချောင်သီလရှင်စာသင်တိုက် ဆရာကြီးဒေါ်ဝံသစာရီထံ အပ်နှံကာ၊ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် သီလရှင်ဘောင်သို့ သွတ်သွင်းပေးခဲ့သည်။ မဂုဏဝတီဘွဲ့ အမည်ပေးခဲ့သည်။ ပဲခူးချောင် သီလရှင်စာသင်တိုက်မှာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်တွင် ဗုံးဒဏ်ကြောင့် ပျက်စီးသွားခဲ့ရာ၊ စစ်အပြီးတွင်မရှိတော့ပေ။

၃။ ဆည်းပူးလေ့လာ ပရိယတ္တိပဋိပတ္တိအဖြာဖြာ

မော်လမြိုင်ပဲခူးချောင်ရှိ သီလရှင်ဆရာကြီးဒေါ်ပုညာသီနှင့် ဒေါ်ဓမ္မာရီတို့ထံတွင် ပရိယတ္တိစာပေများကို အပတ်တကုတ် အားထုတ်သင်ယူခဲ့သည်။ ပရိတ်ကြီး၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ အာဒိတ္တပရိယာယသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ မဟာသတိပဋ္ဌာနသုတ်နှင့် အခြေခံဖြစ်သော သဒ္ဒါကြီးပုဒ်ဆစ်၊ သုတ်ဆစ်တို့ကို ဆည်းပူးသင်ယူခဲ့သည်။

မြန်မာနှစ် ၁၃၀၁-ခု ခရစ်နှစ် ၁၉၃၉ခု ဒုတိယကမ္ဘာစစ်အတွင်း စစ်ကိုင်းမြို့

စစ်ကိုင်းချောင် မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးဖြစ်သူ သီလရှင် ဆရာကြီး ဒေါ်ကုသလထံတွင် မဟာသတိပဋ္ဌာန် ကမ္မဋ္ဌာန်းတရားကျင့်စဉ်တို့ကို ၇–နှစ်တာမျှ ဆည်းပူးလေ့လာ ကျင့်ကြံအားထုတ်ခဲ့သည်။ ထိုအတောအတွင်း စစ်ကိုင်းချောင်တွင် သီတင်းသုံးနေသော တောင်ပုလုဆရာတော်အမှူးပြုသည့် ရဟန်းသံဃာတော်များနှင့် ယောဂီတို့၏ဆွမ်းကွမ်းဝေယျာဝစ္စ ကိစ္စဟူသမျှတို့ကိုလည်း တာဝန်ယူဆောင်ရွက်ကာ ပြုစုလုပ်ကျွေးခဲ့သည်။

ကမ္မဋ္ဌာန်းစစ်အပြီး မြန်မာနှစ်၁၃၀၉ခု ခရစ်နှစ် ၁၉၄၇–ခုတွင် မော်လမြိုင်မြို့၊ ခေမာရာမ သီလရှင် စာသင်တိုက်ဆရာကြီးဒေါ်ပညာစာရီထံတွင် ပရိယတ္တိစာပေများကို ဆက်လက်လေ့လာသင်ယူခဲ့သည်။ ထိုစာသင်တိုက်ကပင် မော်လမြိုင်မြို့ သုသမာစာရစာမေးပွဲတွင် အငယ်တန်းအောင်သည်။ သထုံမြို့ ပါရဂူ စာမေးပွဲတွင် မဟာဝေယျာကရဏ်ယတန်းနှင့် အဘိဓမ္မိကတန်းတို့ကိုလည်းကောင်း၊ မုဒုံမြို့ သာသနာ့ပါလ စာမေးပွဲတွင် အငယ်တန်းကိုလည်းကောင်း အောင်မြင်သည်။ နိုင်ငံတော်အစိုးရက ကျင်းပသော ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်း စာမေးပွဲတို့ကိုလည်း အဆင့်ဆင့်အောင်မြင်ခဲ့သည်။

## ၄။ ပို့ချပြုစု စာပေမှု

နီပေါမှာ နေထိုင်ခဲ့စဉ်က ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးဘခင်၏တပည့်ကြီး ဆရာကြီးဦးဂိုအင်ဂါက မြန်မာဘာသာဖြင့် ပုံနှိပ်ထားသည့် ပိဋကသုံးပုံပါဠိတော်တို့ကို ဟိန္ဒီဒေဝနာဂရီအက္ခရာဖြင့် ဘာသာပြန်ဆိုရာတွင်၊ သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီက ဓမ္မသင်္ဂဏီပါဠိတော် စာအုပ်တစ်အုပ်ကို တာဝန်ယူကာ ဘာသာပြန်ဆိုပေးခဲ့သည်။

## ၅။ ပြည်ပပြည်တွင်း သာသနာပြုခြင်း

ပြည်ပသာသနာပြုခဲ့သည်မှာ အမျိုးသမီးသီလရှင်တစ်ပါးအနေဖြင့် အံ့ချီးဖွယ်ရာ နှစ်သုံးဆယ်ကျော်ကြာသည်ထိပင်ဖြစ်သည်။ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၊ ဓမ္မကိတ္တိကျောင်းတိုက်တွင်မြန်မာနှစ်၁၃၂၅ မှ ၁၃၅၆ခုအထိ ခရစ်နှစ် ၁၉၆၃မှ ၁၉၉၄ခုထိ ၃၁–နှစ်ကြာမျှ ဗုဒ္ဓစာပေတို့ကို သင်ကြားပို့ချဟောညွှန်ပြခြင်း၊ ထေရဝါဒ ဗုဒ္ဓသာသနာကို သေချာကျနနားလည်ရအောင် သွန်သင်ဆုံးမ နည်းလမ်းပြခြင်း၊ ရှင်တော်သကျ ပြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာ အဖြာဖြာကို ခတ္တမန္ဒူရှိ နီပေါပြည်သူတို့ မသိသည်ကို သိအောင်၊ မတတ်သည်

ကို တတ်အောင် စိတ်ဓာတ်မလျှော့အားမပြော့ဘဲ စိတ်ရှည်လက်ရှည်ထားပြီး ကြီးမားသော ဖွဲ့နဘဲဖြင့် သမီးချစ်ဟုတွင်သော နီပေါ သီလရှင်ဒေါ်သုဓမ္မဝတီနှင့် အတူလက်တွဲကာ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားစေရန် ကြိုးပမ်းခြင်းတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည်။

နီပေါမှမြန်မာပြည်သို့ပြန်လာသည်မှ ယခုအချိန်ထိ ၁၅–နှစ်တာကာလပတ်လုံးမှာလည်း ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ငွေ)ရပ်ကွက်၊ သုနန္ဒာလမ်း၊ ရတနာကျွန်းရိပ်သာရှိ မြန်မာနီပေါသီလရှင်ကျောင်းတိုက်ကြီးတွင် ဦးစီးပဓာနနာယကအဖြစ်၊ တစ်နှစ်လျှင်နှစ်ကြိမ်ကျပဋိပတ္တိလုပ်ငန်း တရားစခန်းတို့ကိုဖွင့်လှစ်ကာ သာသနာတော်ကြီး ထွန်းကားရေးအတွက် တာဝန်ယူဆဲ၊ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ယခုအခါ အသက်၈၅–နှစ်ရှိလာပြီဖြစ်သော်လည်း ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ဖွံ့ဖြိုးစည်ပင်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ကြိုးပမ်းဆဲ၊ အားထုတ်ဆဲပင် ဖြစ်သည်။

## ၆။ ဘွဲ့တံဆိပ်ချီးမြှင့် အဆင့်ဆင့်

မြန်မာနှစ် ၁၃၂၄ခု၊ ခရစ်နှစ် ၁၉၆၂ခုတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး၊ အစိုးရက "သာသနဓဇဓမ္မစရိယ" ဘွဲ့တံဆိပ်ကို ဆက်ကပ်ချီးမြှင့်ခဲ့သည်။

မြန်မာနှစ် ၁၃၅၃–ခု၊ ခရစ်နှစ် ၁၉၉၁ခုတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီအား "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ချီးမြှင့်ခဲ့သည်။

○

# (၈)

## သာသနာပြုအတွေ့အကြုံ

ဒေါ်ခင်မေနွဲ့

၁။ ခေမာရာမ ဆုံဆည်းကြ

မော်လမြိုင်မြို့ရှိ ခေမာရာမသီလရှင်စာသင်တိုက်ကြီးတွင် သီလရှင် မဂုဏဝတီရှိနေစဉ် နီပေါမှရောက်လာသော မသုဓမ္မဝတီကလေးသည်ပင် ပိဋကတ်ပညာရှင်အဖြစ်သို့ ရောက်ရှိရန်တစ်ဆင့်သာ ကျန်တော့သည်။ ၆–နှစ်ပတ် လုံးအပြင်းအထန်ကြိုးစားမှု၊ ဉာဏ်ရည်ထက်မြက်မှုတို့ကြောင့်လည်း ပထမကြီးတန်း အောင်မြင်သည်ထိ မြင့်မားသော စာပေအဆင့်အတန်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ မိခင်ခေမာရာမ စာသင်တိုက်ကြီး၏ ဂုဏ်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်သည်ထက်မြင့်အောင် ဖန်ဆောင်ခဲ့ပေပြီ။ ဤတွင် ခေမာရာမ၏ နာယကဆရာကြီး ဒေါ်ပညာစာရီက အတန်းမှန်မှန်မတက်နိုင်၊ စာမှန်မှန်မကျက်နိုင်သည်အထိ ကျောင်း၏ဝေယျာဝစ္စ ဆွမ်းကွမ်းကိစ္စတို့ကိုသာ အချိန်ပေးလုံးပမ်းနေသော ဆရာလေးမဂုဏဝတီအား "မဂုဏ... ဒီနှစ်မှာတော့ မနီပေါ(မသုဓမ္မဝတီ)နှင့်အတူ ဓမ္မာစရိယ(စာချတန်း)ဝင်ဖြေရမယ်၊ အတန်းလည်း မှန်မှန်တက်၊ စာလည်း မှန်မှန်ကျက်ဦး၊ ကျောင်းအလုပ်တွေကိုချည်း သိမ်းကျုံးပြီး လုပ်မနေနဲ့" ဟု အမိန့်ချပါလေတော့သည်။ ဝါသနာအရ ကျောင်းတော်ကြီး၏ ချက်ရေးပြုတ်ရေး၊ ဆွမ်းကွမ်းကိစ္စများကိုသာ အာရုံစိုက်နေသော မဂုဏဝတီမှာ သည်နှစ်မှာတော့ ဓမ္မစရိယစာမေးပွဲကြီးကို မလွဲမသွေဖြေဆိုရပေတော့မည်။ လွှဲရှောင်၍မရတော့ပေ။ ထို့ကြောင့်လည်း သင်တန်းများ မှန်မှန်တက်ဖြစ်အောင် ဂရုစိုက်ပါသည်။ စာလည်း မှန်မှန်ကျက်ဖြစ်အောင် ကြိုးစားပါသည်။ သို့သော်၊ မိမိကိုယ်တိုင်က ကျောင်းကိစ္စ၊ ကျောင်းအလုပ်များတွင်ဝင်မပါဘဲမနေနိုင်သဖြင့် နေ့ဘက်တွင် အနားမယူရလေတော့ ခန္ဓာကိုယ်က မခံနိုင်၊ ညဘက်စာကြည့်ရာတွင် မကြာခဏ အိပ်ငိုက်တတ်သည်ဖြစ်၍ မသုဓမ္မဝတီ (မနီပေါ)လေးက မကြာခဏသတိပေးရသည်။ အတန်းအတူတက် စာအတူ

ကျက်ပြီး ၁၂နှစ်လုံးလုံး အတူနေခဲ့ရသည်ဖြစ်၍ သူတို့နှစ်ဦးမှာ တပူးတွဲတွဲ ရှိနေသည်က များသည်။ တစ်စထက်တစ်စလည်း ပို၍ရင်းနှီးခင်မင်လာကြသည်။ တစ်ဦး၏စိတ်ဓာတ်နှင့် အလေ့စရိုက်ကို တစ်ဦးကအခြားသူများထက်ပို၍ သိနားလည်လာကြသည်။

## ၂။ ပြည်ပသာသနာပြုရန် အကြောင်းဖန်

မသုဓမ္မဝတီကလေးသည် မဂုဏဝတီ၏ ပင်ကိုယ်စရိုက်ဖြစ်သော စကားနည်းမှု၊ အေးဆေးမှု၊ တည်ကြည်မှု၊ အလုပ်နှင့်လက် မပြတ်လုပ်နေတတ်မှုတို့ကို ခေမာရာမတွင် ၁၂–နှစ်တာလုံး နေ့စဉ် တွေ့မြင်နေရသည့်အတွက် မဂုဏဝတီအား လေးစားသည်။ မိမိထက် အသက်–၁၀နှစ် ကြီးသည့်အတွက်လည်း အစ်မကြီးတစ်ဦးပမာ ခင်မင်အားကိုးသည်။ မဂုဏဝတီ၏ ဉာဏ်ရည်ကိုလည်း ယုံကြည်သည်။ ထိုအခါက မဟာယာနဗုဒ္ဓဘာသာ အင်အားကြီးနေသည့် နီပေါနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြုရာ၌ မသုဓမ္မဝတီသည် မိမိတစ်ဦးတည်းထက် အဖော်နှင့်ဆိုပါက ပို၍အားရှိမည်ဟု တွေးမိသည်။ ထို့ကြောင့် တစ်ညတွင် အတူစာကျက်နေရင်းမဂုဏဝတီအား "အစ်မ၊ ဒီနှစ်ဓမ္မာစရိယအောင်ပြီးရင် တပည့်တော်နဲ့အတူ နီပေါကိုလိုက်ခဲ့ပါလား၊ နီပေါမှာ တပည့်တော်တို့ အတူတွဲပြီး သာသနာပြုကြရအောင်နော်" ဟု မျှော်လင့်ခြင်းကြီးစွာဖြင့် ရုတ်တရက်ပြောလိုက်သည်။

မဂုဏဝတီသည် ခေမာရာမသို့မသုဓမ္မဝတီကလေး ရောက်လာစအခါကတည်းကပင် ခေမာရာမတစ်ကျောင်းလုံးတွင် တဟိုးဟိုးသတင်းကြီးနေသော သာသနာအပေါ်ထားရှိသည့် မသုဓမ္မကလေး၏စိတ်ဓာတ်နှင့်ခွဲသတ္တိကို လှိုက်လှိုက်လှဲလှဲ အားကျမိခဲ့ပြီးဖြစ်သည်။ "အော်၊ သူ့ခမျာလေးမှာ ရှင်တော်ဗုဒ္ဓရဲ့ဓမ္မစာပေတွေ သင်ယူအားထုတ်ဖို့ မြန်မာပြည်ကိုလာဖို့ရာ ခက်ခက်ခဲခဲ ကြိုးစားလိုက်ရတာ၊ စွန့်စားလိုက်ရတာ၊ ဆင်းရဲဒုက္ခအမျိုးမျိုးခံပြီး အင်မတန်ပင်ပန်းခံလိုက်ရတာ၊ ငါတို့မှာတော့ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး နေလိုလလို ထွန်းပြောင်နေတဲ့ မြန်မာပြည်ကြီးမှာ လူလာဖြစ်ရတာကံကောင်းလေစွ၊ အဖဗုဒ္ဓရဲ့သမီးတော်ဖြစ်ရတာလည်း ကံကောင်းလေစွ၊ ဒီဘဝလူဖြစ်ရကျိုးနပ်လေစွ" ဟုအခါခါတွေးပြီး မိမိကိုယ်မိမိရှင်ကြည်ပီတိအဖန်ဖန် ဖြစ်မိခဲ့ရသည်။ မဂုဏဝတီသည် "တစ်နေ့တွင်မိမိသည်လည်း ဗုဒ္ဓသာသနာတော်ကြီးအတွက် တစ်ဖက်တစ်လမ်းကြိုးပမ်းရဦးမည်။ အဖဗုဒ္ဓ၏ကျေးဇူးကို ဒီဘဝမှာ တတ်အားသမျှ ပေးဆပ်ရဦးမည်" ဟု စိတ်ထဲတွင် ခိုင်ခိုင်မြဲမြဲသန္နိဋ္ဌာန်ချထားခဲ့သူ တစ်ဦး

လည်းဖြစ်သည့်အလျောက် မသုဓမ္မဝတီလေး၏ လိုလိုလားလား ကမ်းလှမ်းလာသော ဖိတ်ခေါ်ချက်ကို ဝမ်းသာအားရ မဆိုင်းမတွ အဖြေပေးလိုက်တော့သည်။ မဂုဏဝတီထံမှ နီပေါသို့ လိုက်ခဲ့ပါမည်ဟူသော အဖြေရသည်နှင့်တစ်ပြိုင်နက် မသုဓမ္မဝတီကလေးမှာ ဝမ်းသာရွှင်မြူးကာ အပျော်ကြီး ပျော်သွားလေတော့သည်။

## ၃။ စောင့်၍ခေါ်ပြီ မသုဓမ္မဝတီ

ဓမ္မာစရိယစာမေးပွဲကြီးဖြေပြီးပါက နီပေါသို့ပြန်ရန်အတွက် မသုဓမ္မဝတီကလေးက ရှေးကထက် စာကြိုးစားသည်။ မဂုဏဝတီကလည်း အဖဘုရားရှင်ပွင့်တော်မူရာ နီပေါပြည်သို့လိုက်ပါပြီး သာသနာပြုရန် စိတ်သန်နေသည့်အတွက် ရှေးကထက်ပိုပြီး အထူးကြိုးစားသည်။ သို့သော်မဂုဏဝတီမှာ ကျောင်းဝေယျာဝစ္စကိစ္စများ မလုပ်ဆောင်ရလျှင် မနေတတ်သူဖြစ်သဖြင့် နေ့ဘက်အနားယူချိန်မရသည့်အတွက် ညစာကြည့်ချိန်တွင် အိပ်ငိုက်မြဲ အိပ်ငိုက်တတ်သည်။ မသုဓမ္မဝတီကလေးက သတိပေးလျှင်တော့ အတင်း ကြိုးစားပြီး စာကြည့်ရှာပါသည်။ သို့ဖြင့် ဓမ္မာစရိယစာမေးပွဲကြီး ဖြေချိန်ရောက်လာပြီး၊ နှစ်ဦးလုံးပင်ကောင်းစွာဖြေဆိုနိုင်ကြ၍ ဝမ်းသာနေကြသည်။ စာမေးပွဲကြီး ပြီးတော့ မသုဓမ္မဝတီကလေးက နီပေါပြန်ရန် အထုပ်အပိုးတပြင်ပြင်နှင့်၊ မဂုဏဝတီကိုလည်း "အစ်မလည်းအထုပ်အပိုးပြင်တော့လေ။ တပည့်တော်ကူပြီး ထုပ်ပိုးပေးရမလား" ဟုပင် လောဆော်နေသည်။ မဂုဏဝတီက "ဖြည်းဖြည်းပေါ့ မနီပေါလေးရယ်၊ သယ်စရာပြုစရာသိပ်ရှိတာမှမဟုတ်ဘဲ"ဟု သူ့ပင်ကိုယ်ထုံးစံအတိုင်း ခပ်အေးအေးပင် ပြန်ဖြေသည်။

သူတို့နှစ်ဦးမှာ အောင်စာရင်းမြန်မြန်ထွက်ပါတော့ဟုသာ စိတ်တွင်းမှဆုတောင်းနေမိကြသည်။ ၁၉၆၂–ခု ဓမ္မာစရိယအောင်စာရင်း ထွက်လာပါပြီ။ မသုဓမ္မဝတီက အောင်ပြီး၊ မဂုဏဝတီကအောင်စာရင်းမှာ မပါလာ။ အမှတ်မေးကြည့်သည့်အခါ မချင့်မရဲဖြစ်စရာကောင်းလှပါဘိတော့၊ မဂုဏဝတီမှာ အမှတ်တစ်မှတ်တည်း လိုနေသည့်အတွက်ကြောင့် စာမေးပွဲကျရခြင်းဖြစ်သည်။ သည်တော့ မသုဓမ္မဝတီအား မဂုဏဝတီက "မဓမ္မလေး နီပေါကိုအရင်ပြန်နှင့်ပါ၊ နီပေါကဘဲ အစ်မကို စောင့်ပါ။ နောင်နှစ်မှာ ဓမ္မာစရိယစာမေးပွဲပြန်ဖြေပြီး အောင်စာရင်းထွက်ထွက်ချင်း နီပေါကို အစ်မ လိုက်ခဲ့ပါမည်"ဟုဆိုသည်။ "စိတ်ချ၊ အစ်မဆက်ဆက်လိုက်လာခဲ့မှာပါ စိတ်မပူနဲ့" ဟုလည်း ထပ်ပြီးကတိပေးလိုက်သေးသည်။ ဤသို့ပြောသည်ကို မသုဓမ္မဝတီလေးက လက်မခံပါ၊ မဂုဏဝတီအား "အစ်မ၊ အားမငယ်နှင့်၊ နောင်နှစ်မှာ အစ်မ ကျိန်းသေအောင်မှာပါ။

တပည့်တော် နီပေါကို မပြန်သေးဘူး၊ ဒီကနေပြီးတော့ဘဲ အစ်မကို စောင့်နေပါမယ်။ တစ်နှစ်ဆိုတာ ဘာမှမကြာပါဘူး၊ အစ်မမပါရင် တပည့်တော် နီပေါမပြန်ဘူး၊ အစ်မနဲ့မှပဲ အတူတူပြန်ကြမယ်"ဟု မသုဓမ္မဝတီလေးက မရမကခွတ်ပြောသည်။ မသုဓမ္မဝတီက သူ၏ညာဉ်အတိုင်း ဘူးဆိုဖရုံမသီးသည့်သူ၊ ဘယ်လိုပြောရှုမ့မရ၊ ခေါင်းကိုသာ တွင်တွင်ခါရင်း ငြင်းနေသည်ဆိုတော့လည်း မဂုဏဝတီကဆက်မပြောတော့၊ အလျှော့ပေးလိုက်ရတော့သည်။

## ၄။ ထူးထူးကဲကဲ ဂုဏ်ပြုပွဲ

ခေမာရာမသီလရှင်စာသင်တိုက်ကြီး၏ သမီးများဖြစ်ကြသော သီလရှင် ဆရာလေး မဂုဏဝတီနှင့် မသုဓမ္မဝတီ(မနီပေါ)နှစ်ပါးတို့သည် နီပေါပြည်သို့ထွက်ခွာရန် အဆင်သင့်ဖြစ်နေကြလေပြီ။ သူတို့မထွက်ခွာမီ ခေမာရာမ စာသင်တိုက်ကြီးတွင် ဂုဏ်ပြုနှုတ်ဆက်သဘင်ကြီးကို ထူးထူးကဲကဲတခမ်းတနားကျင်းပခဲ့သည်။ ထိုဂုဏ်ပြုပွဲသဘင်ကြီးအကြောင်းကို ဆရာကြီးရဝေထွန်းက မသုဓမ္မဝတီအကြောင်းရေးသားသော သူ၏ သမီးချစ်စာအုပ်တွင် အောက်ပါအတိုင်းတင်ပြထားသည်။

"မြန်မာသက္ကရာဇ် ၁၃၂၅ခုနှစ်၊ ဝါခေါင်လပြည့် ၁၉၆၃ခု ဩဂုတ်လ ၄ရက် တနင်္ဂနွေနေ့၊ မော်လမြိုင်မြို့ ခေမာရာမသီလရှင်စာသင်တိုက်ကြီးတွင် ထူးခြားသော ဂုဏ်ပြုပွဲတစ်ပွဲကျင်းပ၏။ ထိုဂုဏ်ပြုပွဲကား မြန်မာနိုင်ငံမှ နီပေါပြည်သို့သွားရောက်သာသနာပြုကြမည့် ခေမာရာမသမီးတော်များအား ခေမာရာမ နာယကဆရာကြီးအမှူးပြုသည့် ခေမာရာမသီလရှင်များ၊ ရွှေမြိုင်သူ၊ ရွှေမြိုင်သား၊ ဒါယကာ ဒါယိကာမများက ခေမာရာမဓမ္မာစရိယ သမီးတော်မနီပေါခေါ် မသုဓမ္မဝတီနှင့် မြန်မာသီလရှင် (မုဒုံသူ) မဂုဏဝတီတို့အား ဂုဏ်ပြုချီးကျူး ထူးထူးခြားခြား နှုတ်ဆက်ကြသော ပွဲသဘင်ပင် ဖြစ်သည်။"[၁]

## ၅။ ကြိုဆိုညှော်ခံ ပို့ဆောင်ပြန်

ဂုဏ်ပြုခံ မသုဓမ္မဝတီနှင့် မဂုဏဝတီတို့သည် ဩဂုတ်လ ၁၁–ရက်နေ့တွင် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မီးရထားဖြင့် ထွက်ခွာခဲ့ကြသည်။ ရန်ကုန်ရှိ ဗုဒ္ဓ

၁။ ရဝေထွန်း၊ သမီးချစ် စာ–၁၉၉

သာသနာအဖွဲ့ (ယခုသာသနာရေးဦးစီး) လူကြီးများနှင့် ဒကာရင်း မသုဓမ္မဝတီတို့သည် ရန်ကုန်လေဆိပ်မှ ထွက်ခွာခဲ့သောနေ့ကား ၁၉၆၃–ခု၊ စက်တင်ဘာလ ၅–ရက်နေ့ပင် ဖြစ်ပေသည်။ ထိုနေ့တွင် မင်္ဂလာဒုံလေဆိပ်သို့ မော်လမြိုင်ခေမာရာမစာသင်တိုက်မှ သီလရှင်အချို့နှင့် မင်းကြီး ဦးစံလွင်မိသားစု၊ ဦးတင်အေးမိသားစု၊ စိန်ဘရားသား မိသားစု၊ စိန်ရတနာမိသားစုစသည်တို့နှင့် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့မှ တာဝန်ရှိသူ များသိုက်သိုက်ဝန်းဝန်း လိုက်ပါပို့ဆောင်ကြသည်။ သတင်းစာတိုက်မှ သတင်းထောက် များလည်းပါရှိ၍ သတင်းဓာတ်ပုံများရိုက်ကြသည်။ (နောက်နေ့ထုတ်ကြေးမုံ သတင်း စာတွင် ဓာတ်ပုံနှင့်သတင်းပါရှိခဲ့လေသည်။)

### ၆။ ကာလကတ္တား တစ်ထောက်နား

ထိုအချိန်က ဂျက်လေယာဉ်မပေါ်သေး၍ ဖော်ကာလေယာဉ်ငယ်ကလေးဖြင့် ကာလ ကတ္တားလေဆိပ်သို့ ၃နာရီခန့် ဆက်လက်စီးကြရသည်။ အိန္ဒိယပြည် ကာလ ကတ္တားလေဆိပ်သို့ရောက်သောအခါ နီပေါသူဌေးကြီး၏ ကိုယ်စားလှယ်တစ်ဦးက လေဆိပ်တွင်စောင့်ကြိုနေသည်။

ကာလကတ္တားမြို့တော်၌ နေဝါရီလူမျိုး နာမည်ကြီးသူဌေးကြီး မဏိဟရဇဇောတိ နှင့် သူဌေးကတော် ဒေါ်ကေသရီတို့အိမ်တွင် ၂–ရက်၊ ၃–ရက်ခန့် တည်းခိုနားနေကြ ပြီးနောက် ကာလကတ္တားမြို့ရှိ ကြည့်ရှုလေ့လာစရာနေရာများကို လေ့လာကြသည်။ သူဌေးကတော်ကြီး၏ တိုက်တွန်းချက်အရ ဗုဒ္ဓဂါယာဘုရားနှင့် ဗာရာဏသီ မိဂဒါဝုန် ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြရန် သီလရှင်နှစ်ပါးအား သူဌေးကြီးက နဝကမ္မ ဝတ္ထုငွေများ ပေးလှူလိုက်သည်။

### ၇။ မမေ့နိုင်သပ မြတ်ဒါန

ထိုအချိန်တွင် ဗုဒ္ဓဂါယာနှင့် မိဂဒါဝုန်တို့တွင် မြန်မာဘုရားဖူးများ အသွားအလာ ပြတ်လပ်နေသည့်အချိန်ဖြစ်၍ ထိုနှစ်ဌာနတွင်သီတင်းသုံးနေကြသော မြန်မာဘုန်းတော် ကြီးများမှာ မြန်မာအစားအစာများကို မဘုဉ်းပေးရသည်မှာ ကြာပြီဖြစ်သည်။ ထို့အတွက် အချက်အပြုတ်ဝါသနာပါသော ဒေါ်ဂုဏဝတီက ဆရာတော်များအား မြန်မာအစား အစာ၊ မြန်မာဟင်းလျာများကို ချက်ခြင်းပင် စီစဉ်ချက်ပြုတ်ပြီး ဆက်ကပ်ခဲ့ကြသည်။ ဆရာတော်များမှာလည်း အလွန်ပင် ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် ဝမ်းပန်းတသာ

သာစုအနုမောဒနာပြုကြသည်။ မရှိရှားပါးသော အချိန်အခါတွင် အလှူပြုရသဖြင့် ထိုအလှူမှာဒေါ်ဂုဏဝတီအတွက် ယနေ့တိုင်မမေ့နိုင်သော ကောင်းမှုဒါနအဖြစ် ရင်ထဲတွင် အမှတ်ထင်ထင်စွဲငြိနေသည်။

## ၈။ ကိုယ်စားအပ်ပြီ အမိဆီ

ထိုအချိန်တွင် သမီးချစ် ဒေါ်သုဓမ္မဝတီကို မြန်မာပြည်သို့ လိုက်ပို့ပေးသော ဆရာတော်ဦးဓမ္မာဝုဓမှာ သီတင်းသုံးရာ ဗာရာဏသီရှိ ဆန်ဆကရစ်ယူနီဗာစီတီ (သက္ကတဘာသာတက္ကသိုလ်)တွင် စာသင်နေသောအချိန် ဖြစ်သည်။ ထိုအရှင်မြတ်ထံ သွားရောက်ကန်တော့ပြီး ဂါရဝပြုနှုတ်ဆက်ကြသည်။ ဆရာတော်ကလည်း မိဂဒါဝုန် ဗုဒ္ဓဂယာ စသည့်ဘုရားဌာနများသို့ ဘုရားဖူးလိုက်ပို့ပေးသည်။ ဆရာတော်ထံတွင် နှစ်ရက်ခန့် နေထိုင်ပြီး ဆရာတော်ဦးဓမ္မာဝုဓကိုယ်တိုင် ကာလကတ္တားသို့ ပြန်လည်ပို့ဆောင်ပေးသည်။ ပြန်ခါနီးတွင် ဆရာတော်က ဒေါ်သုဓမ္မဝတီ၏ မိခင်ကြီးထံ စာတစ်စောင်ရေးပြီး ဒေါ်သုဓမ္မဝတီ၏ လက်ထဲသို့အပ်လိုက်သည်။ ဒေါ်သုဓမ္မဝတီ၏ မိခင်ကြီးထံရေးသည့်စာမှာ တစ်ချိန်ကဆရာတော် မြန်မာပြည်သို့ ခေါ်ဆောင်ပို့ပေးခဲ့သော ဒကာမကြီး၏သမီးကို ယခုဆရာတော်၏ကိုယ်စား မြန်မာသီလရှင် ဒေါ်ဂုဏဝတီက လိုက်ပို့ပေးလိုက်ကြောင်း ရေးထားသောစာ ဖြစ်သည်။

## ၉။ ဆိုက်ရောက်လေပြီ နီပေါပြည်

စက်တင်ဘာ ၁၉ ရက်တွင် ဖော်ကာလေယာဉ်ငယ်ဖြင့်ပင် သူတို့သည် ကာလကတ္တားမှ နီပေါသို့ ခရီးဆက်ခဲ့ကြသည်။ ၃ နာရီခန့် လေယာဉ်စီးပြီး ခတ္တမန္ဒူ လေဆိပ်သို့ ဆိုက်ရောက်ကြသည်။ နီပေါပြည် ကတ္တမန္ဒူလေဆိပ်၌ ဦးသုမင်္ဂလ၊ ဦးသုဒဿန စသော နီပေါဆရာတော်များ၊ မဟာပရိမတာပရိတ်ရျဆရာကြီး ကြီးမှူးသော သီလရှင်အဖွဲ့နှင့် ခတ္တမန္ဒူနှင့် မွေးရပ်မြေ ပါတန်(လလိတပူရ)မှ ဥပါသကာ၊ ဥပါသိကာများနှင့် မသုဓမ္မဝတီ၏သူငယ်ချင်း နီပေါသီလရှင် မမာဓဝီ၏ ကျောင်းသူကျောင်းသားများ၊ အသင်းအဖွဲ့များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မော်တော်ယာဉ် ၇စီးဖြင့် တခမ်းတနား ကြိုဆိုကြသည်။ မသုဓမ္မဝတီ၏မိခင်ကြီး ဒေါ်ဟေရထက္ကူနှင့် အစ်ကိုနှစ်ယောက် မောင်နှစ်ယောက်၊ ဆွေမျိုးသားချင်းများက လိုက်ပို့ကြသည်မှာ ကားကြီး ၄ စီးစာမျှ ရှိသည်။ ထို့နောက် သာသနာ့အလံများ စိုက်ထူထားသော ကား ၇ စီးသည်လေဆိပ်မှ ခတ္တမန္ဒူ

မြို့၏စည်ကားရာ လမ်းများမှဖြတ်၍ ကြီးကျယ်စည်ကားစွာ မွေးရပ်ဌာနေဖြစ်သော ပါတန်(လလိတပူရ)ရှိ မိဘနေအိမ်သို့ သွားရောက်ကြလေသည်။

၁၀။ တွေးမိပြန်လေ မချိပေ

ခတ္တမန္ဒူလေဆိပ်သို့ အရောက်တွင် မသုဓမ္မဝတီကတော့ မပြောတတ်၊ မဂုဏဝတီကတော့ အတိတ်က ဖြစ်ရပ်တစ်ခုကို ပြန်လည်သတိရမိသည်။ မသုဓမ္မဝတီ ယခင်တစ်ခေါက် နီပေါသို့ခေတ္တပြန်စဉ်က သူ့ဖခင်ကြီး ဦးဟရသမာနနှင့် သားနှစ်ယောက်က ခတ္တမန္ဒူလေဆိပ်တွင် သူ့ကို လာရောက်ကြိုဆိုနေကြောင်း ခေမာရာမသို့ ပြန်အရောက်တွင် မဂုဏဝတီအား ဝမ်းသာအားရပြန်လည် ပြောပြခဲ့သည်ကို သတိရမိပြီး စိတ်မကောင်းခြင်းကြီးစွာဖြစ်မိရသည်။ မဂုဏဝတီ၏စိတ်တွင် "ငါ့ကိုစောင့်နေရလို့သာ သူ့ခမျာ ဖခင်ကြီးနှင့် မတွေ့ရရှာလေခြင်း" ဟု တွေးပြီး စိတ်တွင်မချိတင်ကဲ ဖြစ်ရသည်။

၁၁။ သာသနာပြုမြေ ဖွေရှာပေ

သီလရှင်ဆရာလေးနှစ်ပါးကို ရှေးဦးစွာ ဒေါ်သုဓမ္မဝတီ၏ မိဘများနေအိမ်သို့ ကြိုဆိုသွားကြသည်။ မိဘအိမ်တွင် တစ်လခန့်အနားယူနေထိုင်ကြသည်။ ထို့နောက် ဒေါ်သုဓမ္မဝတီသည် မိမိတို့ အမြဲတမ်းအခြေချကာ သာသနာပြုရမည့် အသင့်လျော်ဆုံးနေရာမှာ ခတ္တမန္ဒူနေပြည်တော်ဖြစ်သည်ကို စဉ်းစားမိသည်။ ထို့ကြောင့် မိဘဆွေမျိုး၊ ဒါယကာ ဒါယကာမများ၊ မြန်မာပြည်တွင် သီတင်းသုံးနေထိုင်ခဲ့ဖူးသော နီပေါဆရာတော် ဦးသုမင်္ဂလ(ဘဲ့စ်ခရစ်ရှနာ)တို့နှင့်တိုင်ပင်ကာ ၁၉၆၃ ခု၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ခတ္တမန္ဒူမြို့တော်ရှိမဟာယာန ဗုဒ္ဓဘာသာဝင်ဖြစ်သော သကျသာကီဝင်မျိုးနွယ်အိမ်တစ်အိမ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ထိုအိမ်မှနေ၍ ကျောင်းဇရပ်ဆောက်လုပ်နိုင်မည့် သင့်လျော်သောမြေနေရာကို စုံစမ်းရှာဖွေကြလေသည်။

၁၂။ ဓမ္မကီတ္တိ ကျောင်းဆောက်ဘိ

မသုဓမ္မဝတီသည် ခတ္တမန္ဒူတွင် ကျောင်းဆောက်ရန်နေရာကို စုံစမ်းရှာဖွေနေခဲ့ကြရာ ထိုစဉ်အခါက ယခုဓမ္မကီတ္တိကျောင်းနေရာမှာ သစ်ပင်ကြီးသုံးပင်အုပ်ဆိုင်းနေပြီး ခြုံနွယ်များ ယှက်သန်းနေသည်။ တောအတိဖြစ်နေသော ထိုမြေနေရာကိုတွေ့ရှိခဲ့ကြပြီး အများသဘောကျသည့်အတွက် ဝယ်ယူရန် ဆုံးဖြတ်လိုက်ကြသည်။ ဒေါ်သုဓမ္မဝတီ၏

ဖခင်ကြီး ဦးဟရသမာန မကွယ်လွန်မီကပင် နီပေါသို့ မသုဓမ္မဝတီပြန်ရောက်လျှင် ကျောင်းဆောက်ရန် မြေဝယ်ပေးဖို့ မှာကြားသွားခဲ့သည့်အတိုင်း ဒေါ်သုဓမ္မဝတီ၏ မိခင်ကြီးနှင့် အစ်ကိုကြီးတို့က မြေဝယ်ရန် နီပေါငွေ ရူပီ (၃၀၀၀)သုံးထောင် ထုတ်ပေးသည်။ ယခုခေတ် ငွေတန်ဖိုးနှင့်ဆိုလျှင် ထိုထက် အဆများစွာပို၍ ထိုက်တန်ပေမည်။ ရူပီသုံးသိန်းမက တန်မည်ထင်သည်။ ဒါနလက္ခုမီတို့၏ ဆွေမျိုးတစ်စုတို့ကလည်း ထိုနေရာပေါ်တွင် တစ်ထပ်ကျောင်းတစ်ခုကို စတင်ဆောက်လုပ်ပေးသည်။ ထိုကျောင်းကိုဆောက်လုပ်ရာတွင် ထိုစဉ်အခါက အလုပ်သမားငှားရန် ခဲယဉ်းသည့်အတွက် ဒေါ်ဂုဏဝတီနှင့် ဒေါ်သုဓမ္မဝတီ သီလရှင်ဆရာလေး နှစ်ပါးသည် နေ့ဘက်တွင် အုတ်သယ်ခြင်း၊ မြေသယ်ခြင်း၊ သရိုးနယ်ခြင်းစသော အလုပ်တို့ကိုလုပ်အားပေး လုပ်ဆောင်ကြသည်မှာ အပြီးသတ်သည်အထိပင်ဖြစ်သည်။ ကျောင်းအမြန်ပြီးလိုဇောဖြင့် ဆရာလေးနှစ်ပါးမှာ မောရပန်းရမှန်းပင်မသိ၊ အင်တိုက်အားတိုက် တစ်နေကုန် လုပ်အားပေးကြသည်။ နေ့ဘက်တွင် ကျောင်းဆောက်ရန်အတွက် လုပ်အားပေးကြပြီး ညဘက်တွင် တရားဟောကြားရန် ထွက်ကြရသည်။

၁၉၆၅ခု မေလ၁၉ရက်နေ့တွင် ကျောင်းဆောက်လုပ်ပြီး၍ "ဓမ္မကိတ္တိဝိဟာရ"ဟု ကမ္ပည်းထိုးကာ ကျောင်းဖွင့်ပွဲကို တခမ်းတနားကျင်းပကြသည်။ ထိုကျောင်းတွင် နေ့စဉ် မနက်ပိုင်းမှစ၍ စာသင်စာပြကြ၊ တရားထိုင်ကြ၊ တရားစာပေဆွေးနွေးကြ၊ ဟောပြောကြ၊ ဆွမ်းကျွေးဆွမ်းကပ်ကြဖြင့် တစ်နေ့တခြား များပြားစည်ကားလာသည်။ ပထမတွင် ကလေးသုံးယောက်မှစပြီး ဗုဒ္ဓစာပေများကိုသင်ကြားပေးကြရာ တစ်စတစ်စ ပွားများလာကြ၍ အယောက် ၃၀၊ ၄၀ ထိပင် ဖြစ်လာသည်။ ၁၉၆၆–၆၇ ခုနှစ်မှစ၍ ၇၀၊ ၈၀ ဖြစ်လာပြီး ယခုသော် ၁၀၀ ကျော်၍ ကျောင်းပိတ်ရက်များတွင် ၁၅၀ ကျော်အထိ တက်ရောက်သင်ကြားလာကြသည်ကို တွေ့ရပေသည်။ ကလေးများအား ရှေးဦးစွာ တိရတနဝန္ဒနာခေါ် ဘုရားရှိခိုးကို အစသင်၍ ငါးပါးသီလ မင်္ဂလသုတ်ပရိတ်ကြီး ဓမ္မပဒ ဂါထာများနှင့် ယင်းတို့၏ အဓိပ္ပာယ်မှတ်သားဖွယ်များ၊ အဘိဓမ္မတ္ထသင်္ဂဟ (သင်္ဂြိုလ်) သရုပ်ခွဲနှင့် အဓိပ္ပာယ်များအပြင် ဂဏန်းသင်္ချာနှင့် နေဝါရီဘာသာ လက်ရေးစာများကိုပါ အချိန်ခွဲ၍ သင်ကြားပို့ချပေးရသည်။

ယခင်ခေတ်က ကျောင်းမထားနိုင်ကြသည့် တောင်သူလယ်သမားအချို့၏ သားသမီးများကိုလည်း သင်ပုန်းကြီးမှစ၍ ဗုဒ္ဓစာပေအချို့နှင့် ဂဏန်းသင်္ချာများပါ အတွက်၊ အဖတ်၊ အရေး (အသုံးလုံး) သင်ကြားပေးရပေသည်။ ကျောင်းပိတ်ရက်များ၌ အချို့

ကောလိပ်ကျောင်းသူများပါ လာရောက်သင်ကြားကြသဖြင့် ဓမ္မပဒနှင့် အဘိဓမ္မာ စာပေများကို သင်ကြားပေးပြီး စာမေးပွဲပြုလုပ်ပေးပြီး ဖြေကြားစေရ၏။ နေ့စဉ်အချိန်မှန် နံနက် ၆နာရီမှ ၈နာရီခွဲအထိ စာသင်ကြားပေးပြီး ဘုရားရှိခိုးစေရသည်။ ဦးစွာ ငါးပါးသီလခံယူစေ၍ ဂုဏ်တော်များကို ရွတ်ဆိုစေကာ ကဗျာစာပေ (မြန်မာရှစ်လုံးဘွဲ့ ဆန်ဆန်)များပါ ရွတ်ဆိုစေပါသည်။

၇ ရက်တစ်ပတ်အလှည့်ကျ ပါရမီ ၁၀ပါး၊ လုမ္ဗိနီသာမော အင်ကြင်းတော၊ သာသနာ့အလံတော်၊ ရတနာသုံးပါး ဂုဏ်တော်များ၊ ရာဟုလာအမွေတောင်းခန်း၊ အောင်ခြင်းရှစ်ပါး ဗုဒ္ဓတရားတော်ကို လာရောက်ကြည့်ရှုကြပါ ဆွေသဟာတို့စသည့် ကဗျာစာပေများပင်ဖြစ်ရာ သံနေသံထားဖြင့်ရွတ်ဆိုရ၍ ကလေးများ များစွာ စိတ်ဝင်စားလာကြလေသည်။

စနေနေ့တိုင်းတွင် ဗုဒ္ဓဝင်နှင့် ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုကြောင်းများကို ဟောပြောပေးခြင်း၊ ငါးပါးသီလ အကျိုးအပြစ်များကို အမေးအဖြေပြုလုပ်ပေးခြင်းတို့မှာ ကလေးများလွန်စွာစိတ်ဝင်စားကြသည်။ တစ်နှယ်ငင် တစ်စင်ပါစကားအတိုင်းပင် ကလေးများကိုအကြောင်းပြုပြီး ယင်းတို့၏ မိဘများ၊ မိသားစုများပါ တစ်စတစ်စ ပါဝင်လာကာ ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာကြပြီး ထေရဝါဒဗုဒ္ဓဘာသာဝင်ဦးရေ တိုးပွားလာခဲ့ပေသည်။

ယင်းကလေးများအား ကျောင်းကကျင်းပပေးသော မင်္ဂလာ၊ ဓမ္မပဒ၊ အဘိဓမ္မာ စာမေးပွဲနှင့် ထေရဝါဒဘိက္ခု မဟာသံဃအဖွဲ့မှ ကျင်းပပေးသော ဗုဒ္ဓပရိယတ္တိစာမေးပွဲများကို ဝင်ရောက်ဖြေဆိုစေပေသည်။ ကျောင်းပိတ်ရက်များတွင်လည်း ဗုဒ္ဓဓမ္မဆိုင်ရာ မေးဖြေပြိုင်ပွဲများကိုပါ ကျင်းပပေးပြီးလျှင် ပထမ၊ ဒုတိယ ရရှိသည့်သူများအား ခဲတံ ဗလာစာအုပ်စသည့်ဆုများကို ချီးမြှင့်ပေးလေသည်။

အပတ်စဉ်တရားနာကြားရန် လာရောက်ကြသည့်ပရိတ်သတ်မှာ တစ်စတစ်စ များပြားလာကြသည်။ သဒ္ဓါတရားလည်းကိုးပွားလာကြကာ ဒါနပြုမှု၊ သီလ ဆောက်တည်မှု စသည်များကိုလည်း ဝါသနာပါလာခဲ့ကြသည်။ အချို့အမျိုးသမီးများမှာ ရဟန်းသံဃာတော်များနှင့် သီလရှင်ဆရာလေးများကို ဆွမ်းကျွေးချင်သော သဒ္ဓါတရားများ ဖြစ်ပေါ်လာကြသည်။ ဆွမ်းချက်ရန်အတွက် ဝတ္ထုငွေ ကြိုတင်ပေးအပ်ထားကြရာ ဒေါ်ဂုဏဝတီက ဈေးဝယ်ပေးထားပြီး ချက်ပြုတ်လုပ်ကိုင်ရန် စီမံပေးရသည်။ ဆွမ်းစားချိန်ရောက်၍ ဆွမ်းလာကပ်ပါရန် ခေါ်လိုက်ရာ မည်သို့မည်ပုံဆွမ်းကပ်ရမည်ကို မသိ

သည့်အတွက် ဆွမ်းကပ်ပုံကပ်နည်းများကိုပါ ဒေါ်ဂုဏဝတီက သင်ကြားပေးရသည်။

ဓမ္မကိတ္တိဗုဒ္ဓပူဇနိယပွဲတွင်လည်း ဘုရားဝတ်တက်ပြီးပါက တရားဟောကြရသည်။ ဗုဒ္ဓပူဇာပြီးသည်နှင့်တစ်ပြိုင်နက် ဒေါ်သုဓမ္မဝတီကပင် အများဆုံး တရားဟောကြားရသည်။ ဒေါ်သုဓမ္မဝတီ ခရီးထွက်သည့်အခါနှင့် ကျန်းမာရေးမကောင်းသည့်အခါများတွင် ဒေါ်ဂုဏဝတီက နေပါလီဘာသာဖြင့် ဟောကြားရသည်။ ရံဖန်ရံခါ အသုဘအိမ်များတွင်လည်း တရားဟောကြရသည်။

## ၁၃။ နားချိန်သင်ကြား ဘာသာစကား

နီပေါပြည်တွင် ကျောင်းသုံး ရုံးသုံးစကားမှာ နေပါလီ(နီပေါ)စကားဖြစ်သည်။ အပြင်တွင်လည်း နေပါလီစကားကိုသာ အပြောအဆိုများသည်။ ယခင်ကဆိုလျှင် ခတ္တမန္ဒူမြို့တွင်နေသူများမှာ နေပါလီလူမျိုးချည်းသာများသဖြင့် စကား စတင် သင်ယူစဉ် ကတည်းကပင် နေပါလီစကားကိုသာ စသင်ရသည်။ နေပါလီစကားမှာ အမေးစကားမှန်သမျှအဆုံးတွင် "လား"ပါသည်။ ပုံစံအားဖြင့် ကောင်းသလား မကောင်းဘူးလားဆိုပါက နေပါလီစကားဖြင့် ခေါ့လား၊ မခုလားဟုဖြစ်၍ မြန်မာစကားနှင့်အမေးစကားအဆုံးသတ်ချင်းတူပါသည်။ တားမြစ်သည့်နေရာ ပဋိသေဓစကားတွင်လည်း ပုံစံအားဖြင့် မကောင်းဘူး၊ မဟုတ်ဘူးဆိုပါက နေပါလီ စကားဖြင့် မဂျူ့..မခုဟု ရှေ့က မဟုတ်ကြိယာ ရှေ့ဆက်စကား'မ'ပါ၍ မြန်မာဘာသာစကားနှင့်တူသည်ကိုတွေ့ရသည်။ မြန်မာဝေါဟာရ မီးကို နေပါလီဘာသာစကားကလည်း မီးဟုပင် သုံးသည်။ အခြားတူသည့်စကားအများ ရှိပါသေးသည်။ နီပေါ၏ ရုပ်အဆင်းသွင်ပြင်ကလည်း မြန်မာနှင့် ခပ်ဆင်ဆင် တူပါသည်။

ဒေါ်ဂုဏဝတီသည် ပထမတွင် နီပေါစကားသင်စဉ် ကျောင်းသို့ သင်တန်းလာရောက်တက်သူကလေးများထံကပင် သင်ယူရသည်။ စကားအပြော မှားသွားပါက ကလေးများက တအားရယ်မောကြသည်။ တစ်ခွန်းစ နှစ်ခွန်းစ ပြောရင်းဆိုရင်းနှင့်ပင် နှစ်လသုံးလအတွင်းမှာ အတော်အတန်ပြောနိုင်ဆိုနိုင်လာသည်။ ခြောက်လလောက်တွင်မူ အတော်များများ ပြောဆိုလာနိုင်ပါသည်။ နောက်ပိုင်းအချိန်ရလျှင်ရသလောက် သင်တန်းနားချိန်များတွင် နေပါလီဘာသာစကားများကို လေ့လာသင်ယူခဲ့ရာ နှစ်ချို၍ကြာလာသည့်အခါ ရေရေလည်လည် ပြောဆိုရေးသားနိုင်သည်အထိ ကျွမ်းကျင်လာခဲ့သည်။

## ၁၄။ တူယှဉ်မကွာ ပြုကြသာသနာ

ပထမဆုံး မဟာယာနဗုဒ္ဓဘာသာဝင်ဖြစ်သော သကျသာကီဝင်အိမ်တွင် ၅လခွဲခန့် နေထိုင်ကြစဉ်အတွင်း၊ ဒေါ်သုဓမ္မဝတီ၏ဆွေမျိုးတော်သူ ဦးပဥ္စင်းတစ်ပါးက ဆရာလေးနှစ်ပါးမှာ ဓမ္မာစရိယတန်းအောင်ပြီးဖြစ်သည့်အတွက် ရပ်ကွက်တွင်းသို့ဆင်း၍ တရားဟောကြားပေးရန် မိန့်ကြားလာသည်။ ရှေးဦးစွာ ခတ္တမန္ဒူမြို့၊ ရွှေဖရုံ ရပ်ကွက်တွင် ၇ ရက်ခန့် ညဘက်၌ တရားဟောကြရသည်။ ဒေါ်ဂုဏဝတီက မြန်မာဘာသာဖြင့် ပထမ ဟောကြားပြီးနောက် ဒေါ်သုဓမ္မဝတီက နေဝါရီဘာသာဖြင့် ပြန်ပြီး ဟောကြားပါသည်။ တစ်ခါတစ်ရံ ဒေါ်ဂုဏဝတီဟောပြောနေခိုက်တွင် ဒေါ်သုဓမ္မဝတီမှာ အိပ်ငိုက်၍ပင်နေပေသည်။ သို့သော် ဟောနေကျတရားဖြစ်သဖြင့် အဆက်အစပ်ချိတ်ဆက်မိအောင် ဟောပြောနိုင်ခဲ့သည်။ ထို သကျသာကီဝင်အိမ်တွင် နေစဉ်မှာပင် ဆရာတော်ဦးသုမင်္ဂလ စုဆောင်းပေးထားသော ကလေးသူငယ် ၅၀ကျော်တို့အား မနက်ပိုင်းတွင် မင်္ဂလသုတ် ဓမ္မပဒစသော အခြေခံဗုဒ္ဓဘာသာစာပေများကို မဂုဏဝတီနှင့် မသုဓမ္မဝတီတို့ နှစ်ဦးအတူ သင်ကြားပေးကြသည်။

သီလရှင်များ တရားဟောသည်ကို မမြင်ဖူးမကြားဖူးကြ၍ တရားနာပရိတ်သတ်များမှာ တစ်နေ့ထက်တစ်နေ့ များပြားလာသည်။ ပထမရပ်ကွက်မှာ တရားပွဲ၇ရက်ပြီးဆုံးသွားလျှင် နောက် တစ်ခြားရပ်ကွက်တစ်ခုသို့ ပြောင်းရွှေ့ဟောပြောရပြန်သည်။ တစ်လလျှင်၇ ရက်၊ ၁၅ ရက်ခန့် ညဘက်တွင် တရားဟောထွက်ရသည်။ နှစ်လခန့် ဟောကြားပြီးနောက် ပထမနေသော သကျသာကီဝင်အိမ်မှ သကျမျိုးနွယ်နှင့်နီးစပ်သော ဥဒါသီလူမျိုး ကုန်သည်မှဆိုးမ ဒါနလက္ခမီဆိုသည့် ဒကာမကြီးက လာရောက်ပြီး ကျောင်းဆောက်၍မပြီးမချင်း သူ၏အိမ်ကို ကျောင်းအမှတ်ဖြင့် သဘောထားပြီး နေထိုင်ကြပါရန် ဖိတ်ကြားလာသည့်အတွက် ထိုအိမ်သို့ ပြောင်းရွှေ့နေထိုင်ကြပြန်ပါသည်။ အိမ်ကလည်းကျယ်၊ ရေချိုးခန်း ရေအိမ်တို့ကလည်း သီးသီးသန့်သန့် သန့်ရှင်းသဖြင့် ထိုအိမ်တွင်နေရသည်မှာ သက်သောင့်သက်သာရှိလှပါသည်။

ထိုဒါနလက္ခမီဒကာမကြီးသည် နေ့စဉ်နံနက်(၄)နာရီတွင် အိပ်ရာထကာ သက်သတ်လွတ်ဖြစ်သော်ငြား ဆီ၊ ထောပတ်တို့ဖြင့်ချက်ထားသော ဂျုံမုန့်၊ ချာပါတီ၊ အာလူးဟင်းတို့နှင့် ကျွေးမွေးဒါနပြုသည်။ နေ့စဉ် နံနက်စာမှာ ထမင်းအစား ဂျုံမုန့်ပင် ဖြစ်သည်။ လအတန်ကြာသော် မဂုဏဝတီသည် နံနက်စာကို ထမင်းမစားရလည်း နေနိုင်သွားပါသည်။

## ၁၅။ ဟောပြောစာသင် မနားအစဉ်

မဂုဏဝတီတို့သည် ကျောင်းအဆောက်အဦး မပြီးမချင်း တစ်နှစ်တာမျှ ထို ဒကာမကြီး ဒါနလက္ခမီအိမ်တွင် နေခဲ့ကြရသည်။ ဒေါ်လက္ခမီကလည်း စေတနာ သဒ္ဓါ တရားများ တိုးတက်လာပြီး သူ့အိမ်မှာလည်း တရားပွဲများ ကျင်းပပါသည်။ အမျိုး သမီးကြီးများ တရားနာလာကြသည်မှာ အိမ်လုံးပြည့်ပင် ဖြစ်သည်။ ထိုအချိန်မှာဆိုလျှင် သမီးချစ်ဒေါ်သုဓမ္မဝတီကလည်း ဟောရဲပြောရဲအဟောကောင်းသူ ဖြစ်သွားသည့် အတွက် ဒေါ်ဂုဏဝတီက ဒေါ်သုဓမ္မဝတီကို ကိုယ်တိုင်ကိုယ်ပိုင်ဘဲ ဟောကြားပေတော့ ဟု လွှတ်ပေးလိုက်သည်။ တစ်ဦးတည်းဟောသည့် အခါတွင် တရားစကားက တစ်စပ် နှင့်တစ်စပ် ချိတ်ဆက်သွားသည့်အတွက် ပျင်းစရာမရှိဖြစ်သွားသည်။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာကြာလာသည့်အခါ ဒေါ်သုဓမ္မဝတီမှာသီလရှင်များထဲတွင် ဓမ္မကထိက အကျော်အမော်တစ်ဦး ဖြစ်သွားခဲ့သည်။ နီပေါပြည်တွင် တရားဟောရသည် မှာ အသံနေအသံထားနှင့်မဟုတ်ဘဲ အပြောတရားဖြစ်သည့်အတွက် လူတိုင်းပင် နား လည်သဘောပေါက်ကြသည်။ ရှေးဦးစွာ ကံသုံးပါးအကြောင်းနှင့် သုစရိုက်(၁၀)ပါး၊ ပါရမီ(၁၀)ပါး၊ ငါးပါးသီလအကြောင်းစသည်တို့ကို အကြောင်းနှင့်အကျိုး ကွဲပြား ခြားနားအောင် ဟောကြားရသည်။ ထိုအချိန်မှာ စာအုပ်မရိုက်နိုင်သေး၍ လက်ရေးဖြင့် ပင် ရေးပြီး ကျက်မှတ်ခိုင်းရသည်။ ဒေါ်ဂုဏဝတီမှာ ထိုအချိန်တွင် နေဝါရီစကားနှင့် စာများကို ကောင်းကောင်းကြီးပြောတတ်၊ ဆိုတတ်၊ ရေးတတ်၊ ဖတ်တတ်နေပြီဖြစ်သည့် အတွက် ကလေးငယ်များကို သင်ကြားပို့ချရာတွင် ကူညီပြီးရေးသားပေးရသည်။

## ၁၆။ လိုက်လျောညီထွေ ကျင့်ဆောင်ပေ

ခတ္တမန္ဒူသို့ပြောင်းရွှေ့ကာစ မဂုဏဝတီတို့ပထမဆုံးတည်းခိုနေထိုင်ခဲ့ရသော မဟာယာနဗုဒ္ဓဘာသာဝင်အိမ်ကြီးမှာ ရှေးဟောင်း အိမ်အိုအိမ်ဟောင်းကြီးဖြစ်၍၊ ရေအိမ်က အောက်ထပ်မှာရှိသည်။ ရေလောင်းရသည့် ရေအိမ်လည်းမဟုတ်သည့် အတွက် ရေအိမ်တစ်ခါဝင်ပြီးထွက်လာပါက အဝတ်မှာ အနံ့များစွဲပြီး နံစော်နေသဖြင့် နေ့စဉ် ရေအိမ်တစ်ခါဝင်ပြီးသည့်အခါတိုင်း အဝတ်တစ်ခါလဲခဲ့ရသည်။ အသန့်အပြန့် အလွန်ကြိုက်သူ မဂုဏဝတီမှာ နီပေါသို့ရောက်ခါစတွင် ကြုံတွေ့ရသော ထိုအဖြစ်ကို မြတ်ဗုဒ္ဓ၏သမီးတော်ပီပီ ဖြစ်ပျက်သဘော၊ အနိစ္စလက္ခဏာ သဘောရှုမှတ်ကာဖြင့် တရားနှလုံးသွင်းပြီးနေခဲ့သည်။ မိမိစိတ်မှာမသက်မသာဖြစ်မှုကို အတူနေသူ သီတင်း

သုံးဖော် မသုဓမ္မဝတီပင် လုံးဝမရိပ်မိစေရအောင် အစစအရာရာလိုက်လျောညီထွေ အဆင်ပြေအောင်နေခဲ့သည်။ သူတို့နှစ်ဦး၏ အဓိကရည်မှန်းချက်ကြီးဖြစ်သော မြတ်ဗုဒ္ဓ၏ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ပြန့်ပွားရေးအတွက်သာ နှစ်ယောက်သား စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး နေ့စဉ်နှင့်အမျှသူတို့၏ဘဝကို သာသနာတော်အတွက် အပ်နှံကာ သာသနာရေးကိစ္စများ ဆောင်ရွက်ခြင်းဖြင့်သာ အချိန်ကုန်စေခဲ့ကြသည်။

ရှေးအစဉ်အဆက် သကျသာကီဝင်မျိုးနွယ်များသည် မိမိတို့၏ ဇာတ်အမျိုးအနွယ်များကို အလွန်အယူသီး သူများဖြစ်ကြသည်။ ဆရာလေး မဂုဏဝတီတို့ ပထမဆုံး တည်းခိုနေထိုင်ခဲ့သည့် ထိုအိမ်မှ အဖွားသည်လည်း အလွန် အယူသီးသူဖြစ်သည်။ သားနှင့်ချွေးမများမှာကား ထေရဝါဒဗုဒ္ဓါဘာသာဘုန်းကြီးကျောင်းများသို့ ရံဖန်ရံခါ သွားရောက်နေကြသည့်အတွက် များစွာအယူမသီးကြတော့ပေ။ မိခင်ကြီးက သူတို့၏ ချက်ပြုတ်စားသောက်ခန်း၊ မီးဖိုခန်းထဲသို့ ဇာတ်မတူသူ၊ ဇာတ်ပျက်သူများကို အဝင်မခံပါ။ ဘုန်းကြီးနှင့်သီလရှင်များမှာ သာကီဝင်ဇာတ်ဖြစ်သော်လည်း ဇာတ်မြင့်၊ ဇာတ်နိမ့် စသည့် အိမ်မရွေးကျွေးသောဆွမ်းများကို သွားရောက် စားသုံးခဲ့သည့်အတွက် သူတို့လည်း ဇာတ်နိမ့်စာရင်းထဲပါဝင်သွားပြီဟု ဆိုသည်။ အယူအဆကွာခြားနေသည့်အတွက် ကိုယ်တိုင်ချက်ပြုတ် စားသောက်ခွင့်မရခဲ့ကြပေ။ သားများနှင့်ချွေးမများမှာမူကား မိခင်ကြီး၏ သဘောကိုမလွန်ဆန်နိုင်သောကြောင့် ငြိမ်၍သာနေကြသည်။ ယခုအချိန်တွင်မူ ခေတ်လူငယ်ပိုင်းတို့မှာ ဇာတ်အယူကို အလွန်အကျွံမယူကြတော့ပေ။ သို့သော်လည်း အမျိုးဇာတ်တို့မှာကား သူ့ဇာတ်နှင့်သူရှိနေကြမြဲဖြစ်သည်ကို တွေ့ရသည်။

ထိုမဟာယာနသကျသာကီဝင်အိမ်တွင်နေစဉ် နံနက်စာကိုအတူနေကြသူ ဆရာလေး ဒေါ်သီရိနှင့် ဒေါ်သုဓမ္မဝတီတို့က မိမိတို့စားနေကျ ဆန်မှုန့်ဆန်းကိုသာ စားကြသော်လည်း မဂုဏဝတီအဖို့မှာကား စားနေကျမဟုတ်သည့်အတွက် ပထမတွင်မစားနိုင်ခဲ့ပေ။ ထိုအိမ်မှအဖွား၏သားငယ် ဒကာကြီးက မဂုဏဝတီအတွက် နေ့စဉ် ညဘက်တွင် မီးမှိန်မှိန်ထား၍ ဆန်ပြုတ်ပြုတ်ထားပေးရှာပါသည်။ သို့သော် ဆန်ပြုတ်ဝေမည်စိုး၍ အဖုံးမဖုံးဘဲထားသည့်အတွက် တစ်ညလုံး အိုးပေါ်လာပြီးနားကြသော ပိုးကောင် အကြီးအသေးများဆန်ပြုတ်အိုးထဲသို့ ပြုတ်ကျကုန်တော့သည်။ အိုးထဲတွင် အတောင်တစ်ခြား ခြေတံတစ်ခြားဖြစ်နေသော ပိုးကောင်များစွာကို မြင်နေရသဖြင့် ပထမတွင် မဂုဏဝတီမှာ ရွံသလိုလိုဖြစ်ပြီး မစားရဲမစားချင် ရင်ထဲမှာပျို့တက်ပြီး အန်ချင်သလိုလိုပင် ဖြစ်လာမိသည်။ မစားလည်းမပြီးသည့် ဝမ်းရေးအတွက်ကြောင့် ပိုးကောင် တောင်ပံနှင့် ခြေ

ချောင်းတို့ကိုဖယ်ရှားပြီး ကြိတ်မှိတ်စားလိုက်ရသည်။ နေ့စဉ်နေ့တိုင်း နံနက်စာကို ဤသို့သာ သုံးဆောင်နေရသော မဂုဏဝတီသည် အရှင်မဟာကဿပကိုယ်တော်ကြီးကိုသာ သတိရမိပြီး တရားသဘောဆင်ခြင်ကာ တရားရှုမှတ်၍သာ နေလိုက်တော့သည်။ ထိုအိမ်တွင်နေထိုင်စဉ် မဂုဏဝတီသည်ပါတန်မှ ဒေါ်ဉာဏသီလာနှင့်အတူ တြိစူလီရွာသို့ ၁ လခွဲခန့်သွားရောက်နေထိုင်ပြီး သာသနာပြုခဲ့ကြသည်။

## ၁၇။ မုန့်ညင်းအဆီ မွှေးလေပြီ

ထိုအချိန်က နီပေါတွင် မြေပဲဆီ၊ နေကြာဆီမပေါ်သေး၍ တစ်ပြည်လုံးလိုလိုပင် မုန့်ညင်းဆီကိုသာ သုံးကြရသည်။ နံနက်စာကို ဆန်မုန့်ဆန်းနှင့် မုန့်ညင်းဆီကိုသာ စားသုံးကြသည်။ မြန်မာလူမျိုး၏ နှာခေါင်းတွင် မုန့်ညင်းဆီအနံ့မှာ မခံသာပေ။ စားသုံးဖို့နေနေသာသာ လိမ်းကျံရ၊ ရှူရှိုက်ရသည်ကိုပင် အလွန်အနံ့ဆိုးသည်ဟု ယူဆကြသည်။ နီပေါသို့ရောက်ခါစ မဂုဏဝတီအဖို့ မိမိမနှစ်မြို့သော မုန့်ညင်းဆီကို နေ့စဉ်စားသုံးနေရသည်မှာ စိတ်မသက်သာလှပေ။ ကြိတ်မှိတ်ပြီး မနည်းမျိုချရသည်။ စားရင်းသောက်ရင်း မပျို့မအန်မိအောင်ပင် အတော်သတိထားနေရသည်။ တစ်နေ့တစ်ခြားအစားအသောက်ကလည်း လျော့နည်းလာသည်။

အင်္ဂလန်တွင် သီတင်းသုံးနေထိုင်ရင်း ပျံလွန်တော်မူသွားသည့် ဒေါက်တာဦးရေဝတ(Ph.D)မှာ ထိုစဉ်က ဗာရာဏသီတွင် ရှိနေသည်ဖြစ်၍ ဒေါ်ဂုဏဝတီထံ စာရေးလိုက်သည်မှာ 'မဂုဏ... မုန့်ညင်းဆီမွှေးလာပြီဆိုရင် နီပေါမှာ နေနိုင်ပြီလို့သာ မှတ်ပေတော့ အိန္ဒိယကိုရောက်လာတဲ့လူတွေဟာလည်း ကုလားအနံ့မွှေးလာပြီဆိုရင် အိန္ဒိယမှာ နေနိုင်သွားပြီလို့သာ မှတ်ပေတော့' ဟု စာရေးလိုက်သည်။ ဆရာတော်၏ စာတွင်ပါရှိသည့်အတိုင်းပင် နီပေါသို့ရောက်ခါစ တစ်လနှစ်လခန့်မှာ မဂုဏဝတီအဖို့ နီပေါအစားအစာ မစားနိုင်သေးပါ။ ရောက်ပြီး နှစ်လနောက်ပိုင်း ဗုဒ္ဓပူဇနိယပွဲ ကျင်းပသည့် ဒကာတစ်ဦး၏နေအိမ်တွင် ကြက်သွန်ဖြူမီးဖုတ်ကို ငရုတ်သီးမီးဖုတ်နှင့်ကြိတ်ကာ ဆားအနည်းငယ်ရောပြီး သံပုရာရည်ညှစ်ကာနယ်ထားသည့် ချပ်တနီးခေါ် အသုတ်(မြန်မာငါးပိသုတ်နှင့်တူသည်)ကို ထမင်းလုပ်တွင် မြုပ်ကာမြုပ်ကာ စားလိုက်တော့မှပင် နှစ်လလောက် အစာမစားနိုင်သည့်အတွက် လေခံပြီးပြည့်နေသောရင်မှာ လေထုလေခဲများ ပြိုကျသွားသလို ခံစားလိုက်ရတော့သည်။ ထိုနေ့မှစပြီး နီပေါအစားအစာကို စားနိုင်လာပါတော့သည်။ မုန့်ညင်းဆီအနံ့မှာလည်း ဆရာတော်ဦးရေဝတ မိန့်မှာလိုက်

သလိုပင် မုန့်ညင်းဆီအနံ့ရလျှင် နှာခေါင်းတွင် မွှေးကြိုင်နေပါသည်။ သည်တော့မှပင် ဆရာတော်ထံသို့လည်း 'တပည့်တော်မအဖို့ မုန့်ညင်းဆီအနံ့ မွှေးကြိုင်လာပါပြီဘုရား' ဟု စာရေးလျှောက်ထားလိုက်ရသည်။

လူတို့သည် အများအားဖြင့် မိမိနိုင်ငံရှိ စားနေကျအစားအစာများကိုသာ ကြိုက်နှစ်သက်တတ်ကြသည်မှာ သဘာဝပင်ဖြစ်မည်ထင်သည်။ နီပေါမှ စာလာသင်သော သီလရှင်ဆရာလေးများသည်လည်း မြန်မာပြည်သို့ ရောက်ခါစတွင် ငါးပိအနံ့ကို လုံးဝမခံနိုင်ကြ။ ငါးပိနံ့ရလျှင် နှာခေါင်းပိတ်ပြီး တံထွေးတဗျစ်ဗျစ်ဖြစ်နေတတ်ကြသည်။ နောက်တစ်နှစ်ခန့်ကြာလာတော့မှပင် ငါးပိအနံ့မွှေးလာတတ်ကြသည်။ တစ်နှစ်ကျော်ကြာလာသည့်အခါတွင်ကား ငါးပိအနံ့မှာ မွှေး၍ စားသောက်လာနိုင်ကြရုံမက ငါးပိကိုပင် ကြိုက်နှစ်သက်လာတတ်ကြပါလေတော့သည်။ ဆရာလေးမဂုဏဝတီသည် မြန်မာပြည် အောက်ရပ်ဒေသတွင် နေထိုင်ကြီးပြင်းခဲ့သူပီပီ မွန်၊ မြန်မာတို့ နှစ်သက်စွာ စားသုံးခဲ့ကြသော ငါးပိကို အလွန်ကြိုက်သည်။ ငါးပိမပါလျှင် ထမင်းမစားတတ်သလောက်ပင်။ သားငါးလည်း ကြိုက်တတ်သည်။

မဂုဏဝတီ နီပေါသို့လာခါနီးတွင် ခေမာရာမနာယက ဆရာကြီး ဒေါ်ပညာစာရီက မဂုဏဝတီအား မှာကြားလိုက်သော စကားတစ်ခွန်းကိုလည်း မဂုဏဝတီယနေ့တိုင်ကြားယောင်နေမိပါသေးသည်။ ဆရာကြီး ဒေါ်ပညာစာရီက "မဂုဏကတော့ ထမင်းစားတဲ့အခါ အသားကြိုက် ငါးကြိုက်တဲ့သူဖြစ်တယ်။ နီပေါမှာတော့ သက်သတ်လွတ်ပဲဟင်း၊ အာလူးဟင်းနဲ့ပဲစားရမယ်၊ အမိ စားနိုင်ရဲ့လား၊ နီပေါမှာ နေနိုင်ပါ့မလား"ဟု စိုးရိမ်မကင်းဖြစ်ကာ မှာကြားပါသည်။ ထိုအခါမဂုဏဝတီက "ဆရာကြီးဘုရား ... တပည့်တော် နီပေါမှာ မနေနိုင်ရင် ၆လ၊ နေနိုင်ရင် ၁နှစ် နေခဲ့ပါ့မယ်ဘုရား" ဟု ပြန်လည်လျှောက်ထားခဲ့ပါသည်။ ထိုသို့ လျှောက်ထားခဲ့သူက နီပေါတွင် ၂၁ နှစ် (ခရစ်နှစ် ၁၉၆၃–၁၉၈၄ ခု) ကြာသည်တွင်မှ မြန်မာပြည်သို့ အလည်တစ်ခေါက်သာ ခေတ္တမျှသာ ပြန်ရောက်ခဲ့ပြီး နီပေါမှာ တောက်လျှောက် ၃၁နှစ် ကြာခဲ့သည်။

## ၁၈။ အိပ်ဒိုက်လွန်းက ပေါင်ဆိတ်ရ

မဂုဏဝတီတို့ နီပေါသို့ရောက်ခါစ ဆွမ်းစားဖိတ်ကြားထားသည့်အိမ်သို့ သွားကြရသည့်အခါ နံနက် ၁၀ နာရီခွဲ ၁၁နာရီခန့်တွင် ဆွမ်းကပ်ပြီး ၁၂နာရီနှင့် ၁ နာရီအကြားတွင် သီလရှင်များမှာ ပရိတ်တရားတော်များ ရွတ်ဖတ်ဟောကြားရန် စောင့်ဆိုင်း

နေရသည်။ ဆွမ်းကျွေးသူများ စားသောက်ပြီးမှ သီလရှင်များရှေ့မှောက် တရားနာ ရောက်ကြသည်။ နေ့လယ်နေ့ခင်း ခေတ္တမျှ တစ်မှေးခန့်မှေးနေကျ မဂုဏဝတီမှာ ထိုင် ရင်းကပင် အိပ်ငိုက်နေသည်။ အိပ်ချင်စိတ်များနေ၍ ရွတ်ဖတ်ရင်း ခေါင်းငိုက်ကျသွား မည်စိုး၍ မိမိ၏ခြေသလုံးသား၊ ပေါင်သားများကို ဆွဲဆိတ်၊ ဆွဲလိမ်နေရသည်။ ထိုသို့ ဆွဲလိမ်ခိုက်မှာသာ တစ်ချက်မျှ မျက်လုံးပွင့်လာသည်။ မလိမ်ပြန်တော့ ငိုက်လာပြန် သည်။ ဆိတ်ရဖန်များလွန်း၍ အသားများပင် ကျိန်းစပ် နာကျင်ကာ ညိုမဲလာပါတော့ သည်။

အိပ်ချင်လျက်နှင့် မအိပ်ရခြင်းသည်လည်း ကြီးမားသောဆင်းရဲခြင်းတစ်ပါး ဖြစ်သည်။ မဂုဏဝတီသည် အစားဆင်းရဲသည်ထက် အအိပ်ဆင်းရဲက ပိုသည်ဟု ထင်မိ သည်။ မရှက်သုံးပါးထဲက တစ်ပါးကိုတော့ နေ့ဆွမ်းစားသွားသည့် နေရာတိုင်းမှာလိုပင် ရင်ဆိုင်နေရသည်။ တစ်ခါတစ်ရံ မျက်လုံးပွင့်လျက်သားနှင့်ပင် အိပ်ငိုက်နေမိသည်။ နှစ်များကြာလာသည့်အခါတွင် နေ့ခင်းမအိပ်တတ်သည့်အကျင့် အိပ်မငိုက်တတ်သည့် အကျင့်ရလာပါတော့သည်။

## ၁၉။ အတွေ့အကြုံ အဖုံဖုံ

နီပေါနှင့်အိန္ဒိယနိုင်ငံများသည် ဘုန်းကြီးသီလရှင်များမှာ အသားငါးစသည့် ဟင်းလျာများနှင့် မစားထိုက်ဟု သတ်မှတ်ထားသည့်အတွက်၊ တစ်ပြည်လုံးမှာရှိသည့် ဘုန်းကြီးသီလရှင်များမှာလည်း အသားငါးမစားကြပေ။ အသားငါးစားသည်ကို တစ်စုံ တစ်ဦးက မြင်သွားပါကလည်း အလွန်ကဲ့ရဲ့ရှုံ့ချ အပြစ်ပြောတတ်ကြသည်။

လွန်ခဲ့သောနှစ်များစွာကကြုံခဲ့ရသော ဖြစ်ရပ်တစ်ခုကိုလည်း မဂုဏဝတီ ကောင်း ကောင်းကြီးမှတ်မိနေပါသေးသည်။ နီပေါပြည်တွင် မြန်မာသံရုံးထားရှိကာစ အချိန်ဖြစ် သည်။ မြန်မာ နီပေါကို ပျံသန်းနေသော မြန်မာဂျက်လေယာဉ်လည်းရှိသည်။ သံမှူးကြီး ဦးလှနှင့် သံမှူးကတော် ဒေါ်သန်းတို့လက်ထက် မည်သည့်စားစရာပင်ရရ သီလရှင်တို့ ထံ လာပို့နိုင်းတတ်သည်။ တစ်ခါတွင်မူ မြန်မာပြည်မှ ပါလာသည့် ငါးဟင်းတစ်ခွက်ကို အတော်များများပင် လာပို့ထားသည်။

နံနက်ဆွမ်းစားချိန် မဂုဏဝတီတို့ ငါးဟင်းနှင့်ထမင်းစားနေကြစဉ် ဓမ္မကိတ္တိ ကျောင်းသို့ နေ့စဉ်ဘုရားဖူးလာပြီး ပြန်ခါနီးမှာ ဆရာလေးများကို သူတို့တတ်နိုင်သမျှ လှူနေကျဖြစ်သည့် ဒကာကြီးသည် ဆွမ်းစားဆောင်သို့ ရုတ်တရက်ဝင်လာသည်။

သူ့အရိပ်ကိုမြင်လိုက်သည်နှင့်တပြိုင်နက် အထိတ်တလန့်ဖြင့် ငါးဟင်းပန်းကန်ကို ခုံအောက်သို့ ကမန်းကတန်း သွင်းမိပြီးသား၊ ဝှက်မိပြီးသားဖြစ်သွားကြသည်။ ငါးအရိုးပန်းကန်ကိုမေ့ပြီး ခုံအောက်မသွင်းမိလိုက်ကြ။ ထိုဒကာကြီးကတော့ ကောင်းကောင်းကြီး မြင်သွားပေပြီ။ ဒကာကြီးပြန်ထွက်သွားပြီးနောက်မှ 'ဟယ်..ဒုက္ခပါပဲ၊ ငါးအရိုးပန်းကန် ဒီအတိုင်းကျန်နေပါလား'ဟုဆိုကာ ရယ်လိုက်ကြရသည်မှာ တဟားဟားနှင့်ဖြစ်သွားပါတော့သည်။ မဂုဏဝတီမှာ ဒကာကြီးအား မျက်စေ့လည့်ဖြားသလို ဖြစ်သွားသည့်အတွက် အပြစ်များဖြစ်လေမည်လားဟု သံသယဝင်ကာ အဖန်ဖန်တရားထိုင်ကာ မေတ္တာပို့ပြီးသည်တွင်မှ စိတ်သက်သာရာရသွားတော့သည်။ ယခုအချိန်တွင်မူ မြန်မာ၊ ယိုးဒယား၊ သီရိလင်္ကာတို့သို့ ဘုရားဖူးသွားကြသူများ များပြားလာကြသည့်အတွက် အသားငါးကျွေးတတ်သူများ အနည်းအကျဉ်းရှိလာကြပြီဖြစ်သည်။ သို့သော် အများရှေ့တွင် မကျွေးရဲကြသေးပေ။

ဒေါ်ဂုဏဝတီသည် မဟာယာနဗုဒ္ဓဘာသာဝင် အိမ်တွင်နေစဉ် ဒေါ်ဉာဏသီလာနှင့်အတူ သွားရောက်သာသနာပြုခဲ့ကြသည့် တြိပူလီရွာမှာ မြန်မာပြည်မှ လောပိတကဲ့သို့ ခတ္တမန္ဒူတစ်မြို့လုံးကို မီးပေးသည့် ရွာကြီးဖြစ်၍ ယခုအခါ မြို့ဖြစ်နေပေပြီ။ ထိုမြို့လေးတွင် ဗုဒ္ဓဘာသာဝင် နေဝါရီမိသားစု ခုနစ်စု ရှစ်စုခန့် ရှိသည်။ မြစ်ကမ်းနားတွင် ဘုန်းကြီးကျောင်းငယ်လေးတစ်ကျောင်းရှိပြီး ဘုန်းကြီးမရှိပေ။ တောရွာဒေသများမှာ ဘုန်းကြီးကျောင်းသာရှိပြီး ဘုန်းကြီးမရှိဖြစ်နေသည်များလည်းရှိသည်။ ဒေါ်ဂုဏဝတီတို့သည် ထိုကျောင်းငယ်လေးမှာပင် တစ်လခွဲခန့်နေခဲ့ကြသည်။ ထိုရွာရှိမိသားစုတို့မှာ သီလရှင်နှစ်ပါးရောက်လာသည်ကြား၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။ တစ်အိမ်မှတစ်အိမ်သို့ သတင်းပေးပို့ပြီး နံနက်ဆွမ်း၊ နေ့ဆွမ်း အစီအစဉ် ရေးဆွဲကြတော့သည်။ တြိပူလီမြစ်တစ်ဖက်ကမ်းတွင်လည်း ဗုဒ္ဓဘာသာဝင်မိသားစု လေးစုငါးစုခန့်ရှိ၍ အလှည့်ကျ ဆွမ်းတာဝန်ယူကြသည်။ နံနက်စာကို ဂျုံမုန့်နှင့်အာလူး၊ ပဲနပ်၊ မုန်ညင်းရွက်ကြော်တို့အပြင် နွားနို့ဖြစ်စေ၊ လက်ဖက်ရည်ဖြစ်စေ တိုက်ကျွေးကြသည်။ အချို့အိမ်က ဆန်ပြုတ်လည်းပါသည်။ နေ့ဆွမ်းကိုလည်း ပဲဟင်း၊ ဟင်းသီးဟင်းရွက်တို့နှင့်သာ ကျွေးကြသည်။ တောရွာပင်ဖြစ်သော်လည်း သဒ္ဓါတရားထက်သန်ကြသော ဗုဒ္ဓဘာသာဝင်များရှိသေးပါလားဟု မဂုဏဝတီအဖို့ သာသနာပြုရသည်ကို အားတက်လာမိပါသည်။

ဒေါ်ဂုဏဝတီ နောက်ထပ်မှတ်မိနေသော အတွေ့အကြုံတစ်ရပ်မှာ တောရွာများ

က ဆွမ်းစားဖိတ်၍ သွားရောက်ကြသည့်အခါ ဆွမ်းကျွေးမည့်အိမ်နေရာကို မြေနီနှင့် နွားချေးအစိုရောပြီးလိမ်းကျံထားသည်ကို တွေ့ရသည်။ မဂုဏဝတီမှာ နှာခေါင်းမယဉ် သေး၍ အနံ့မခံနိုင်သဖြင့် မနည်းပင် ကြိတ်မှိတ်အောင့်အည်းနေရသည်။ နောင် ကြာလာ သည့်အခါတွင်မှ ထိုအနံ့ကို ခံနိုင်ရည်ရှိလာပါတော့သည်။ ထိုစဉ်က ထို ဆွမ်းစားအိမ် တွင် ဆွမ်းစားကြွသည့် ဘုန်းကြီးတစ်ပါးလည်းရှိနေသည့်အတွက် မဂုဏဝတီက မေး လျှောက်ကြည့်ရာ ဘုန်းကြီးက မြေနီနှင့်နွားချေးကို ရောစပ်ပြီး လိမ်းကျံရသည်မှာ အခြားအကြောင်းကြောင့်မဟုတ်၊ နွားချေးပါသည့်အတွက် အပြင်မှပိုးများ မဝင်နိုင် အောင် လိမ်းကျံခြင်းဖြစ်သည်ဟု မိန့်ကြားပါသည်။

## ၂၀။ တမ်းတမိပေ အမိမြေ

ဆရာလေးမဂုဏဝတီ နီပေါပြည်သို့ရောက်ခါစတွင် မြန်မာတို့ အရောက် အပေါက် နည်းသေးသည့်အတွက် မြန်မာလူမျိုးဟူ၍ လုံးဝမတွေ့ရပေ။ မဂုဏဝတီမှာ ကိုယ့်မြန်မာလူမျိုးကို မည်သည့်အခါမှ တွေ့ရပါမည်နည်းဟု အမြဲပင် စိတ်တွင်စွဲပြီး တွေ့ချင်မြင်ချင်သည့်စိတ်များ တဖွားဖွားဖြစ်ပေါ်ခဲ့သည်မှာလည်း မကြာခဏပင်။ မဂုဏဝတီမှာ ရေခြားမြေခြားခရီးမသွားဖူးသေးသူ မိမိဘဝတစ်သက်တာတွင် ပြည်ပ ရပ်ခြားတိုင်းတပါးသို့ ယခုမှပင် ပထမဆုံးခရီးထွက်ဖူးသူဖြစ်၍ ကိုယ့်တိုင်းပြည်၊ ကိုယ့် လူမျိုးကို သတိရတမ်းတမိတတ်သည်မှာ မဆန်းပေ။ အမိမြေကိုချစ်သည့်စိတ်ကို နိုင်ငံခြားရောက်မှ သဘောပေါက်တတ်ကြသည်မှာလည်း သဘာဝပင်။ ထို့ကြောင့် လည်း မဂုဏဝတီသည် မိမိမှာ ဗုဒ္ဓဘုရားရှင်၏သမီး အရိယာနွယ်ဝင်သီလရှင်ဖြစ်ပေ သည်တကားဟု မိမိကိုယ်ကိုမိမိဆုံးမရင်း မိမိကိုယ်မိမိအားမလိုအားမရ ဖြစ်ခဲ့ရ သည်မှာလည်း အကြိမ်ကြိမ်ပင်။

နီပေါသို့ရောက်ခါစ ပထမနှစ်အတွင်းတွင် မဂုဏဝတီသည် အမျိုးသားဖြစ်စေ အမျိုးသမီးဖြစ်စေ မြန်မာလွယ်အိတ်လွယ်ထားသည်ကိုမြင်တိုင်း မြန်မာထင်ပြီး ကမန်း ကတန်းလိုက်ပြီး မေးမြန်းမိတော့သည်။ မြန်မာပြည်မှပြန်လာသော နေပါလီတွေပါဘဲ ဟု အဖြေရတော့မှပင် ခြေလှမ်းတုံ့သွားတော့သည်။ မြန်မာလွယ်အိတ် လွယ်ထားသည် ကိုမြင်တိုင်း မြန်မာထင်ပြီးလိုက်မေးရသည်မှာလည်း အမောပင်။

မြန်မာများကို မြင်ချင်တွေ့ချင်နေသည့်အချိန်မှာပင် ပထမဦးဆုံးတွေ့ရသည်မှာ မြန်မာဗိုလ်မှူးကြီးတစ်ဦးနှင့် မြန်မာတိုင်းရင်းသားလေးဦးတို့ဖြစ်၍ နီပေါ လှေကား

ထစ်စိုက်ပျိုးနည်းကို လေ့လာရန်ရောက်လာကြခြင်း ဖြစ်သည်။ သူတို့တည်းခိုသော ဟော်တယ်တွင် အလုပ်လုပ်နေသူတစ်ဦးနှင့် စကားစပ်မိ၍ ဒီမှာ မြန်မာသီလရှင် တစ်ပါးရှိနေကြောင်းပြောသဖြင့် သိသွားခြင်းဖြစ်သည်။ ထိုအလုပ်သမားအား အားလပ်ချိန်မှာလိုက်ပို့ပေးရန် မှာကြားစီစဉ်ပြီး၊ ကျောင်းသို့ဖုန်းဆက်လာသည်။ မဂုဏဝတီက ဝမ်းသာအားရဖြင့် လာကြမည့်နေ့မှာ ဓမ္မကိတ္တိကျောင်းမှာပင် နေ့လယ်စာစားရန် ဖိတ်ကြားလိုက်သည်။ ထိုနေ့တွင် ကျောင်းမှာစိုက်ထားသည့် ချဉ်ပေါင်ကို ကြော်ပြီး မြန်မာပြည်မှ လူကြုံဖြင့် ရှားရှားပါးပါးရထားသည့် ရှိသမျှသော ငါးနပ်ခြောက်ခေါ် အာပြဲခြောက်ကြော်၊ အခြား နီပေါဟင်းတို့ဖြင့် ကျွေးမွေးသည်။ 'ဧည့်သည်တို့က ကျွန်တော်တို့လည်း ၁၀ ရက်ကျော်လောက် ကွင်းဆင်းလေ့လာရေးထွက်နေရတာ၊ အစားအသောက်အဆင်မပြေလို့၊ ဒီကနေ့မှပဲ စားရတာ မြန်မာပြည် ပြန်ရောက်သွားရသလိုပါဘဲ'ဟု ဝမ်းမြောက်ဝမ်းသာပြောဆိုရယ်မောကြသည်။ ထိုအခါမှ မဂုဏဝတီမှာ မြန်မာများကိုတွေ့ရ၍ မြန်မာပြည်ကို သတိရစိတ်အနည်းငယ်ပြေသွားသည်။

နောက်တစ်ဖန် မြန်မာများနှင့်ဒုတိယအကြိမ်တွေ့ရသည်မှာ နီပေါသို့ ဒေါက်တာ ညီညီနှင့် အဖွဲ့ဝင် ၄ ဦး ရောက်လာစဉ်က ဖြစ်သည်။ ခတ္တမန္ဒူရှိ ဟော်တယ်တစ်ခုတွင် မြန်မာများ ရောက်ရှိတည်းခိုနေကြောင်း ဟော်တယ်တွင် အလုပ်လုပ်နေသူတစ်ဦးက အကြောင်းကြားသည်။ ဆရာလေး မဂုဏဝတီတို့ ဆွမ်းကျွေးဖိတ်သော အိမ်သို့ သွားရောက်ဆွမ်းစားသွားနေခိုက် မြန်မာဧည့်သည်များ ဓမ္မကိတ္တိကျောင်းသို့ ၁၂ နာရီ မထိုးမီရောက်လာကြပါမည်ဟု ဓမ္မိကိတ္တိကျောင်းမှ လူလွှတ်၍ အကြောင်းကြားလိုက်သည်။ ဆွမ်းစားနေချိန်ဖြစ်၍ ဆရာလေး မဂုဏဝတီမှာ ဝမ်းသာအားကြီးသဖြင့် ဆွမ်းတစ်လုတ်စားပြီး နောက်ထပ်ဆွမ်းတစ်လုတ်ပင် ဆက်၍ မစားနိုင်တော့ပေ။ ဝမ်းသာအားကြီးလျှင်လည်း မစားနိုင်၊ ဝမ်းနည်းအားကြီးလျှင်လည်း မစားနိုင်၊ "အစွန်းရောက်ခြင်းသည် မည်သည့်နေရာတွင်မျှမကောင်း" ဟူသော မြတ်ဗုဒ္ဓ၏ ဓမ္မစကြာတရားတော်လာ ဒေသနာအဆုံးအမကို ကိုယ်တွေ့ဖြစ်ရပ်များဖြင့် နှိုင်းညှိ ဆင်ခြင်ကာ မဂုဏဝတီသည် ဗုဒ္ဓတရားတော်၏ မှန်ကန်နက်နဲမှုကို တစ်နေ့တစ်ခြား ပို၍ပို၍ သက်ဝင်ကြည်ညိုလာမိသည်။

နောက်တစ်ကြိမ် မြန်မာများနှင့် ပြန်တွေ့ရချိန်ဖြစ်သည်။ မဂုဏဝတီမှာ သွားကိုက်နေသဖြင့် တစ်ညလုံး မအိပ်နိုင်၊ ဆွမ်းလည်းမစားနိုင်ဘဲ အိပ်ရာထဲတွင်သာ လှဲနေချိန် ဖြစ်သည်။ ထိုစဉ် "မြန်မာဧည့်သည်တွေ ရောက်လာကြပါပြီ၊ မဂုဏဝတီ ခဏထွက်

ပြီး နှုတ်ဆက်လိုက်ပါဦး”ဟု မသုဓမ္မဝတီက ပြောသဖြင့် အခန်းပြင်သို့ထွက်ပြီး နှုတ်ဆက်ကာ စကားစမြည်ပြောရသည်။ ထိုသို့စကားပြောနေခိုက်တွင် သွားကိုက်သည်ကို လုံးဝသတိမရပေ။ နာရီဝက်ခန့် ဝမ်းသာအားရ စကားပြောဆိုပြီး ဧည့်သည်များလည်း ပြန်သွားကြသည်။ ဧည့်သည်များပြန်သွားလျှင်ပင် သွားကိုက်ဝေဒနာမှာ အလိုလို ပြန်ရောက်လာသည်။ အဘိဓမ္မာသဘောအရဆိုလျှင် စိတ်ဟူသည်တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်သည်ဖြစ်၍ တွေ့ဆုံပြောဆိုနေခိုက် ပြောဆိုနေသည့်အာရုံတွင်သာ စိတ်စူးစိုက်နေပြီး နာနေသည့်နေရာတွင် အာရုံမရှိသည့်အတွက် မနာခြင်းဖြစ်သည်ဟု မဂုဏဝတီသည် သဘောပေါက်ကာ မြတ်ဗုဒ္ဓ၏အဘိဓမ္မာတရားသဘော၊ သစ္စာတရားသဘောကို ဆင်ခြင်နှလုံးသွင်းမိပြန်ပါသည်။

ဝါတွင်းကာလအခါကျရောက်ပြီဆိုပါက နေဝါရီလူမျိုးများသည် ဝါခေါင်လတွင် တစ်လလုံးလုံး နံနက် လေးနာရီလောက်တွင် ခတ္တမန္ဒူမြို့ပြင်ရှိ နာမည်ကြီး သယမ္ဘူစေတီတော်ကြီးသို့ ဆိုင်းဗုံများတီးမှုတ်ကာ သွားရောက်ကြပြီး စေတီတော်ကြီးကို လှည့်ပတ်တီးမှုတ်ပူဇော်ကြသည်။ ထိုဗုံသံများသည် မြန်မာပြည်တွင် ရှင်လောင်းလှည့်သော ဗုံသံများနှင့် ဆင်တူယိုးမှားတူသလိုလို ထင်မိပြန်လေပြီး ဒေါ်ဂုဏဝတီအဖို့ မြန်မာပြည်အား သတိရစိတ်ကို လှုံ့ဆော်ပေးသလိုလိုခံစားမိပြန်သည်။ တစ်ခါတစ်ရံ ကြုံကြိုက်၍ ရေဒီယိုထဲမှမြန်မာသီချင်းသံ ပြောသံတို့ကို ကြားမိရသည့်အခါများမှာလည်း ရင်ထဲတွင် တလှိုက်လှိုက်ဖြစ်ကာ မြန်မာပြည်ကို သတိရလွမ်းဆွတ်မိပြန်သည်။

နီပေါရောက်ခါစ တြိစူလီမှာနေခဲ့ရစဉ်က တစ်နေ့တွင် နေ့လယ်ပိုင်း၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ အိပ်ရာကနိုးလာသည့်အခါမှာတော့ ချက်ခြင်းပင် မြန်မာပြည်ကိုသတိရပြီး ရင်ထဲတလှပ်လှပ်ဖြစ်ကာ ခံစားရပုံမှာ မပြောပြတတ်အောင်ပင် ဖြစ်မိသွားခဲ့သည်။ မဂုဏဝတီသည် နီပေါသို့ရောက်ခါစတွင် လှုပ်ရှားနေသော မိမိ၏စိတ်ကို “ဤသည်မှာ တရားသဘောနှင့်ဆိုပါက ဥပါဒါန်ဝဋ်ဆိုးပေတကား” ဟု ဆင်ခြင်နှလုံးသွင်းကာ တစ်စထက်တစ်စ မိမိ၏စိတ်ကို ပိုမိုရင့်ကျက်လာစေခဲ့သည်။

နီပေါ–ခတ္တမန္ဒူမြို့ အာနန္ဒကုဋီကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးအမရိတနန္ဒက “ မဂုဏဝတီ၊ နီပေါမှာနေရတာပျော်ရဲ့လား”ဟုမေးပါသည်။ ဆရာတော်ကို အဖြေပေးရမှာခက်သည့်အတွက် ပြုံးပြီး တိတ်တိတ်ကလေးနေလိုက်သည်။ ဆရာတော်က ဆက်၍ “နိုင်ငံခြားမှာနေတာ တစ်နှစ်၊ တစ်နှစ်ခွဲကျော်သွားလို့ ၂နှစ် ပြည့်သွားရင်တော့ နှစ်ပေါင်းများစွာနေနိုင်ပြီလို့သာ မှတ်ပေတော့ပဲ”ဟု အမိန့်ရှိသည်။ ဆရာတော်

အမိန့်ရှိသည့်အတိုင်း ဟုတ်ပါသည် မှန်ပါသည်ဟူသောအဖြေက မဂ္ဂဏဝတီအဖို့ တစ်နှစ်ခန့် ကြာလာသည့်အခါမှ သိရသည်။ တစ်နှစ်လွန်ပြီးသည့်နောက်ပိုင်းတွင် သတိရစိတ် တမ်းတစိတ်တို့မှာ မရှိသလောက်ပင်ပျောက်သွားသည်။ ဤတွင် မြတ်ဗုဒ္ဓ ဟောပြတော်မူသည့် ပြုပြင်ပြောင်းလဲတတ်သော သင်္ခါရတရားသဘောပေတကားဟု တွေးတောဆင်ခြင်ကာ တရားသဘော သက်ဝင်လာမိပြန်ပါသည်။

## ၂၁။ သွားရခြေလျင် အမြပင်

မဂ္ဂဏဝတီ နီပေါရောက်စအခါကာလမှာ ကားလမ်းမပေါ်သေးပေ။ ခတ္တမန္ဒူမြို့မှ ပါတန်မြို့သို့ ဘတ်စကားကြီး နှစ်စီးသာရှိသည်။ ပါတန်မြို့မှ နံနက်ဆွမ်းစား ဖိတ် ကြားထားပါက ကတ္တမန္ဒူမြို့မှ နံနက်ငါးနာရီလောက်ကပင် ခြေလျင်စထွက်ရသည်။ ပါတန်မြို့သို့ နံနက်ခြောက်နာရီလောက်မှ ရောက်သည်ဖြစ်၍ တစ်နာရီခန့် လမ်း လျှောက်ရသည်။ တောရွာများမှ ဆွမ်းစားဖိတ်သည့်အခါ သီလရှင်ဆရာလေးများအဖို့ စီးနင်းစရာယာဉ်လည်းမရှိ၊ တစ်နေရာနှင့်တစ်နေရာလည်း လှမ်းကွာသဖြင့် ခုနစ်မိုင် ရှစ်မိုင်ခရီးကို ခြေလျင်လျှောက်ကြရသည်။ တစ်ခါတစ်ရံ တောလမ်းခရီး၊ ခြေလျင်သွား ရင်း ရှင်တော်ဘုရားလက်ထက်တော်အခါက မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ရဟန်းသံဃာတော်များခြံရံလျက် ဤနေရာ ဤဒေသတွင် ဒေသစာရီ ကြွချီတော်မူခဲ့ကြမည်ကိုတွေးမိကာ ရှင်တော်ဘုရားအား မျက်ဝါးထင်ထင် ဖူးမြော်ရဘိ သည့်အလား မြင်ယောင်လာမိရင်း မဂ္ဂဏဝတီသည် ကြက်သီးထမျှကြည်ညိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာမိခဲ့ရပါသည်။

စိမ်းစိုသော တောတောင်သဘာဝရှုခင်းများ၊ ပန်းအလှရှုခင်းများအကြားမှ တသွင်သွင်စီးဆင်းနေသော ရေတံခွန်များကို ကြည့်ရှုရင်း တောလမ်းခရီးသွားရသည်မှာ မောရပန်းရမှန်းပင်မသိတော့။ အသက်အရွယ် ငယ်ရွယ်စဉ် ထိုအခါမှာကား စကား တပြောပြောနှင့် ရယ်စရာမောစရာများကိုပြောရင်း တသောသော ရယ်ကာမောကာ ဖိတ် ကြားထားသောနေရာ အိမ်ဂေဟာသို့ရောက်မှန်းမသိ ရောက်သွားကြတော့သည်။ ငယ်နုစဉ် ထိုအချိန်ထိုအခါများက ခြေလျင်ခရီး အကြိမ်ကြိမ်သွားခဲ့သည်တို့ကို ယခု အသက်ရှစ်ဆယ်ကျော်အရွယ်တွင် ပြန်လည်စဉ်းစားမိသည့်အခါ ရှေးယခင်အခါကဲ့သို့ အမောအပန်းမခံနိုင်တော့သော ဇရာ၏သဘောကို ကိုယ်တွေ့မျက်မြင် ပြက်ပြက်ထင် ထင် သိမြင်ဆင်ခြင်မိရပါသည်။

## ၂၂။ ဝါသနာဘာဂီ ဆက်တိုင်းမီ

ယုဝတီအသင်းဖွဲ့စည်းကာစတွင် ယခုကဲ့သို့မတိုးတက်သေး၊ ငွေရေးကြေးရေး မပြည့်စုံသေးသည့်အတွက် ရန်ပုံငွေရှာရန် ဒေါ်ဂုဏဝတီကိုအသင်းသူများက တိုင်ပင်ကြသည်။ နောက်ဆုံးတွင် ဒေါ်ဂုဏဝတီအား "မြန်မာပြည်မှာပြုလုပ်ခဲ့သည့် အတတ်ပညာဘာများရှိပါသလဲ၊ ဘာတွေများ လုပ်တတ်ပါသလဲ" ဟု မေးကြသည်။ ဒေါ်ဂုဏဝတီက "အခြားထွေထွေ ထူးထူးတော့မတတ်ပါ။ စက္ကူပန်းနှင့် ရောက်သီးဆေးပြားအစိုင်း သရက်သီး အစိမ်းသနပ်တို့ကို အနည်းအကျဉ်းလုပ်တတ်ပါသည်" ဟု ပြောပြရာ သူတို့ကိုသင်ပြပေးပါဟု ပြောကြသည်။ ဒေါ်ဂုဏဝတီက စနေနေ့ ကျောင်းပိတ်ရက်တိုင်း သင်ပြပေးရာ ကျောင်းသို့ လာရောက်သင်ယူကြသည်။ သင်တန်းပြီးဆုံးချိန်တွင် ဂျပန်စက္ကူဖြင့် နှင်းဆီပန်း၊ ဒေလီယာပန်း၊ သစ္စာပန်းစသည်တို့ကို လက်တွေ့လုပ်ဆောင်တတ်လာကြသည်။

ထို့ပြင်၊ ရောက်သီးပေါ်ချိန်တွင် ရောက်သီးဆေးပြားအစိုင်း၊ သရက်သီးပေါ်ချိန်တွင် သရက်သီးသနပ်လုပ်နည်းတို့ကို နှစ်စဉ်သင်ကြားပေးသည်။ နှစ်စဉ် ကဆုန်လတွင်ကျင်းပသော ဓမ္မကိတ္တိကျောင်းနှစ်ပတ်လည် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပသည့်အခါတိုင်းမှာပင် လာရောက်ကြသည့် ပရိတ်သတ်များ အထူးစည်ကားလှသည်။ အသင်းသူများပြုလုပ်ထားသော ပစ္စည်းများကိုကျောင်းတွင်းမှာပင် နိဗ္ဗာန်ဈေးသဘောမျိုး ရောင်းချကြရာ အမြတ်အစွန်း များစွာရကြသည်။ ပစ္စည်းများကို သူ့ထက်ငါ လာရောက်ဝယ်ယူကြသည့် ပရိတ်သတ်များမှာ များပြားလှသဖြင့် ခဏချင်းပင် ပစ္စည်းများကုန်သွားသည်။ ရသောအမြတ်ငွေများကို ကျောင်းရန်ပုံငွေအတွက် စုထားကြသည်။

ထိုအချိန်က နီပေါတွင် စက္ကူပန်း ပြုလုပ်တတ်ကြသူများ မရှိသေးသဖြင့် အထူးအဆန်းဖြစ်နေကြသည်။ ဘုရင့်နန်းတွင်းနှင့်အကျွမ်းဝင်ဆက်ဆံနေသော လောကဒဿနအမည်ရှိဒကာကြီးတစ်ဦးက မိဖုရားထံ သွားပြမည်ဆိုပြီးယူသွားရာ၊ မိဖုရားကြီးကလည်း တစ်ခါဖူးမျှမမြင်ဘူးသေးသော နှင်းဆီပန်း စသည့်ပန်းများကို မြင်သည်နှင့် 'တကယ့်ပန်းအစိုနှင့်တူလွန်းလှသည်' ဟု သဘောကျကာ ငွေ (ရူပီသုံးထောင်) ဆုချလိုက်သည်။

ဓမ္မကိတ္တိသို့ အပတ်စဉ် လာရောက်တရားနာကြသည့် အမျိုးသမီးလေးများက သူတို့ကို မြန်မာဟင်းချက်နည်းများကိုပါ သင်ပေးပါဆို၍ ဒေါ်ဂုဏဝတီက အချက်အပြုတ် သင်ပေးရသည်။ သူတို့က မြန်မာဟင်းချက်လျှင် ခရမ်းချဉ်သီး ထည့်ချက်သည်ကို အလွန်သဘောကျကြသည်။ နောက်ပိုင်းတွင် အချက်အပြုတ်ဝါသနာပါသူ အမျိုး

သမီးများအား ဒေါ်ဂုဏဝတီကပင် အချက်အပြုတ်သင်တန်းပေးခဲ့ရသည်။

နီပေါကျောင်းသူလေးများသည် အချက်အပြုတ်များကို ကောင်းစွာတတ်မြောက်နေကြပြီဖြစ်၍ ကျောင်းပွဲတော်များတွင် သူတို့ပင် ချက်ပြုတ်လုပ်ကိုင်ပေးကြရသည်။ တရားစခန်းဖွင့်သည့်နေရာတိုင်းတွင်လည်း သွားရောက်ချက်ပြုတ်လုပ်ကိုင်ပေးကြရသည်။

## ၂၃။ ယုဝတီအသင်း ဖွဲ့စည်းခြင်း

၁၉၇၁–ခုနှစ်အတွင်းမှာပင် ယုဝတီဗုဒ္ဓဘာသာ လေ့လာရေးအသင်းဟူ၍ အသင်းတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်လိုက်ကြသည်။ ပျိုရွယ်သူ ကျောင်းသူလေးများအတွက် ဖွဲ့သောအသင်းဖြစ်၍ ယုဝတီအသင်းဟု ခေါ်တွင်သည်။ အသင်းသူများမှာ ၁၀ တန်းနှင့် ကောလိပ်ကျောင်းသူများဖြစ်ကြသည်။ အပတ်စဉ် သောကြာနေ့တိုင်း ကျောင်းသို့လာရောက်သင်တန်းတက်ကြသည့်အတွက် သောကြာနေ့အသင်းဟုလည်း တွင်သည်။ ဗုဒ္ဓဓမ္မစာပေများနှင့် ဗုဒ္ဓဘာသာဆိုင်ရာအမေးအဖြေများ ပြုလုပ်ပေးခြင်း၊ ပါဠိစကားသင်ကြားခြင်း၊ ရံဖန်ရံခါ တောလက်ကျေးရွာများသို့ ဆရာလေးများခေါင်းဆောင်၍ သွားရောက်ကာ ဟောပြောပွဲများတစ်နှစ်လျှင် နှစ်ကြိမ်သုံးကြိမ်ထက်မနည်း ပြုလုပ်ပေးခြင်းတို့ကိုဆောင်ရွက်ကြသည်။ အသင်း၏ ရည်ရွယ်ချက်နှင့် စည်းကမ်းများလည်း တိတိကျကျထားရှိသည်။

အသင်းဖွဲ့စည်းခါစတွင် ငွေရေးကြေးရေး အားနည်းနေသည့်အတွက် ဒေါ်ဂုဏဝတီ ဦးဆောင်၍ ရန်ပုံငွေရှာခဲ့ကြရသော်လည်း ယခုနောက်ပိုင်းတွင် ရန်ပုံငွေ မရှာကြရတော့ပေ။ ဒါနပြုသူများ တစ်စထက်တစ်စများပြားလာပြီး သဒ္ဓါတရား တိုးပွားလာကြ၍ မပြတ်ပင်လှူဒါန်းကြသည့်အတွက် ငွေရေးကြေးရေးအဆင်ပြေလာသဖြင့် ယခင်ကကဲ့သို့ ရန်ပုံငွေမရှာကြရတော့ခြင်းဖြစ်သည်။

၀

# (ဃ)

## သာသနာပြုလုပ်ငန်းများ

၁။ **သမီးချစ်မှာ ဖော်ပြပါ** * - ရဝေထွန်း

သီလရှင်ဆရာကြီးနှစ်ပါး အတူဆောင်ရွက်ခဲ့ကြသော သာသနာရေးလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

**(၁) ဗုဒ္ဓပူဇော်ပွဲနှင့် တရားပွဲများ**

ရှစ်ရက်၊ လပြည့်၊ လကွယ်နှင့် နေပါလီ လကုန်ရက်များတွင် ဝါတွင်းဝါပတစ်လလျှင် ငါးကြိမ်ကျ ဗုဒ္ဓပူဇော်ပွဲနှင့် တရားပွဲများကို ကျင်းပပေးသည်။

လေးရာကျော် ငါးရာခန့်ရှိ အမျိုးသမီးကြီးငယ်များတို့က နံနက်၅ နာရီခွဲ ၆နာရီအချိန်တွင် လာရောက်ကြပြီး မိမိတို့ယူဆောင်လာကြသော ပန်း၊ ဆီမီး၊ သစ်သီး၊ မုန့် စသည်တို့ကို စားပွဲခုံကြီးပေါ်၌ စုပေါင်းထားကြပြီး နံနက် ၆ နာရီခွဲမှ ၇ နာရီခွဲအထိ ဆရာလေးများနှင့်အတူ ညီညာစွာ ဘုရားဝတ်တက်ကြပြီးလျှင် မေတ္တာဘာဝနာ၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်တော်များကို အလှည့်ကျ ထည့်သွင်းရွတ်ဆို ပူဇော်ကြပေသည်။

ထို့နောက် ဆရာလေးဒေါ်သုဓမ္မဝတီက တရားဓမ္မများကို ဟောပြောပြသ ရေစက်ချ အမျှဝေစေပါသည်။ အများအားဖြင့် နံနက် ၈ နာရီခွဲအချိန်ကျမှ ပြီးလေ့ရှိသည်။ ရံဖန်ရံခါ ဒေါ်ဂုဏဝတီက ဟောပြော ရေစက်ချပေးပါသည်။ ဝါတွင်းအခါများတွင် ဤသို့ဗုဒ္ဓပူဇော်ပွဲနှင့် တရားပွဲများကို နေ့စဉ်ပြုလုပ်ပေးပြီး တရားနာ ပရိသတ်များအား ဗုဒ္ဓဓမ္မဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်ရာ မေးခွန်းပုစ္ဆာများကိုမေး၍ ဖြေဆိုနိုင်သူများအား မှန်ဘောင်သွင်းထားသော ဘုရားပုံတော်များကို ဆုအဖြစ် ချီးမြှင့်ပေးပါသည်။

ဤသို့ မေးဖြေပြုလုပ်ပေးသဖြင့် တရားနာသူများသည် အမှတ်မဲ့ နာကြားခြင်း

မပြဘဲ မှတ်မှတ်သားသားနာယူသဖြင့် လွန်စွာအကျိုးရှိပေသည်။ ထို့ပြင်လည်း ဝါတွင်း ၃ လ၌ နေ့စဉ် ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ကြသူများလည်း နေ့စဉ် ၅၀ခန့် ရှိပြီး ဝါပအခါတွင် ၂၅ ခန့် ရှိလေသည်။ ဤသို့ဖြင့် ပရိယတ်ပဋိပတ် နှစ်ရပ်စုံစွာ ထေရဝါဒ သာသနာပြုနေကြပါသည်။

## (၂) အဓိဋ္ဌာန်ပြု၍ ကုသိုလ်ယူခြင်း

နှစ်စဉ်ဝါတွင်းသုံးလတို့တွင်အဓိဋ္ဌာန်ပြု၍ ကုသိုလ်ယူကြပါသည်။ ဆရာလေးများနှင့် ဒကာဒကာမတို့ ညီညွတ်စွာ မိမိတို့တတ်နိုင်သမျှ ဒါန၊ သီလ၊ ဘာဝနာမှုတို့ကို အဓိဋ္ဌာန်ပြု၍ ဆောက်တည်ပွားများကြသည်မှာ ဒါန၊ သီလ၊ ဘာဝနာ သုံးပါးတို့တွင် မိမိတို့တတ်နိုင်သော ကုသိုလ်မှုတို့ကို တတ်နိုင်သမျှ ပြုလုပ်ကြပါသည်။ ဒါန၊ သီလ၊ ဘာဝနာမှုတို့တွင် အဓိဋ္ဌာန်မပြုနိုင်ကလည်း ဤဝါတွင်း ၃ လတွင်း ကပွဲ ရုပ်ရှင်သဘင်များကို မကြည့်ရှုပါအံ့ဟု အဓိဋ္ဌာန်ပြုကြရလေသည်။

ဝါကျွတ်၍ အဓိဋ္ဌာန်အောင်မြင်ကြသောအခါ အဓိဋ္ဌာန်အောင်ပွဲဟုဆိုကာ သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းဘောဇဉ်များကိုဆက်ကပ်လျက် အဓိဋ္ဌာန်အောင်ပွဲ ဆင်နွှဲရသည်မှာ လွန်စွာပျော်ရွှင်ဖွယ်ကောင်းလှပေသည်။

## (၃) ဗုဒ္ဓပူဇော်ပွဲ ဝတ်စုံတူနွှဲ

၁၉၇၀ ခုနှစ်မှစ၍ ဇရပ်ဗုဒ္ဓပူဇော်ပွဲသို့ လာရောက်ကြသော အမျိုးသမီးကြီးများအား တိုင်းရင်းဖြစ်အထည် ဆင်တူဝတ်ဆင်ကြရန် စီစဉ်ပေးသဖြင့် ပင်နီရောင်အင်္ကျီနှင့် ဆာရီဆင်တူ အပေါ်ရုံတဘက်အဖြူဖြစ်ပြီး အမျိုးသမီးငယ်များတွက်မူ ကြက်သွေးရောင် ဆာရီဆင်တူများကို ဝတ်ဆင်စေသည်။

ဤသို့ ဆာရီဆင်တူများကြောင့် ဥပုသ်နေ့ကို မေ့နေသူများပင် ဆင်တူဝတ်ဆင်လာကြသည့် ဗုဒ္ဓပူဇာအဖွဲ့ဝင် အမျိုးသမီးကြီးကို လမ်း၌ တွေ့မြင်ရသည်နှင့်ပင် ဥပုသ်နေ့ကို အသိပေးနှိုးဆော်သကဲ့သို့ ဖြစ်နေသဖြင့် လွန်စွာအကျိုးရှိရပေသည်။ ဤသို့ ဆင်တူဝတ်ကြရခြင်းဖြင့် အချင်းချင်း တုပပြိုင်ဆိုင်မှုလည်း ကင်းဝေးသွားပြီး စိတ်၏ တည်ငြိမ်မှုလည်း ဖြစ်၍လာရပေသည်။

ဤမွေကိတ္တိ ဗုဒ္ဓပူဇာပွဲဝင်အမျိုးသမီးများကို အားကျ၍ ဗနေပါးရွာရှိ အမျိုးသမီးများကလည်း ဗုဒ္ဓပူဇာပွဲသို့သွားရောက်ကြလျှင် ဝတ်စုံဆင်တူဝတ်ကြလေသည်။

ထို့ကြောင့် ယခုအခါ ယင်းဝတ်စုံကို ဗုဒ္ဓပူဇာဝတ်စုံဟုပင် ခေါ်တွင်လျက်ရှိကြပေသည်။

**(၄) သောကြာနေ့ ကျောင်းသူများအသင်း**

၁၉၇၁ခုမေလအတွင်းမှာပင် ပျို့ရွယ်သူကျောင်းသူကလေးများအတွက် ဗုဒ္ဓဘာသာလေ့လာရေးအသင်းတစ်ခုကို ဖွင့်လှစ်ထားရှိသဖြင့် သောကြာနေ့တိုင်းမှာပင် ဇရပ်သို့လာရောက်ကြပြီး ညနေ၄နာရီမှ ၅နာရီခွဲ ၆နာရီအထိ ဗုဒ္ဓဘာသာဆိုင်ရာ သိသင့်သိထိုက်သော တရားဓမ္မများနှင့် ဗုဒ္ဓဘာသာဆိုင်ရာအမေးအဖြေများကို ပြုလုပ်ပေးခြင်းနှင့်တကွ ပါဠိစကားသင်ကြားခြင်း၊ ဗုဒ္ဓဓမ္မဆိုင်ရာဆောင်းပါးရေးနည်းပြခြင်းတို့ကိုပါ သင်တန်းပေးသဖြင့် စိတ်ဝင်စားစွာ တက်ရောက်ကြလေသည်။

ဤကဲ့သို့သင်တန်းပေးလေ့ကျင့်စေသဖြင့် ကဆုန်လပြည့် ဗုဒ္ဓနေ့ (ဗုဒ္ဓဇယန္တီ) နေ့ကြီးအတွက် အထူးထုတ်စာစောင်တွင် ဆောင်းပါးများကို ရေးသားနိုင်ကြသည့်အပြင် အခြားသောဗုဒ္ဓဘာသာဆိုင်ရာဟောပြောပွဲများတွင် ဝင်ရောက်ဟောပြောနိုင်လာကြသည်ကို တွေ့ရပေသည်။

ဤသို့ ဗုဒ္ဓဘာသာလေ့လာရေးအသင်း ဖွဲ့စည်းပေးရာ၌ အောက်ပါရည်ရွယ်ချက်လေးရပ်ရှိပေသည်။

ယင်းမှာ–

(၁) ဗုဒ္ဓဘာသာတရားတော်ကို ကိုယ်တိုင်သိရှိနားလည်သဘောပေါက်စေခြင်း။

(၂) မိမိသိရှိသဘောပေါက်သည့်အတိုင်း သူတစ်ပါးအား ဟောပြောညွှန်ကြားရခြင်း။

(၃) ဗုဒ္ဓဓမ္မဆိုင်ရာ စာအုပ်စာစောင်များ ပုံနှိပ်ဖြန့်ဝေခြင်း။

(၄) ဗုဒ္ဓဘာသာနိုင်ငံခြားဧည့်သည်များအား ကြိုဆိုဧည့်ခံ၍ ဗဟုသုတ နှီးနှောဖလှယ်ခြင်း။

ဤရည်ရွယ်ချက် လေးချက်အနက် နံပါတ် ( ၂ )အရ ရုံဖန်ရံခါ တောလက်ကျေးရွာများသို့ ဆရာလေးများ ခေါင်းဆောင်၍ အသင်းသူအားလုံးစုရုံးကာ မော်တော်ယာဉ်များဖြင့်သွားရောက်၍ ဗုဒ္ဓဓမ္မဆိုင်ရာဟောပြောပွဲများ တစ်နှစ်လျှင် နှစ်ကြိမ်သုံးကြိမ်ထက်မနည်း သွားရောက်ဟောပြောကြပေသည်။ ဤကဲ့သို့ပြုလုပ်ပေးသဖြင့် တောလက်ကျေးရွာလူထုမှာ အသိဉာဏ်တိုးပွား၍ ဗုဒ္ဓတရားတော်များကို စိတ်ဝင်စားလာကြရပေသည်။

### (၅) စာမတတ်သူအမျိုးသမီးကြီးများအား သင်ကြားပေးခြင်း

၁၉၇၅ ခု မေလမှစ၍ သောကြာနေ့တိုင်း နေ့လယ် ၁၂ နာရီမှ ၄ နာရီအထိ စာမတတ်သူအမျိုးသမီးကြီးများအား သင်ပုန်းကြီးမှစ၍ သင်ကြားပေးပြီး အချို့ အနည်းငယ်စာဖတ်တတ်ကြသူ အမျိုးသမီးကြီးများအား ဓမ္မပဒဂါထာပါဠိအနက် အဘိဓမ္မတ္ထသင်္ဂဟသရုပ်ခွဲ သစ္စာလေးပါးမဂ္ဂင်ရှစ်ပါးစသည်တို့ကို သင်ကြားပေးလေသည်။ အမျိုးသမီးကြီးများမှာ အသက် ၃၀ မှ ၆၀ ကျော်အထိရှိပြီး ဦးရေ ၅၆ ဦးရှိသည့်အတွက် လက်ရေးနှင့် စာလုံးကြီးကြီး ရေးပြသင်ကြားပေးရသဖြင့် ဆရာလေးများမှာ ၁ နာရီမှ ၄ နာရီအတွင်းမနားကြရပေ။

ယင်းတို့အား စာမေးပွဲကျင်းပ၍ အောင်မြင်သူများအား လူထုပရိသတ်ရှေ့တွင် ဆုပေးသဖြင့် ယင်းတို့ အားတက်ကြပြီး တစ်ဆင့်ထက်တစ်ဆင့် ကြိုးစားအားထုတ်ကြလေသည်။

### (၆) အသင်း၏ နှစ်ပတ်လည်ပွဲနှင့် ဆုပေးပွဲ

အသင်း၏ နှစ်ပတ်လည်အထိမ်းအမှတ်ပွဲနှင့် ဓမ္မပဒအဘိဓမ္မာစာအောင် ကလေးများအား ဆုပေးပွဲများကိုလည်း ၁၉၇၁ခု မေလမှစ၍ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ကြသည်။ ထိုအထိမ်းအမှတ်ပွဲများတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ နိုင်ငံပေါင်းစုံမှ စေတီတော်များ၊ ရုပ်ပွားတော်များနှင့် ဗုဒ္ဓသာသနာဆိုင်ရာ အဆောက်အအုံများ၊ ဓာတ်ပုံပန်းချီကားချပ်များကိုစုပေါင်း၍ ဇရပ်အောက်ထပ်ခန်းမကြီးတွင် ပြပွဲခင်းကျင်းပြသခဲ့လေသည်။

ယင်းပြပွဲနှင့်အတူ စက္ကူပန်းများပြုလုပ်၍ ရောင်းချခြင်း၊ ကလေးများအား ဟောပြောပွဲများ ပြုလုပ်ပေးခြင်းတို့ဖြင့် အစီအစဉ် တစ်မျိုးပြီးတစ်မျိုး ပြုလုပ်ပေး၍ ဆုများချီးမြှင့်လေသည်။ ထို့အတွက်လည်း မြို့ပေါ်မှ လူကြီးလူကောင်းတို့က ဆုချီးမြှင့်၍ ဝတ္ထုငွေများ တာဝန်ယူ လှူဒါန်းကြပေသည်။

ထို့ပြင်ကျောင်းပတ်ဝန်းကျင်နှင့် စေတီတော်တို့တွင် လပြည့်နေ့တိုင်း သန့်ရှင်းရေး ပြုလုပ်စေကြပြီး လက်ဖက်ရည်အချိုတို့ဖြင့် ဧည့်ခံကျွေးမွေးကြသဖြင့် လူတိုင်းပင် စိတ်ပါဝင်စားကြလေသည်။ လူမမာအိမ်၊ အသုဘအိမ်များနှင့် မွေးနေ့ပွဲများသို့ သွားရောက်၍ တရားပွဲများကျင်းပခြင်း ပရိတ်တရားတော်များ ရွတ်ဆိုခြင်းတို့ကိုလည်း မကြာခဏပြုလုပ်ပေးခြင်းဖြင့် မြို့သူမြို့သားများတို့သည် ထေရဝါဒဗုဒ္ဓဘာသာရေး၌ စိတ်ဝင်စားလာကြရပေသည်။ မြို့ပေါ်ရပ်ကွက်များသာမက တောပိုင်းကျသော ရပ်ကွက်

များနှင့် မြို့နှင့်မနီးမဝေးကျေးရွာများသို့လည်း အစုအဝေးဖြင့် သွားရောက်၍ ဟောပြော ရွတ်ဆိုကြသဖြင့် နယ်ပယ်ကျယ်ပြန့်၍လာရပေတော့သည်။

ထိုကဲ့သို့ ဗုဒ္ဓတရားတော်များကို အခွင့်ကြုံတိုင်း ဟောပြောရွတ်ဆိုပေးခြင်း ကြောင့် ဒကာဒကာမများမှာ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် ဒါနပြုမှု၊ သီလ ဆောက်တည်မှုသာမက ဘာဝနာတရားပွားများမှုတို့၌ပါ စိတ်ပါဝင်စားလာကြသဖြင့် အလှူအတန်းမပြတ် ဥပုသ်သီလနှင့်တရားအားထုတ်မှုတို့မှာပါ မြဲစွာလာကြသူ များ ပြားလျက်ရှိပေသည်။

ဘုရားပွဲကျင်းပခြင်း အခါတော်နေ့များ ပြုလုပ်ခြင်းတို့အပြင် တန်ဆောင်မုန်း လ၌ ကထိန်သင်္ကန်းလှူဒါန်းခြင်းတို့အထိ အဆင့်မြင့်လျက်ရှိပေသည်။ အထူးအားဖြင့် ဆရာလေးဒေါ်သုဓမ္မဝတီသည် မိမိတို့နီပေါလူမျိုးများ ဗုဒ္ဓဓမ္မရေးရာ၌ လိမ္မာကြစေရန် ရည်ရွယ်၍ ဗုဒ္ဓဓမ္မဆိုင်ရာမှတ်သားစရာများ ကျက်မှတ်ရွတ်ဆိုဖွယ်ရာများတို့ကို စုပေါင်း ၍ ဗုဒ္ဓဓမ္မစာစောင်များကို ပုံနှိပ်ဖြန့်ဝေပြန်ရာ ဒကာဒကာမတို့သည် ကွယ်လွန်သူ မိဘများအတွက် ရည်စူး၍ အုပ်ရေ ၁၀၀–၂၀၀စသည်ဖြင့် ဓမ္မဒါနပြုလုပ်ကြလေသည်။ ဤသို့ဖြင့် ဓမ္မကိတ္တိဝိဟာမှဘာသာရေး စာစောင်များ လစဉ်ထွက်ပေါ်၍နေပေသည်။ ထိုစာစောင်များသည် ကတ္တမန္ဒူမြို့ပေါ်တွင်သာမက တောလက်ကျေးရွာများသို့ပင် အနှံ့ ရောက်ရှိ တွင်ကျယ်၍နေလေသည်။

ဤသို့ သာသနာပြုခြင်း မေတ္တာပွားများခြင်းလုပ်ငန်းသာမက ကရုဏာတရား ပွားများရန်အတွက် နှီးဆော်၍ ၁၉၇၄ခုမေလမှစ၍ ဇရပ်သို့လာရောက်ကြသူ ဒကာ ဒကာမတို့အား နှီးဆော်၍အလှူငွေများကောက်ခံပြီးလျှင် ကတ္တမန္ဒူမြို့ပေါ်ရှိ ပြည်သူ့ ဆေးရုံကြီး၊ ကလေးဆေးရုံ၊ တီဘီဆေးရုံ၊ ကူးစက်ဆေးရုံများသို့သွားကာ ရောဂါသည် များအား လိမ္မော်သီး၊ ဘီစကွတ်မုန့်စသော စားသောက်ဖွယ်ရာများနှင့် လိုအပ်သော ဆေးဝါးများပါ လှူဒါန်းကြပြန်လေသည်။

လူ့သတင်း လူချင်းဆောင်သကဲ့သို့ ထိုကဲ့သို့ မေတ္တာကရုဏာလုပ်ငန်းတို့ဖြင့် မနားတမ်းသာသနာပြုနေကြသော ဆရာလေးများအားကြည်ညိုသဖြင့် မဟာယာနဗုဒ္ဓ သာသာဝင် တီဘီအထူးကုနီပါလသာကီဝင်အနွယ် ဆရာဝန်ကြီးတစ်ဦးသည် ဓမ္မကိတ္တိ ဝိဟာသို့ရောက်လာကာ မိမိတတ်စွမ်းသည့်ပညာဖြင့်ကူညီ၍ သာသနာပြုလိုပါသည် ဆိုကာ စနေနေ့တိုင်းလာရောက်၍ ဆရာလေးများနှင့်လာရောက်ကြသော ကလေး လူကြီးများအား အခမဲ့စမ်းသပ်ကုသပေးနေသည်မှာ သာဓုခေါ်ဖွယ်ပင်ဖြစ်ပါသည်။

ဤသို့ဖြင့် နီပေါသူဒေါ်သုဓမ္မဝတီနှင့် မုဒုံသူမြန်မာသီလရှင်ဒေါ်ဂုဏဝတီတို့ ဦးဆောင်၍ ပြုလုပ်နေသော နီပေါပြည် သာသနာပြုလုပ်ငန်းမှာ ယခုအခါ ခတ္တမန္ဒူမြို့တော်ကို ဗဟိုပြု၍ နီပေါတစ်ပြည်လုံးသို့ ဖြန့်ကျက်လျက်ရှိနေပေရာ ယခုသော် သီလရှင်များ ဝတ်အသင်းအဖွဲ့များဖြင့် တရားစာပေသံများ ပြည့်လျှံဝေဆာ၍ နေပေသည်။ သီလရှင်လေးများကိုလည်း မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းစသောနိုင်ငံများသို့ ပညာသင်စေလွှတ်ထားသဖြင့် နောင်သော် နီပေါနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသာနာတော်ကြီး တစ်နေ့တခြား တိုးတက်စည်ပင်တောက်ပ၍ လာတော့မည်မှာ မြေကြီးလက်ခတ်မလွဲပင်။

## ၂။ နီပေါပြည်မှ ပေးစာများ (၁၉၇၉) မဂုဏဝတီ၊ မသုဓမ္မဝတီ *

ဆရာကြီးမင်းယုဝေသည် သူပြုစုသော အတ္တုပ္ပတ္တိထူးစာအုပ်၌ ပါဝင်သည့် မသုဓမ္မဝတီ၏ သာသနာပြုပုံအကြောင်းနှင့်ပတ်သက်၍ နီပေါသို့ စာရေးသား မေးမြန်းခဲ့သည်။ နီပေါရှိ ဆရာလေးနှစ်ပါးက ဖြေကြားလိုက်သည်တို့ကို ဆရာကြီးသည် အောက်ပါအတိုင်း ပြန်လည်တင်ပြထားပါသည်။

ယခုအခါ မြန်မာလူမျိုး ဒေါ်ဂုဏဝတီနှင့် နီပေါလ်လူမျိုး ဒေါ်သုဓမ္မဝတီတို့ လက်တွဲလျက် နီပေါပြည်၌ ထေရဝါဒသာသနာပြုလုပ်ငန်းများကို အားကြိုးမာန်တက် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။ သူတို့ နီပေါလ်ပြည်သို့ ရောက်စအချိန်၌ ကျောင်းဟူ၍နေရာအတည်တကျ မရှိသေးပေ။ ခတ္တမန္ဒူမြို့ပေါ်ရှိ မဟာယာန ဗုဒ္ဓဘာသာဝင် နေအိမ်များ၌ သင့်သလိုနေထိုင်ရသည်။ ထို့နောက် ဒေါ်သုဓမ္မဝတီ၏ မိဘများက ခတ္တမန္ဒူမြို့မှာပင် သင့်လျော်သော မြေနေရာတစ်ခုကို ဝယ်ယူလှူဒါန်းကြသည်။ ထိုမြေနေရာပေါ်တွင် နီပေါလူမျိုး စေတနာရှင်များက စုပေါင်းကာ ကျောင်းဆောက်လှူဒါန်းကြသည်။ ၁၉၆၅–ခု၊ မေလ ၁၉–ရက်နေ့၌ 'ဓမ္မကိတ္တိကျောင်း' ဟူ၍ အမည်သမုတ်ကာ ထိုကျောင်းကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုမှတစ်ဆင့် စေတနာရှင်တို့ သဒ္ဓါတိုးပွားလာကြသဖြင့် ထိုကျောင်းကိုထပ်မံ တိုးချဲ့ဆောက်လုပ်ကြရာ ယခုအခါ ကြီးမားခန့်ထည်နေပေပြီ။

ဒေါ်သုဓမ္မဝတီနှင့် ဒေါ်ဂုဏဝတီတို့သည် ထိုကျောင်းကိုဗဟိုပြုကာ ထေရဝါဒ

---

* မင်းယုဝေ၊ အတ္တုပ္ပတ္တိထူး စာ–၂၃၅–၂၃၉

သာသနာပြုလုပ်ငန်းများကို မနားမနေကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာ များစွာဝမ်းမြောက် အားတက်ဖွယ်ရာ ဖြစ်သည်။

ဒေါ်သုဓမ္မဝတီနှင့် ဒေါ်ဂုဏဝတီတို့သည် ထိုကျောင်းတွင် နေ့စဉ် နံနက်တိုင်း နီပေါကလေးသူငယ်များအား အခြေခံဗုဒ္ဓစာပေနှင့် ဂဏန်းသင်္ချာကို သင်ကြားပေးသည်။ ထို့နောက် လိမ္မာယဉ်ကျေးခြင်းရှိကြရန်အတွက် မင်္ဂလာတရားတော်နှင့် ဇာတ်နိပါတ်တော်များကို စနေနေ့တိုင်း ဟောပြောသင်ကြားပေးသည်။ ဤစာသင်သားဦးရေမှာ တစ်ရာခန့်ရှိသည်။ များသောအားဖြင့် အစိုးရအတန်းကျောင်းများမှ ကလေးသူငယ်များဖြစ်သည်။ သူတို့သည် ဤသင်တန်းကို နံနက်ပိုင်းတွင် တက်ရောက်ပြီးနောက် သက်ဆိုင်ရာအစိုးရအတန်းကျောင်းများသို့ ဆက်လက် တက်ရောက်ကြသည်။ အစိုးရအတန်းကျောင်းများတွင် မနေနိုင်ကြသော ဆင်းရဲသော ကလေးသူငယ်များမှာမူ ထိုကျောင်း၌ပင် စွဲမြဲစွာ ပညာသင်ယူကြပေသည်။

ထို့ပြင် 'ဓမ္မကိတ္တိကျောင်း'၌ အထက်တန်းကျောင်းသူကျောင်းသားများနှင့် ကောလိပ်ကျောင်းသူကျောင်းသားများအတွက် စနေနေ့တိုင်း ဗုဒ္ဓဘာသာလေ့လာရေးသင်တန်းကို ဖွင့်လှစ်ပို့ချပေးသည်။ ဓမ္မပဒ၊ အဘိဓမ္မာ စသည်တို့ကို သင်ကြားပေးသည်။ ဤသင်တန်းသားဦးရေမှာ ၅၀–ခန့်ရှိသည်။

ထိုမှတစ်ပါး သောကြာနေ့များ၌ သက်ကြီးများကိုလည်း ဗုဒ္ဓစာပေကို သင်ကြားပေးသည်။ ဤသင်တန်းသားဦးရေမှာ ၃၀–ခန့် ရှိသည်။

ဤသင်တန်းသားများအားလုံးကို အခမဲ့ကုသိုလ်ဖြစ် သင်ကြားပေးခြင်းဖြစ်သည်။

ထို့ပြင် သာမက ဓမ္မကိတ္တိကျောင်း၌ နီပေါအမျိုးသမီးကြီးများစုပေါင်း၍ ဝတ်တက်ခြင်း၊ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်တို့ကို ရွတ်ဆိုပူဇော်ခြင်း စသည်တို့ကို တစ်လလျှင်၅–ကြိမ် (ဥပုသ်နေ့များနှင့် နေပါလီလကုန်ရက်များတွင်) မှန်မှန်ကျင်းပသည်။ ထိုဗုဒ္ဓပူဇာအဖွဲ့တွင် အဖွဲ့ဝင်အမျိုးသမီးကြီး ၅၀၀–ကျော်ပါဝင်သည်။ ယင်းသို့ ပူဇော်ပွဲကျင်းပရာ၌ တရားဟောပြောပွဲများကိုလည်း ဥပုသ်နေ့တိုင်းပြုလုပ်သည်။ ဒေါ်သုဓမ္မဝတီက တရားဟောကောင်းသူပီပီ ပိုင်နိုင်စွာ ဟောပြောခြင်းပြုသည်။

ဒေါ်သုဓမ္မဝတီနှင့် ဒေါ်ဂုဏဝတီတို့သည် သူတို့၏ဓမ္မကိတ္တိကျောင်း၌သာမက မြို့ပေါ်ရှိ အခြားကျောင်းများနှင့် စေတီပုထိုးများသို့လည်းကောင်း၊ ၁၄ ပြည်နယ်ရှိ တောရွာဒေသများသို့လည်းကောင်း တစ်လှည့်စီ သွားရောက်ကြသည်။ ဗုဒ္ဓပူဇော်ပွဲနှင့်

တရားပွဲများကို လစဉ်မှန်မှန်ဦးစီးကျင်းပပေးကြသည်။

သူတို့နှစ်ဦးကား စေတနာသဒ္ဓါပြင်းပြ၍ ဖွဲနဘဲကြီးစွာဖြင့် အလုပ်လုပ်ကြသူများ ဖြစ်ကြသည်။ သူတို့နှစ်ဦးသည် 'ဓမ္မကိတ္တိ'အမည်ဖြင့် ဓမ္မစာစောင်တစ်ခုကိုလည်း တစ်နှစ်တစ်ကြိမ် ကဆုန်လပြည့် ဗုဒ္ဓဇယန္တီ ပွဲတော်နေ့တိုင်း ဦးစီးထုတ်ဝေကြသည်။ ဒေါ်ဂုဏဝတီသည် နီပေါပြည်၌ ထေရဝါဒဗုဒ္ဓသာသနာထွန်းကား တိုးတက်နေပုံအကြောင်းစုံကို မကြာခဏဆောင်းပါးများရေး၍ ရန်ကုန်ရှိ 'ဗုဒ္ဓဓမ္မလောကစာစောင်' သို့လည်း ပေးပို့သည်။

သူတို့နှစ်ဦး၏ ဆောင်ရွက်မှုမှာ အထူးအောင်မြင်လျက်ရှိသည်။ သူတို့ကျောင်းသို့ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ရုရှားစသော နိုင်ငံခြားသားဗုဒ္ဓဘာသာ ဧည့်သည်တော်များ မကြာခဏလာရောက်ကြသည်။ သူတို့၏ လုပ်ငန်းကိုအားပေးကြသည်။ သူတို့၏ လုပ်ငန်းကို ကူညီသောအားဖြင့် ဗုဒ္ဓတရားတော်များကိုကူညီ၍ပင် ဟောပြောပို့ချပေးကြပေသည်။

စာရေးသူသည် ဆရာလေးဒေါ်သုဓမ္မဝတီနှင့် ဆရာလေးဒေါ်ဂုဏဝတီတို့ နီပေါပြည်၌ သာသနာပြုရာတွင် အောင်မြင်မှုအဝဝကိုသိလို၍ စာရေးမေးမြန်းခဲ့သည်။ ဆရာလေးများကလည်း သူတို့၏ကြိုးပမ်းဆောင်ရွက်မှု၊ အောင်မြင်မှုများကို စေ့စေ့စုံစုံပင် ဂရုတစိုက်စာရေးဖြေကြားကြသည်။ အောက်ပါတို့မှာ ဆရာလေးများ စာရေးဖြေကြားသည့်အချက်တို့အနက် ကြိုးပမ်းအားထုတ်မှုအဖုံဖုံအချို့ဖြစ်ပါသည်။

" (က) ဆရာလေးများ နီပေါပြည်သို့ရောက်ရှိသည့်အချိန်မှစ၍ ယနေ့တိုင်အောင် မြို့ပေါ်ရှိရပ်ကွက်များနှင့် အိမ်များ၌လည်းကောင်း၊ တောနယ်ကျေးရွာများ၌ လည်းကောင်း နေ့တရားပွဲ၊ ညတရားပွဲများ ကျင်းပရာ၌ ဗုဒ္ဓတရားတော်များကို ဆရာလေးများက လွယ်ကူစွာနားလည်နိုင်သောနည်းဖြင့် ကြိုးပမ်းဟောကြားကြပါသည်။

(ခ) ကျောင်းတိုက်တွင် ဗုဒ္ဓပူဇော်ပွဲ၊ တရားပွဲများကျင်းပရာ၌ တရားနာ ပရိသတ်တို့အား ဒါနပြုမှု၊ သီလဆောက်တည်မှု၊ ကမ္မဋ္ဌာန်းဘာဝနာအားထုတ်မှု စသော ကုသိုလ်ဓမ္မများ၏အကျိုးကို သဘောပေါက် နားလည်ပြီး စိတ်ဝင်စားအားထုတ်ချင်လာအောင် ဆရာလေးများက ကြိုးပမ်းဟောပြောကြပါသည်။

(ဂ) ဗုဒ္ဓပူဇော်ပွဲသို့ လာရောက်ကြသူအမျိုးသမီးကြီး ၅၀၀–ကျော်တို့အား တိုင်းရင်းဖြစ်အထည် ပင်နီရောင် ဝတ်စုံဆင်တူကို ဝတ်ဆင်နိုင်ကြရန် ဆရာလေးတို့က ဆော်ဩဆောင်ရွက်ပေးနိုင်ခဲ့ကြပါသည်။

(ဃ) အထက်တန်းကျောင်းနှင့် ကောလိပ်ကျောင်းရှိ လူငယ်အချို့အား ဗုဒ္ဓဘာသာလေ့လာရေးအသင်းကို ဖွဲ့စည်းနိုင်အောင် ဆရာလေးတို့က ဆောင်ရွက်ပေးခဲ့ကြပါသည်။

(င) နံနက်ပိုင်း၌ စာသင်လာကြသော ကျောင်းသားလူငယ်များနှင့် ဗုဒ္ဓဘာသာလေ့လာရေးအသင်းဝင်တို့အား ဗုဒ္ဓဘာသာလေ့လာရေး အသင်းဝင်တို့အား ဗုဒ္ဓဓမ္မဆိုင်ရာ အမေးအဖြေပြိုင်ပွဲများကို ဆရာလေးတို့က မကြာခဏပြုလုပ်ပေးကြပါသည်။

(စ) ကျောင်းသူကျောင်းသား ကလေးသူငယ်များအတွက် မင်္ဂလာတရား အာဂုံပြန်ဆိုပွဲနှင့် ဓမ္မပဒ၊ အဘိဓမ္မာအာဂုံပြန်ဆိုပွဲများကိုလည်း တစ်နှစ်တစ်ကြိမ် ကျောင်း၌ပင် ပြုလုပ်ကျင်းပနိုင်ခဲ့ပါသည်။

(ဆ) ဗုဒ္ဓဘာသာလေ့လာရေးအသင်း၏ နှစ်ပတ်လည်အထိမ်းအမှတ်ပွဲနှင့် စာအောင်ဆုပေးပွဲများကိုလည်း တစ်နှစ်တစ်ကြိမ်မှန်မှန် ကျောင်း၌ပင် ပြုလုပ်ကျင်းပနိုင်ခဲ့ပါသည်။

(ဇ) ဗုဒ္ဓဓမ္မပြန့်ပွားရေးအတွက် ဗုဒ္ဓတရားတော်ဆိုင်ရာ စာအုပ်စာစောင်များကို ရိုက်နှိပ်ထုတ်ဝေလှူဒါန်းနိုင်ရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

(ဈ) အလွန်ခေါင်လှသော အချို့ကျေးလက်တောရွာများနှင့် တောကြိုတောင်ကြားများသို့လည်း ခြေကျင်ခရီးဖြင့် လည်းကောင်း၊ မော်တော်ယဉ်ခရီးဖြင့် လည်းကောင်း၊ ဆရာလေးများသွားရောက်၍ ဗုဒ္ဓပူဇော်ပွဲနှင့် တရားဟောပြောပွဲများကို ပြုလုပ်ပေးခဲ့ကြပါသည်။

(ည) ဘုရားစေတီ ရင်ပြင်တော်နှင့် ဘုရားဝင်းသန့်ရှင်းရေးအတွက် ဗုဒ္ဓပူဇာအဖွဲ့ဝင် အမျိုးသမီးကြီးများအား ၁၂–ဖွဲ့ခွဲ၍ ၁၂–ရာသီစလုံး ဝတ်မပျက်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးနိုင်ခဲ့ပါသည်။

(ဋ) ကဆုန်လပြည့် ဗုဒ္ဓဇယန္တီပွဲတော်နေ့များ၌ မြို့ပေါ်မှဆေးရုံကြီးများရှိ လူနာများအား ဘီစကွတ်မုန့်ထုပ်နှင့် သစ်သီးများဝေငှရန်အတွက် စေတနာရှင်များထံမှ အလှူငွေများကောက်ခံ၍ လှူဒါန်းနိုင်ခဲ့သည်။ ထို့ပြင် ပရိက္ခရာရှစ်ပါးအလှူ၊ ကထိန်သင်္ကန်းကပ်လှူပွဲများအတွက်လည်း ဆရာလေးများကပင် ကမ္မကတပြုလုပ်ကာ ဆောင်ရွက်ပေးခဲ့ပါသည်။"

ထို့ပြင် ဆရာလေးတို့နှစ်ဦး သာသနာပြုရာ၌ ကြုံတွေ့ရသော စိတ်ဝင်စားဖွယ် အချက်အချို့ကိုလည်း စာထဲ၌အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်ကို

တွေ့ရှိရပေသည်။

"နီပေါပြည်၌ ရှေးဟောင်းထုံးတမ်းစဉ်လာအရ အပျိုဘော်မဝင်မီ ၉–နှစ်၊ ၁၀–နှစ်၊ ၁၂–နှစ်အရွယ် သမီးမိန်းကလေးများအား နေရောင်နေပေါက် မမြင်ရသော အခန်းကြီးထဲ၌ ထားရှိပါသည်။ သူတို့သည် နေ့ရော ညပါ မီးရောင်အောက်တွင်ပင် နေရပြီး ထိုအခန်းထဲမှာပင် ကစားခြင်း၊ စားသောက်ခြင်း၊ အိပ်စက်ခြင်း၊ ကျင်ကြီး ကျင်ငယ်စွန့်ခြင်းတို့ကို ပြုရပါသည်။ မိန်းကလေးများသည် ယောကျ်ားဟူသမျှ ကြီး ငယ်မဟူအတွေ့မခံရ။ မကြည့်ကြရပေ။ မိန်းမချင်းသာ တွေ့ကြရသည်။ သူတို့နေထိုင်ရာ အခန်းကြီးမှာ ကာဆီးပိတ်ဆို့ထားသဖြင့် အနံ့အသက်များမှာ မခံသာအောင် နံစော်ဆိုးရွားလှသည်။ မည်သို့ပင်ဖြစ်စေ၊ မိန်းကလေးများသည် ထိုအခန်းထဲ၌ ၁၂ ရက်တိုင်အောင်နေကြရသည်။ ၁၂–ရက်ပြည့်သောအခါတွင်မှ နေမင်းကို ပူဇော်ကြပါသည်။

နေသည် လူသားများအတွက် အလွန်ကျေးဇူးများသည်ဟူသော ယူဆချက်ဖြင့် နေမင်းကိုပူဇော်ခြင်း ဖြစ်သည်။ ယင်းသို့ပူဇော်ရာ၌ အခန်းတွင်း၌ ၁၂ ရက် တိတိလှောင်ထားသော သမီးကညာကလေးများကို ရေမိုးချိုးအလှပြင်ပေးပြီးနောက် နေမင်းကြီးအား ဆက်သ ပူဇော်ခြင်းဖြစ်သည်။ ဤဓလေ့ထုံးစံသည် မိရိုးဖလာ အစဉ်အလာအရ ယခုတိုင်အောင် အချို့ပြုလုပ်လျက် ရှိနေကြသည်။

ဆရာလေးများ နီပေါသို့ရောက်လာသောအချိန်မှစ၍ ထို အလေ့အထ အယူအဆသည် မလျော်ကန်ကြောင်း၊ ကျန်းမာရေးနှင့်မညီကြောင်း ရှင်းလင်းပြောပြရပါသည်။ ယင်းသို့ပြုလုပ်မည့်အစား ၁၂–ရက်တိတိ ယောဂီဝတ်ပြီး ဥပုသ်သီတင်းဆောက်တည်ပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်းလည်း ထပ်ဆင့်ပြောပြပါသည်။ ထိုအခါ မိဘအချို့က သဘောကျပြီး ၎င်းတို့၏သမီးငယ်များကို အစိုးရကျောင်းပိတ်ရက်များတွင် ယောဂီဝတ်ရန် ဆရာလေးတို့ထံ အပ်နှံကြပါသည်။

ယခုအခါ မိဘအတော်များများသည် မိမိတို့၏ သမီးငယ်များအားနေမင်းကြီးကို ပူဇော်ဆက်သမည့်အစား ပြောင်းလဲသောနည်းစနစ်ဖြင့် ယောဂီဝတ်ရန် ကျောင်းပိတ်ရက်များ၌လာရောက်အပ်နှံလျက် ရှိကြပါသည်။ ဆရာလေးတို့ကလည်း ထိုသမီးငယ်များကို ယောဂီဝတ်ပေးကာ ၈–ပါးသီလဆောက်တည်စေခြင်း၊ ဘုရားဝတ်တက်စေခြင်း၊ ပုတီးစိပ်စေခြင်း၊ တရားထိုင်စေခြင်း၊ ပရိတ်တော်များကို ကျက်မှတ်ရွတ်ဖတ်စေခြင်း စသည်တို့ကို ပြုစေပါသည်။ ဗုဒ္ဓတရားတော်များကိုလည်း နုနယ်သော သူကလေးတို့၏ နှလုံးသားတွင် စွဲမြဲသွားအောင် ဟောပြောပေးကြပါသည်။

စွဲမြဲနေသော အယူဝါဒတစ်ခုမှ အယူဝါဒတစ်ခုဆီသို့ ပြောင်းလဲရန်မှာမလွယ်ကူလှပါ။ ဤကဲ့သို့ နည်းကောင်းလမ်းမှန်ကို ဆောင်ရွက်ပေးခြင်းဖြင့် အစဉ်အဆက်ကျင့်သုံးလာသော မလျော်ကန်သည့်အစွဲအလမ်းများသည် တိမ်မြုပ် ပ,ပျောက်သွားမည်ဖြစ်ပါသည်။ ယခုအခါ အခြားသောကျောင်းများရှိ သီလရှင်တို့ကလည်း အတုမြင်အတတ်သင်ဆိုသကဲ့သို့ ဆရာလေးတို့နည်းတူ မိမိတို့နီးစပ်ရာ ကလေးမများအား ယောဂီပြုလုပ်ပေးလျက်ရှိကြပါပြီ။

နီပေါပြည်၌ ကျင့်သုံးသော ဓလေ့ထုံးစံများအနက် အခြားဓလေ့တစ်ခုကိုလည်း တင်ပြလိုပါသေးသည်။

နီပေါပြည်ရှိ အိမ်ထောင်ရှင်အမျိုးသမီးများသည် မိမိတို့၏ခင်ပွန်းသည် ကွယ်လွန်ပါက များသောအားဖြင့် နောက်ထပ်အိမ်ထောင်ပြုရိုးထုံးစံ မရှိကြပါ။ ၎င်းတို့အခေါ်အဝေါ်အရ 'ပဋိပဒါဓမ္မ'ဆိုသည့် ဗြဟ္မစာရီသဘောမျိုး နေထိုင်ကြရပြီး ၎င်းခင်ပွန်းအိမ်၌ပင် နေမြဲတိုင်းနေထိုင်သွားကြရပါသည်။ ထိုမုဆိုးမများသည် အကြောင်းညီညွတ်၍ အိန္ဒိယပြည်ရှိ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ကုသိနာရုံစသော ဘုရားဌာနများသို့သွားရောက်ကြရသောအခါ ကွယ်လွန်သူလင်သားအတွက် ရည်မှန်းလျက် ဆံပင်ကိုပယ်ဖြတ်၍ ကတုံးရိတ်ပြီး ထမင်းဆုပ်ပေးကြသောအလေ့ကိုလည်း ပြုကြရပါသည်။ ထိုအလေ့ကိုလည်း ဆရာလေးများက တရားဟောကာ ပြုပြင်စေခဲ့ပါသည်။ ယခုအခါ အိန္ဒိယဘုရားဖူးသွား မုဆိုးမများသည် ယခင်အလေ့ကိုပယ်၍ ဒုလ္လဘသီလရှင်များပြုလုပ်လျက် ရှိနေကြပါပြီ။ ဒုလ္လဘသီလရှင်များမှာ တစ်နှစ်လျှင် ၆ ဦး၊ ၇ ဦးအထိ ပြုလုပ်လျက်ရှိသည်ကို တွေ့ရပါသည်။

ဆရာလေးတို့ကျောင်းသို့ အစဉ်လာရောက်တတ်သော ဒကာ၊ ဒကာမများသည် ရှေးယခင်ကဆိုလျှင် တစ်နှစ်တစ်ကြိမ်ကျ ယဇ်နတ်ပူဇော်ပွဲကျင်းပကြပါသည်။ ထိုပွဲ၌ ဆိတ်၊ သိုး၊ ကြက်စသည်တို့ကို သတ်ဖြတ်ကြပါသည်။ ထိုသတ္တဝါတို့၏ လည်ချောင်းသွေးဖြင့် နတ်ကျောင်းများတွင် ပူဇော်ကြပါသည်။။ ဆရာလေးတို့ရောက်လာသောအခါ၌မူ ဗုဒ္ဓ၏အဆုံးအမများကို ကြားနာကြရ၍ မှားသောအယူဝါဒမှ မှန်သော အယူဝါဒသို့ ပြောင်းလဲလာကြပါပြီ။ ဒါနပြုမှု၊ သီလဆောက်တည်မှု၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းမှုတို့ကို ဦးစားပေးလာကြပါပြီ။ ဤသည်ပင် အောင်မြင်ခြင်းတစ်ရပ် ဖြစ်ပါသည်။

ထိုမှတစ်ပါးကျောင်းသူ ကျောင်းသားကလေးများသည်လည်း မင်္ဂလာတရား

တော် စသည့်တရားတော်တို့ကို အစဉ်မပြတ် မှတ်သားကြားနာနေရသဖြင့် ယခင်က စရိုက်ကြမ်းသော ကလေးများပင် ယခုအခါ အလွန်ယဉ်ကျေးသိမ်မွေ့လျက်ရှိကြပါပြီ။

ထို့ပြင်ဆရာလေးများ ကျောင်းသို့အစဉ်လာရောက်သော အမျိုးသမီးများမှာလည်း ဗုဒ္ဓတရားတော်၏ အဆုံးအမကြောင့် ဝန်တိုခြင်း၊ မလိုမုန်းထားခြင်း စသောဒေါသ၊ ဣဿတရားများကို တတ်စွမ်းသမျှ ထိန်းချုပ်နိုင်လာကြောင်း၊ ဝမ်းမြောက်ဖွယ် တွေ့ရပါသည်။

ဆရာလေးတို့ ကြိုးပမ်းမှုသည် များသောအားဖြင့် အမျိုးသမီးပိုင်းတွင် အထူးအောင်မြင်လျက်ရှိပါသည်။"

○

ဒေါ်ဂုဏဝတီ၊ ဒေါ်သုဓမ္မဝတီ
(နီပေါပြည်)

(၈)

## ဂုဏာပူဇာ ဆောင်းပါးလွှာများ

၁။ ဒေါ်သုဓမ္မဝတီ (ဂဏေသ၊ သမီးချစ်)ထံမှ သဝဏ်လွှာ – ဒေါ်ဓမ္မဝတီ

ဒေါ်ဂုဏဝတီ၏ စာအုပ်ထုတ်မည်။ ဒေါ်ဓမ္မလည်း ဒေါ်ဂုဏအကြောင်း အနည်းငယ်ရေးပေးပါဟု ဒေါ်စန်းနွဲ့က တိုက်တွန်းသဖြင့် တတ်သမျှမှတ်သမျှ ရေးလိုက်ရပါသည်။

ဒေါ်ဂုဏဝတီသည် စေတနာကောင်းသူ၊ သဘောထားကြီးသူ၊ စိတ်ကောင်းရှိသူ၊ သည်းခံခြင်းခန္တီတရားရှိသူ၊ စိတ်သဘောထားဖြောင့်မတ်သူတစ်ဦးဖြစ်သည့်အပြင် လူကြီးလူငယ် လူရွယ်မရွေး၊ ကြွယ်ဝချမ်းသာသူ ဆင်းရဲနွမ်းပါးသူမရွေး၊ အားလုံးနှင့် ဆက်ဆံပေါင်းသင်းနေထိုင်တတ်သူတစ်ဦးလည်း ဖြစ်သည်။ စိတ်စေတနာ၊ သဒ္ဓါတရားကောင်းသူတစ်ဦးဖြစ်၍ အစစအရာရာမှာ ယောနိသော မနသိကာရတရားနှင့် ပြည့်စုံသူတစ်ဦးလည်း ဖြစ်သည်။

ဒေါ်ဂုဏကို နီပေါသို့ခေါ်လာစဉ်ကာလ ပထမက နီပေါနိုင်ငံမှာ အနေအထိုင် အစားအသောက်ကအစ အစစအရာရာမှာ မြန်မာနိုင်ငံကဲ့သို့မဟုတ်ဘဲ တခြားစီကွာခြားနေသည့်အတွက် ဒေါ်ဂုဏ နီပေါမှာ နေမှ နေနိုင်ပါ့မလားဟု စိတ်ထဲက ထင်မိ၍ လေယာဉ်လက်မှတ်ကို အသွားအပြန်ယူခဲ့မိပါသည်။ သို့သော် ၅ လ၊ ၆ လ ခန့် ကြာလာသောအခါ ဒေါ်ဂုဏကိုကြည့်ရသည်မှာ အနေအထိုင်၊ အသွားအလာ၊ အစားအသောက် ကစပြီး အဆင်ပြေလာသဖြင့် အပြန်လက်မှတ်ကို ပြန်ပို့လိုက်ပါသည်။ ဒေါ်ဂုဏကလည်း ကြီးကြီးငယ်ငယ် အရွယ်မရွေးဘဲ၊ မည်သူ့ကိုမဆို ပေါင်းသင်းဆက်ဆံတတ်သည့်ဓလေ့ သဘောပြည့်ဝသည့်ဓလေ့ရှိသဖြင့် အများကပင် ကြည်ညိုလေးစား အလေးထားကြပါသည်။

ဒေါ်ဂုဏဝတီသည် နီပေါနိုင်ငံ၊ ခတ္တမန္ဒူမြို့တော်တွင် တောက်လျှောက်နေခဲ့

သည်မှာ နှစ်ပေါင်း ၃၁နှစ် ဖြစ်သည်။ မြန်မာပြည်သို့ ပြန်သွားပြီးနောက်ပိုင်း ၂ နှစ်တစ်ခေါက် နီပေါသို့မှန်မှန်ရောက်ခဲ့သည်။ နီပေါရောက်တိုင်းမှာပင် ၁၀ လ၊ ၁၁ လ၊ ၁ နှစ်နေခဲ့သည်က များသည်။ ထိုသို့ အလည်ရောက်ခဲ့သည့်အခေါက်ပေါင်း ၇ ခေါက်ရှိသွားပြီ။ နီပေါတွင် နေခဲ့သည့် နှစ်အားလုံးပေါင်းလိုက်ပါက ၃၆ နှစ်ရှိပါပြီ။

လောကမှာ သည်းခံခြင်း၊ မာန်မာနမရှိခြင်းသည် မြတ်သောအကျင့်ဖြစ်ပါသည်ဟုပင် ထင်မြင်ယူဆကာ ဤတွင် နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ပါသည်။

ဒေါ်ဓမ္မဝတီ
ဓမ္မကိတ္တိဝိဟာရ
ခတ္တမန္ဒူမြို့၊ နီပေါနိုင်ငံ

၂။ အစ်မကြီးဒေါ်ဂုဏဝတီနှင့် ဘုန်းကြီးအမြင် – အရှင်ဉာဏပုဏ္ဏိက

မြန်မာ နီပေါ သီလရှင်ကျောင်းတိုက် ပဓာနနာယကဆရာကြီး ဒေါ်ဂုဏဝတီရဲ့ အတ္ထုပ္ပတ္တိစာအုပ်ထုတ်ဖို့လုပ်နေပါသည်။ ဆရာတော် အမှာစာ ရေးပေးပါအုံးလို့ ဒကာမကြီးဒေါ်စန်းနွဲ့က တယ်လီဖုန်းဆက်လျှောက်လိုက်လို့ ဒီအမှာစာရေးဖြစ်သွားပါသည်။ ဆရာကြီးဒေါ်ဂုဏဝတီဟာ မြန်မာပြည်မှာမွေးဖွားခဲ့သူဖြစ်ပေမယ့်လို့ နီပေါလူမျိုးအားလုံးကတော့ မြန်မာပြည်သူလို့ မသိကြပါဘူး။ နီပေါသူတစ်ပါးပဲလို့ ထင်မြင်ကြပါသည်။ အကြောင်းမှာလည်း နီပေါနဲ့ မြန်မာလူမျိုးတွေက ရုပ်ရည်အားဖြင့် တူနေကြပါသည်။ နောက် ဆရာကြီးဒေါ်ဂုဏဝတီက နီပေါစကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုတော့ နီပေါလို့ပဲ ထင်ရပါသည်။ ဆရာကြီးဒေါ်ဂုဏဝတီကို ပထမဆုံး စတွေ့ဖူးတာတော့ နီပေါဆရာကြီး ဒေါ်ဓမ္မဝတီ(သမီးချစ်) ၁၉၆၁ခုနှစ်မှာ သာသနဓဇ ဓမ္မာစရိယဘွဲ့ရလို့ ဂုဏ်ပြုပွဲကျင်းပစဉ်က မော်လမြိုင်ခေမာရာမကျောင်းတိုက်မှာ ဖြစ်ပါသည်။ ဒုတိယတစ်ကြိမ်တွေ့ဖူးတာကတော့ နီပေါဆရာကြီး ဒေါ်ဓမ္မဝတီအကြောင်းစုံပါသည့် သမီးချစ်စာအုပ်ပြုစုဖို့ရန် ဆရာတော်ဦးတိလောက(ရဝေထွန်း) မော်လမြိုင်ကို ကြွစဉ် ဘုန်းကြီးကိုလည်း တစ်ပါတည်းခေါ်သွားလို့ အဲဒီမှာ တွေ့ခဲ့ပါသည်။ အဲဒီနောက်ပိုင်းမှာ ဆရာကြီးဒေါ်ဂုဏဝတီက သမီးချစ်နဲ့အတူ နီပေါသို့ သာသနာပြုဖို့ကြွသွားတဲ့အတွက် မြန်မာပြည်မှာမတွေ့ဖြစ်တော့ဘဲ နီပေါကိုပြန်ရောက်ပြီးမှပဲ မကြာမကြာ တွေ့ဖြစ်တော့သည်။ ဆရာကြီးဒေါ်ဓမ္မကို အစ်မကြီးလို့ခေါ်လေ့ရှိတော့ ဒေါ်ဂုဏကိုလည်း အစ်မကြီးလို့ပဲ ခေါ်ဖြစ်သွားပါသည်။

အစ်မကြီးဒေါ်ဂုဏဝတီနဲ့ ပိုမိုပြီး ရင်းနှီးမှုရှိလာတာက နီပေါ ကာဌမဏ္ဍူ (ခတ္တမန္ဒူ)မြို့ကို ပြန်ရောက်ပြီးမှ ဖြစ်ပါသည်။ ကာဌမဏ္ဍူမြို့ကို ပြန်ရောက်ပြီးနောက် သာသနာကိစ္စနှင့်ဆက်စပ်ပြီး မကြာခဏ တွေ့ဆုံဖြစ်ပါသည်။ အစ်မကြီးဒေါ်ဂုဏရဲ့ ဂုဏ်တွေကိုထုတ်ဖော်ရမည်ဆိုရင် အများကြီးပဲရှိပါသည်။ အစ်မကြီး ဒေါ်ဂုဏဝတီဟာ သူတစ်ပါးအပေါ်မှာ မေတ္တာစေတနာအင်မတန်ကြီးမားသူ တစ်ယောက်ဖြစ်သလို သနားကြင်နာမှု အားကြီးသူတစ်ယောက်လည်း ဖြစ်ပါသည်။ သူတစ်ပါးရဲ့အကျိုးစီးပွားကို လိုလားတဲ့ မေတ္တာကြီးမားသူဖြစ်လို့ပဲ အလုပ်လုပ်ရာမှာ အများနဲ့ဆက်ဆံရာမှာ စိတ်ရှည်ပါသည်။ ပြီးတော့လည်း သည်းခံတတ်ပါသည်။ အစ်မကြီး ဒေါ်ဂုဏ စိတ်ဆိုးတယ်ဆိုတာ ဘုန်းကြီးက မတွေ့ဖူးဘူးလို့ပြောရင် ဒေါ်ဂုဏနဲ့ဆက်ဆံဖူးသူများ သိနားလည်ပါလိမ့်မည်။ ဘယ်တော့မှလည်း စိတ်မညစ်တတ်ပါဘူး။ လက်မှုပညာမျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင်တတ်သည့်အလျောက် နီပေါနိုင်ငံမှာနေစဉ်က နီပေါသူနီပေါသားတွေကို မိမိတတ်သိတဲ့ ပညာစုံကို စိတ်ရှည်လက်ရှည် လက်တွေ့သင်ပြပေးနေတာကို မကြာမကြာ တွေ့ရတတ်ပါသည်။

အစ်မကြီးဟာအချိန်ကို ဘယ်တော့မှ အလဟဿဖြုန်းလေ့မရှိသူ တစ်ဦးလည်းဖြစ်ပါသည်။ အချိန်ကို အကျိုးရှိရှိ အသုံးချတတ်ပြီး အချိန်တန်ဘိုးကို နားလည်သူဖြစ်ပါသည်။ ခန္ဓာကိုယ်ကို အသုံးချရင်ချသလောက် ကိုယ်ခံနိုင်ရည်ရှိလာပြီး ကြံ့ခိုင်လာသည်ဟု ယူဆသူပီပီ ဘယ်နေရာကိုပဲသွားသွား ဘယ်မှာပဲနေနေ အစ်မကြီးဟာ တစ်ခုမဟုတ်တစ်ခု အလုပ်ကိုမပြတ်လုပ်နေတတ်ပါသည်။ တစ်ခြားအထူးအထွေအလုပ်မရှိရင် စာအုပ်ဖတ်ရင်ဖတ်၊ ခြံထဲမှာ မြက်နုတ်ရင်နုတ်၊ အလုပ်ကို တရစပ်လုပ်နေတတ်ပါသည်။ အင်မတန် ဖွဲလုံ့လကြီးသူတစ်ဦးလည်း ဖြစ်သည်။ "စိတ်ရှည်ဖွဲသန် သည်းညည်းခံ ပြုရန်သာသနာ" ဆိုတဲ့အတိုင်း အဲဒီဂုဏ်တွေနဲ့ပြည့်ဝသူ ဒေါ်ဂုဏဟာ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်ထားမရှိပဲ သူများအတွက်အနစ်နာခံနိုင်သူ၊ အင်မတန်အားနာတတ်သူတစ်ဦးလည်း ဖြစ်ပါသည်။ ဘယ်အချိန်မဆို ကိုယ်သာအနစ်နာခံမည်။ သည်းခံမည်ဆိုတဲ့ အမျိုးအစားထဲက တစ်ပါးပါပဲ။ ဝါကြွားမှု မာန်မာနမရှိဘဲ ကျိုးနွံသည်။ ရိုးသားဖြောင့်မတ်သည်။ မိမိ ကိုယ် နှုတ် စိတ်ကို အင်မတန်စောင့်စည်းနိုင်သူတစ်ဦးလည်းဖြစ်ပါသည်။

အစ်မကြီးဟာ သူတစ်ပါးကိုအမြဲအားပေး ထောက်ပံ့ကူညီနေသူဖြစ်ပါသည်။ ဘုန်းကြီး မြန်မာပြည်မှာ သာသနဓဇဓမ္မာစရိယဘွဲ့ကိုဆွတ်ခူးပြီးနောက်ပိုင်း နီပေါကို

ပြန်ရောက်ပြီး ဆယ်တန်းစာမေးပွဲကို ဖြေဆိုနေတုန်းအခါမှာ အစ်မကြီးက စာမေးပွဲကာလတောက်လျှောက် အရဏ်ဆွမ်းနေ့ဆွမ်းကို ကိုယ်ကိုယ်တိုင်ချက်ပြုတ်ပြီး ကျွေးမွေးဆက်ကပ်ခဲ့လို့ စာမေးပွဲကို မပင်မပန်းဖြေဆိုအောင်မြင်ခဲ့ပါသည်။

အစ်မကြီးဒေါ်ဂုဏာဟာ မြန်မာပြည်မှာ ဖွားမြင်ပါသော်လည်း နီပေါလူမျိုးတွေကို အင်မတန် ချစ်ခင်မြတ်နိုးပါသည်။ ဒါ့ကြောင့်လည်းပဲ နီပေါနိုင်ငံမှာ ၃၂ နှစ်တိတိ နေထိုင်ပြီး သာသနာ့အလင်းရောင်ခြည်ကို နီပေါပြည်သူပြည်သားတွေမှာ ဖြာဝေစေပါသည်။ နီပေါရဲ့တောရွာတွေကို မပင်မပန်းသွားပြီး နီပေါလူမျိုးတွေကို တရားရေအေးတိုက်ကျွေးခဲ့ပါသည်။ အခု အသက်အားဖြင့် ၈၅ နှစ်ထဲ ရောက်နေပေမယ့်လည်း အခုထိ နီပေါကိုကြွပြီး သာသနာအားပေးနေနေတာကိုကြည့်ခြင်းအားဖြင့် နီပေါလူမျိုးတွေပေါ်မှာ ဘယ်လောက်မေတ္တာကြီးမားသလဲဆိုတာ သိနိုင်ပါသည်။ နီပေါလူမျိုးတွေပေါ်မှာ မေတ္တာစေတ်အားကြီးသလောက် မြတ်စွာဘုရားဖွားမြင်တော်မူတဲ့ လုမ္ဗိနီဒေသကိုလည်း မြတ်နိုးပါသည်။ လုမ္ဗိနီဉယျာဉ်သို့ မိမိအသက်နှင့်အမျှ ရောက်ခဲ့ဖူးသည်ကိုကြည့်ခြင်းအားဖြင့် လုမ္ဗိနီကို ဘယ်လောက်မြတ်နိုးတန်ဖိုးထားသလဲဆိုတာကို သိသာနိုင်ပါသည်။

အစ်မကြီးဒေါ်ဂုဏာနှင့်ပတ်သက်ပြီး အမှတ်တရဖြစ်ခဲ့တဲ့ အကြောင်းအရာတစ်ခုကတော့ ၁၉၇၂ ခုနှစ်မှာ နီပေါနိုင်ငံ အရှေ့ပိုင်းဒေသသို့ သွားခဲ့တဲ့ ၁၅ ရက် ခြေလျင်ခရီးပါပဲ။ တောင်တက်တောင်ဆင်း ခက်ခက်ခဲခဲသွားရတဲ့ခရီးဖြစ်ပေမယ့်လို့ အစ်မကြီးရဲ့ အားပေးစကားတွေကြောင့် ပင်ပန်းသမျှအကုန်လုံးပျောက်သွားပြီး ရွှင်လန်းသွားပါသည်။ တောင်တက်တဲ့အခါမှာ အစ်မကြီးဟာ ပေါ့ပါးသူဖြစ်လို့ အမြဲတမ်းရှေ့ဆုံးကနေပါသည်။ ဒါပေမဲ့ တောင်မတက်နိုင်ပဲ ပင်ပန်းနေသူတွေကိုလည်း လှည့်မကြည့်ဘဲ ဒီအတိုင်းထားသွားလေ့မရှိပါဘူး။ သူကတော့ ပင်ပန်းမှန်းမသိအောင် ပျော်ရွှင်စရာစကားတွေ မျိုးစုံပြောသွားတတ်ပါသည်။ တောင်မတက်နိုင်ဘဲ စိတ်ပျက်မောပန်းနေသူတွေကို အားတက်သရောဖြစ်အောင် အစ်မကြီးအမြဲတမ်းပြောလေ့ရှိတဲ့ 'တောင်ကဘယ်လောက်ပဲ မြင့်ပေမယ့်လို့ မိမိခြေဖဝါးအောက်မှာပဲရှိပါတယ်' "တောင်ကြီး ဖဝါးအောက်' ဆိုတဲ့ မြန်မာစကားပုံရှိတယ်မဟုတ်လား"ဆိုတဲ့ စကားတစ်ခွန်းက သိပ်ကို အားတက်စေပါသည်။

အစ်မကြီးဒေါ်ဂုဏာနှင့်ပတ်သက်ပြီး ရခဲ့တဲ့ အမှတ်ရစရာ အကြောင်းအရာတွေကတော့ အများကြီးပါပဲ။ အစ်မကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ဘယ်လောက်ပဲဖော်ဖော်ကုန်နိုင်ဖွယ်မရှိပါဘူး။ အခုအစ်မကြီး အကြောင်းစာအုပ်ထွက်မယ်လို့ ကြားရတော့

အင်မတန်ဝမ်းသာကြည်နူးနေပါသည်။ မိမိဘဝခရီးလမ်း ချောချောမောမော ဖြတ်သန်းသွားနိုင်ရေးအတွက် ဒီစာအုပ်က အများကြီးလမ်းညွှန်ပေးလိမ့်မည်လို့ ယုံကြည်ပါသည်။

အစ်မကြီးဒေါ်ဂုဏာဟာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ သာသနာ့တာဝန်တွေကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပတ္တနာပြုရင်း ဒီအမှာစာကို နိဂုံးချုပ်လိုက်ပါသည်။ ။

အရှင်ဉာဏပုဏ္ဏိက
ကမ္ဘာ့အေးကျောင်း
ကာဌမဏ္ဍူမြို့၊ (ခတ္တမန္ဒူ)၊ နီပေါနိုင်ငံ
နိဝင်ဘာလ ၂၂-ရက်, ၂၀၀၉။

[ မှတ်ချက်။ ။ အရှင်ဉာဏပုဏ္ဏိကမှာ စာရေးဆရာကြီးရဝေထွန်း ၁၉၆၃ခုတွင် ရေးသားထုတ်ဝေခဲ့သော ဂဏေသကုမာရီ (မသုဓမ္မဝတီ)၏ အကြောင်း "သမီးချစ်" စာအုပ်ကို ၁၉၆၄ခုတွင် နေပါလီဘာသာသို့ ဘာသာပြန်ဆို၍ ၁၉၇၀ခုတွင်နီပေါလ်၌ ရိုက်နှိပ်ထုတ်ဝေခဲ့သူဖြစ်သည်။ အရှင်ဉာဏပုဏ္ဏိကသည် နီပေါလူမျိုးရဟန်းတော် ဖြစ်ပြီး မြန်မာပြည်သို့ကြွလာ၍ ဗုဒ္ဓကျမ်းစာများကိုသင်ယူခဲ့ရာ ဓမ္မစရိယတန်းအောင်မြင်ခဲ့သူဖြစ်သည်။ ]

## ၃။ မွေးနေ့သဘင် ခတ္တမန္ဒူတွင် *

ခရစ်နှစ် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် သီလရှင်ဆရာကြီး ဒေါ်ဂုဏာဝတီ၏ မွေးနေ့သဘင်ကို ဆရာကြီးဒေါ်သုဓမ္မဝတီ (သမီးချစ်)က ဦးစီးပြီး ခတ္တမန္ဒူမြို့ ဓမ္မကိတ္တိကျောင်းတိုက်တွင် တခမ်းတနားကျင်းပခဲ့သည်။ ဥပသိကာ၊ ဥပသကာ တပည့်ပရိသတ်အပေါင်း တစ်ထောင်ကျော်တက်ရောက်ကြသဖြင့် စည်ကားလှသည်။ ပရိသတ် အားလုံးကို လက်ဖက်ရည်၊ မုန့်၊ နံနက်စာထမင်းတို့ဖြင့် ဧည့်ခံကျွေးမွေးသည်။

ဓမ္မကိတ္တိစာစောင်ကိုလည်း ဤလတွင် အထူးထုတ်အဖြစ် ဒေါ်ဂုဏာဝတီ၏ မျက်နှာဖုံးပုံအပြည့်ဖြင့် ထုတ်ဝေသည်။ ဓမ္မကိတ္တိစာစောင်မှာ ယခင်က တစ်နှစ်တစ်ခါ

* **DHAMARKITI A Buddhist Monthly Feb : 2005**

ကဆုန်လပြည့်ဗုဒ္ဓပူဇနေီယန္တိပွဲတော်တွင် ထုတ်ဝေခဲ့သည်။ ယခုနောက်ပိုင်းတွင် လစဉ် ထုတ်အဖြစ် ထုတ်ဝေလာနိုင်ခဲ့သည်။ ဒေါ်ဂုဏဝတီအသက် ၈၀ ပြည့် အထိမ်းအမှတ် ယခုလ အထူးထုတ် ဓမ္မကိတ္တိစာစောင်တွင် ဓမ္မကိတ္တိကျောင်းတိုက် သင်တန်းသူ၊ သင်တန်းသား အဟောင်းအသစ်များအားလုံး လက်ရည်သွေးထားသော ဆောင်းပါးများ ဝေဝေဆာဆာဖြင့် လှလှပပထွက်လာသည်။ ဆောင်းပါးများမှာ နေဝါရီဘာသာ၊ နေပါလီဘာသာ ဘာသာနှစ်မျိုးလုံးဖြင့် ဖြစ်သည်။

ဒေဝကာရိုသကျ၏ ဗြဟ္မစိုရ်တရားလေးပါး၊ လလိတရတနသကျ၏ သူတော်ကောင်းတရားဆိုတာ ဘာလဲ ကေဒါရသကျ၏ ကျေးဇူးတရား၊ လက္ခမိ၏ဗုဒ္ဓဝင်၊ ဂဏေစမာလီ၏ တရားရဲ့လမ်းစဉ်၊ နရီန္ဒရနာထ ဘတ္တရ၏ အိမ်ရာထောင်သည့် လူ့ဘောင်စွန့်ပြီးသောရဟန်းဘဝ အစရှိသော ဆောင်းပါးများစွာပါဝင်သည်။ ထိုဆောင်းပါးများ အနက် ဒေါ်ဂုဏဝတီအကြောင်း သူတို့၏ သဘောထားအမြင်ကို ဖော်ပြထားသော နီပေါအမျိုးသား စန်ပါဒကီရနှင့် နီပေါအမျိုးသမီး ရီနာတုလာဓရတို့၏ ဆောင်းပါး နှစ်ပုဒ်ကို သီးသန့်ဖော်ပြလိုက်ပါသည်။

၄။ ဗုဒ္ဓရှင်တော်၏တပည့် ဒေါ်ဂုဏဝတီ * — စန်ပါဒကီရ

ဒေါ်ဂုဏဝတီ နီပေါမှာနေတုန်းမှာ နီပေါလ်အမျိုးသမီးတွေကို မသိတာ မတတ်တာတွေကို ပြောပြပေးပါတယ်။ ဒေါ်ဂုဏက အမြဲတမ်း ဖြေကြားပြသပေးပါတယ်။ ဒေါ်ဓမ္မက စာမရရင် ဆူတန်ဆူ၊ ပြောတန်ပြောလုပ်ပေမယ့် ဒေါ်ဂုဏကတော့ ဘယ်တော့မှ မဆူပါ။ မရရတဲ့အထိ နားမလည်ရင် နားလည်တဲ့အထိ စိတ်ရှည်လက်ရှည် သင်ပြပေးပါတယ်။ ဒေါ်ဂုဏက နီပေါမှာ ကြာကြာနေသွားပါတယ်။ ကိုယ့်ရပ်ကိုယ့်ရွာလို့ပဲ သဘောထားပြီးနေပါတယ်။ အားလုံးနဲ့လည်း သင့်သင့်မျှမျှနေပါတယ်။ ဘယ်တော့မှ ဒေါ်ဂုဏစိတ်ဆိုးတာ မတွေ့ရပါ။ မျက်နှာမှောင်နေတာ၊ မျက်နှာညိုးနေတာလဲ မတွေ့ရပါဘူး။ ဉပသိကာ၊ ဉပသကာအားလုံးကို မြင်တာနဲ့ အမြဲတမ်း ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနဲ့နှုတ်ဆက်တယ်။ ပြောတယ်။ ဆိုတယ်။

မြတ်ဘုရားရဲ့သမီးတော်ဖြစ်တော့ မြတ်ဘုရားဟောကြားတဲ့အတိုင်း လိုက်နာပါတယ်။ မြတ်ဘုရားရဲ့သမီးတော်ပီပီ အနေအထိုင်ကစပြီး ကျင့်ဝတ်သိက္ခာနဲ့ ပြည့်စုံစွာ

---

* DHAMARKITI A Buddhist Monthly Feb : 2005

နေထိုင်ပါတယ်။ ဒီလောက် နှစ်ပေါင်းကြာကြာနေခဲ့တာ အံ့သြစရာ တစ်ခါမှ မျက်နှာညိုးတာမတွေ့ရဘဲ အမြဲပဲ ကြည်ကြည်လင်လင်ရှိပါတယ်။ အားလုံးကို ခင်ခင်မင်မင်နဲ့ နေလာခဲ့ပါတယ်။

ဒေါ်ဂုဏဟာ နေတာထိုင်တာ၊ ပြောတာဆိုတာ၊ စားတာသောက်တာကအစ မြတ်ဘုရား၏တပည့် ပီသတာတွေ့ရပါတယ်။ ဆက်ဆံသူအပေါင်း စိတ်ချမ်းသာရပါတယ်။ ဝမ်းသာရပါတယ်။ လေးစားရပါတယ်။ ကြည်ညိုရပါတယ်။

**စန်ပါဒကီရ (ခတ္တမန္ဒူ)**
**နီပေါနိုင်ငံ**

## ၅။ သမီးချစ်ရဲ့နောက်ခံ ဒေါ်ဂုဏဝတီ * – ရီနာတုလာဓရ

သမီးချစ်ဟာ သာသနာပြုရာမှာ တကယ်လို့များ သူတစ်ယောက်တည်းသာဆိုရင် အားထားစရာမရှိ၊ မေးမြန်းစရာမရှိ၊ တိုင်ပင်စရာမရှိဖြစ်နေမှာပါဘဲ။ တကယ်လို့ ဗုဒ္ဓဘာသာဘက်က အားကိုးရမည့်သူသာမရှိရင် အားငယ်နေမှာအမှန်ပါဘဲ။ ဒါကြောင့်လည်း သမီးချစ်က ကျွန်မတို့ကို ပြောခဲ့တဲ့စကားတွေကို ပြန်ပြီးကြားယောင်မိပါသည်။ သမီးချစ်ပြောတာက "သူတစ်ယောက်တည်းသာ နီပေါကိုပြန်လာခဲ့ရင် ဘယ်သူ့ကိုမှ မှီခိုအားထားစရာမရှိ။ အဲ့ဒီတုန်းက သင်ကြားလာတဲ့ ဗုဒ္ဓကျမ်းစာတွေကို ပြန်ပြီး ဟောပြော ပို့ချရာမှာလဲ အခက်အခဲရှိမယ်။ လွယ်ကူမှာမဟုတ်ဘူး။ အစမှာ ဒေါ်ဂုဏ အထောက်ခံပြုပေးလို့သာ အဆင်ပြေတာ။ ဒေါ်ဂုဏကို ခေါ်လာလို့သာ အစစအရာရာ တိုင်ပင်ဖော် တိုင်ပင်ဖက်ရှိတာ။ အားကိုးအားထားရှိတာလို့" ကျွန်မတို့ကို မကြာခဏ ပြောပြခဲ့ပါတယ်။ ကျွန်မအနေနဲ့ ဒေါ်ဂုဏအတွက် ပြောစရာ ဒီ့ပြင်စကားတွေလည်း ရှိပါတယ်။ ဒေါ်ဂုဏ နေတာကလည်း ကျွန်မတို့စာသင်သားတွေအပေါ် တပည့်တွေအပေါ် တစ်ခါမှ မျက်နှာထားနဲ့မနေပါ။ မေးရင်လည်း သေသေချာချာ ရှင်းပြ၊ ပြောပြပါတယ်။ ဒေါ်ဂုဏဟာ အားလုံးအပေါ်မှာ အများကြီးမေတ္တာထားပါတယ်။ ကရုဏာလည်း ရှိပါတယ်။ သီလဂုဏ်နဲ့လည်း ပြည့်စုံပါတယ်။ ကလေးတွေစာမရရင် ပြောမရ၊ ဆိုမရရင် သမီးချစ်က ဆူတန်ဆူ၊ ငေါက်တန်ငေါက်၊ ခပ်ထန်ထန်ပြောတဲ့အခါ ပြောပါတယ်။ ဒေါ်ဂုဏကတော့ ကလေးတွေ ဘယ်လောက်ပဲဆိုးဆိုး ဘယ်တော့မှ မာမာထန်

* DHAMARKITI A Buddhist Monthly Feb : 2005

ထန် မပြောပါ။ ချော့မော့ဖျောင်းဖျပြီးတော့ နားဝင်အောင်ပြောပါတယ်။

အရင်က နီပေါမှာ သီလရှင်တရားဟောတာမရှိပါ။ သီလရှင် ငယ်ငယ်လေးတွေလည်း တစ်ပါးမှမရှိပါ။ သမီးချစ်တို့ ရောက်လာတော့မှပဲ သီလရှင်ငယ်ငယ်လေးတွေ တရားဟောတာရှိပါတယ်။ သကျသာကီဝင် ဘုန်းကြီးတစ်ပါးက ဓမ္မာစရိယအောင်ထားပြီးတဲ့ သီလရှင်ကလေးတွေပဲ ညဘက်တရားဟောထွက်ပါလားလို့ အကြံပေးတိုက်တွန်းတာနဲ့ ညဘက်ထွက်ပြီး တရားဟောဖြစ်ကြပါတယ်။ ပထမတော့ သမီးချစ်က ပြောရ ဟောရတာ ရှက်နေသေးတယ်။ ဒေါ်ဂုဏာက အရင် ဟောပြပေးရတယ်။ နောက်တော့လည်း ရဲလာပြီး အဟောကောင်း အပြောကောင်း ဖြစ်သွားတာပါပဲ။ ပရိသတ်ကလည်း တစ်စတစ်စများလာလိုက်တာ ထောင်ကျော်တဲ့အထိ ဖြစ်လာပါတယ်။

အသက်ကလည်းငယ်၊ စိတ်အားကလည်းထက်သန်ဆိုတော့ သီလရှင်လေးနှစ်ပါးဟာ မောရပန်းရမှန်းမသိ မနားတမ်းအလုပ်လုပ်ကြတယ်။ ကြည့်ရတဲ့သူသာ မောတယ်။ သူတို့ကတော့ မမောကြပါဘူး။ ပထမတော့ နီပေါမိန်းကလေးတွေဟာ ယောဂီဝတ်ကြ၊ ဥပုသ်စောင့်ကြ တရားစာရွတ်ဖတ်ပူဇော်ကြပါတယ်။ နောက်ပိုင်းမှာ သီလရှင်ဝတ်လာကြပါတယ်။ သီလရှင်နှစ်ပါး ညဘက်စာပြန်ပြီးရင် ခဏနားကြပါတယ်။ ညည စကားပြောရင်းလည်း သမီးချစ်က ပြောပြပါတယ်။ သူတို့ စာသင်သားဘဝတုန်းက ဒေါ်ဂုဏာနှင့်အတူ စာသင်ကြတယ်။ ခေမာရာမမှာနေစဉ် သမီးချစ်ကလည်း အားလုံးကို ပေါင်းထားလေ့လာထားပါတယ်။ သမီးချစ်ရဲ့သူငယ်ချင်း မြန်မာသီလရှင်တွေ အများကြီးရှိပါတယ်။ အားလုံးထဲက ရွေးလိုက်တဲ့အခါ သူနဲ့အဖော်ရမယ့်သူဆိုလို့ ဒေါ်ဂုဏာ တစ်ယောက်ပဲတွေ့တယ်။ ဒီပြင်သီလရှင်တွေရှိပေမယ့် ဒေါ်ဂုဏာက သည်းခံနိုင်ဆုံးပါပဲ။ သမီးချစ် ဓမ္မာစရိယအောင်တော့ ဒေါ်ဂုဏာကို တစ်နှစ်ထပ်စောင့်နေတယ်။ သူ့အဖေမမာတာ အကြောင်းကြားစာရပေမယ့် ဆရာလေး ဒေါ်ဂုဏာကိုပဲ စောင့်ပြီး ခေါ်မယ်ဆိုပြီး တစ်နှစ်ပြန်နေတယ်။ ဒီအတွက် အဖေရဲ့သမီးချစ်ဟာ သူ့အဖေကိုတောင် မတွေ့လိုက်ရပါလို့ သမီးချစ်က ပြောပြပါတယ်။

ဒီနီပေါမှာ အယူအဆလွဲမှားနေကြတာတွေ မိစ္ဆာဒိဋ္ဌိတွေများတယ်။ မြန်မာပြည်က မြန်မာသီလရှင်တစ်ပါး နှစ်ပါးလောက် ထပ်ခေါ်လာပြီး ပြောပြပေးပါ။ ဟောပြပေးပါ။ သာသနာပြုပေးပါ။ လွဲမှားနေတဲ့ ရှေးဟောင်းအယူအဆတွေ ပျောက်အောင်လုပ်ပေးဖို့ လိုပါတယ်လို့ သမီးချစ်ကို ဝိုင်းပြောကြပါတယ်။ မြန်မာသီလရှင် တစ်ပါးနှစ်ပါး

မကဘူး။ နှစ်ပါးသုံးပါးလောက် ခေါ်လာနိုင်ရင် ပိုကောင်းမယ်လို့လည်း သမီးချစ်ကို ထပ်ပြောကြပါတယ်။ ဒါပေမယ့် ဘယ်သူမှမလာနိုင်ပါဘူး။ နှုတ်ကပဲ လာချင်တယ် ပြောပေမယ့် တကယ်တော့ မလာနိုင်ကြပါ။ ဒေါ်ဂုဏဝတီတစ်ပါးပဲ လာနိုင်ခဲ့ပါတယ်။ ဒီမှာနေနိုင်ခဲ့ပါတယ်။

ဒီရောက်တော့လဲ ဒေါ်ဂုဏဟာ စားတာ သောက်တာ၊ နေတာထိုင်တာ သိပ် သည်းခံရပါတယ်လို့ သမီးချစ်က ပြောပြပါတယ်။ သမီးချစ်ကပြောပြပေမယ့် ဒေါ်ဂုဏ က ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောပြပါ။ အဆင်မပြေတဲ့ပုံ လုံးဝမပေါ်စေရပါဘူး။ နေ့စဉ် ထမင်းဝိုင်းမှာ ဒေါ်ဂုဏက ဆန်ပြုတ်စားတဲ့အခါ ပိုးကောင်လေးတွေရဲ့ ခြေတံ ရှည်လေးတွေ၊ တောင်ပံလေးတွေကို ဖယ်ဖယ်ပြီးစားနေရတာနဲ့ ဆန်ပြုတ်ကောင်း ကောင်း မစားဖြစ်ပါ။ သူများတွေစားပြီးတော့လည်း သူ့ကိုစောင့်နေရမှာစိုးလို့ သူလည်း ပြီးလိုက်ရရှာတယ်။ ဒေါ်ဂုဏက မစားမဖြစ်လို့ အသက်ရှင်အောင်လို့ ကြိတ်မှိတ်စား နေရတာဖြစ်တယ်။ မြန်မာပြည်မှာ ချမ်းချမ်းသာသာနေလာရပြီးတော့ နီပေါမှာ အစား ဆင်းရဲတာကို သမီးချစ်ကမြင်ပြီး ရင်ထဲမှာမကောင်းပါ။ ဒေါ်ဂုဏနှုတ်က ဘယ်သူ့ကိုမှ ထုတ်မပြောခဲ့ပါ။ ဘာမှမဖြစ်သလိုပဲနေခဲ့ပါတယ်။ အဲ့ဒီတုန်းက သမီးချစ်ဟာ ဒေါ်ဂုဏ ကို သနားပေမယ့် ပြန်ချင်တယ်ပြောမှာစိုးလို့ မမြင်ချင်ယောင်ဆောင်ပြီး ဘာသိဘာသာ နေလိုက်ခဲ့ပါတယ်လို့ ပြောပါတယ်။

အဲ့ဒီအချိန်တုန်းက နီပေါမှာ ထေရဝါဒဗုဒ္ဓသာသနာ သိပ်ပြီးတော့မဖွံ့ဖြိုးသေးပါ။ မဟာယာနဗုဒ္ဓဘာသာဝင်တွေဟာ သူတို့ရဲ့ထုံးစံအတိုင်း ဘုန်းကြီးတွေ သီလရှင်တွေ စားပြီးသောက်ပြီးတဲ့ ပန်းကန်တွေကို မကိုင်ကြ။ တောင်သူလယ်သမားမျိုးတွေ ဇာတ် နိမ့်တဲ့သူတွေကိုသာ ကိုင်ခိုင်းပါတယ်။ မစားရသေးတဲ့ ဟင်းခွက်ကို စားပြီးသားလက်နဲ့ မကိုင်ရ။ စားပြီးလက်နဲ့ မစားရသေးတဲ့ ပန်းကန်ကိုထိမိရင် မစားတော့။ အကုန်သွန်ပစ် ရပါတယ်။ အဲဒီအခါက အမျိုးသမီးတွေကိုလဲ သိပ်နှိမ်ပါတယ်။ အခုတော့ အရင်ကလို မရှိတော့ပါ။ သမီးချစ်က အမျိုးသမီးတွေ တိုးတက်အောင်ဘယ်လိုလုပ်ရမလဲ အမြဲ တွေးပြီး စာသင်ရင်း တရားဟောရင်းနဲ့ ပြောပြပါတယ်။

ဒေါ်ဂုဏအသက်၇၀ပြည့်လို့ မြန်မာပြည်ပြန်တော့မယ်ဆိုတော့ အားလုံးက စိတ် မကောင်းကြပါ။ ဒေါ်ဂုဏကို ဒီမှာပဲနေလိုက်ပါတော့။ မပြန်ပါနဲ့တော့လို့ အားလုံး ဝိုင်း ပြီးပြောကြပါတယ်။ သမီးချစ်ကလည်း 'ဒေါ်ဂုဏ ဒီမှာပဲနေပါ၊ ဒီမှာပဲသေပါ အားလုံး တာဝန်ယူပါတယ်' လို့ ပြောပါတယ်။ ဒါပေမယ့် ဒေါ်ဂုဏက မနေနိုင် မြန်မာပြည်ကို

ပြန်ချင်နေတယ်။ ဒါနဲ့ပဲ သမီးချစ်က သူ့ဆန္ဒအတိုင်း လိုက်လျောလိုက်ရတာပါဘဲ။

ဒေါ်ဂုဏအနာကင်းပါစေ။ အသက်ရှည်ပါစေ။ သာသနာတော်အတွင်းမှာ ဆက်ပြီးသာသနာပြုနိုင်ပါစေ။

ရိနာတုလာဓရ (ဓတ္တမန္ဒူ)
နီပေါနိုင်ငံ

၆။ ကိုယ်တွေ့သိမြင် မြတ်ဂုဏ်အင် – မစာဆို

အတ္ထုပ္ပတ္တိရေးသားရာ၌ ကိုယ်တိုင်ရေးသည်ဖြစ်စေ၊ တစ်ဦးတစ်ယောက်က ရေးသားပေးသည်ဖြစ်စေ စာဖတ်သူတို့အတွက် အမှန်တိုင်းသိရှိစေပြီး အကျိုးရှိစေလို အကျိုးများစေလို၍ ရေးသားကြခြင်းဖြစ်ပါသည်။ ပုဂ္ဂိုလ်စွဲဖြင့် မြှောက်ပင့်ချီးမွမ်းရေးသားခြင်းလည်း မဖြစ်စေရပါ။ ထို့ကြောင့် ရေးသားထုတ်ဝေသူများအဖို့ မည်မျှ တာဝန်ကြီးလှသည်ကို သိရှိကြပေသည်။ ဆရာကြီးဒေါ်ဂုဏဝတီ၏ သာသနာပြုပုံကို ပြုစုမည်ဟု ကြားသိရချိန်တွင် ကျွန်မအတိုင်းမသိ ဝမ်းသာကြည်နူးမိပါသည်။ သီလရှင်ဆရာကြီး၏ သာသနာပြုပုံကို ဖတ်ရှုရသူ စာဖတ်ပရိသတ်များအဖို့ ကြည်ညိုဖွယ်ကောင်းသော အတုယူအားကျဖွယ်ရာများကို ကျွန်မနည်းတူ ခံစားရလိမ့်မည်ဟု ကျွန်မ ယုံကြည်ပါသည်။

ဆရာကြီးဒေါ်ဂုဏဝတီအကြောင်းကို ရေးမည်ဆိုလျှင် ဆရာကြီးရဝေထွန်း၏ သမီးချစ်ဆရာကြီး ဒေါ်သုဓမ္မဝတီကိုလည်း ချန်ထား၍ရမည်မဟုတ်ပါ။ ကျွန်မ ကိုယ်တိုင်လည်း ဆရာကြီးတို့ နီပေါနိုင်ငံ၌ သာသနာပြုခဲ့ကြပုံအကြောင်းကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား အသိပေးပြောပြချင်ပါသည်။ အကြောင်းမှာ လူအများ မသိရှိသော နီပေါမြန်မာဆက်ဆံရေး ရင်းနှီးခင်မင်နွေးထွေးမှုအတိုင်းအတာကိုလည်းကောင်း၊ လူမျိုးချင်းမတူသော်လည်း မိမိတို့ ကိုးကွယ်ယုံကြည်ရာ ဘာသာအတွက် သာသနာတော် စည်ပင်ပြန့်ပွားရေးအတွက် ကိုယ့်အသိစိတ်ဓာတ်နှင့်ကိုယ် ထားရှိခဲ့ကြသည့် အချင်းချင်းရိုင်းပင်းမှု၊ ဖေးမထောက်ပံ့ကူညီခဲ့ကြမှု၊ သံယောဇဉ် ကြီးမားမှုတို့ကိုလည်းကောင်း၊ ဆရာကြီးတို့၏ သာသနာပြုပုံတွင် တွေ့ရှိရမည်ဖြစ်ပါသည်။

နီပေါနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားတိုးတက်စေရန်ရည်သန်၍ ဗုဒ္ဓစာပေကျမ်းဂန်တို့ကို မြန်မာနိုင်ငံသို့ လာရောက်သင်ယူဖို့ရာ ဆင်းရဲဒုက္ခအမျိုးမျိုးခံခဲ့ရသော၊ သတ္တိရှိခြင်း၊ ပြတ်သားခြင်း၊ ထက်မြက်ခြင်း၊ တည်ကြည်ခြင်း

တို့နှင့်ပြည့်စုံသော ဆရာကြီးဒေါ်သုဓမ္မဝတီသည် သာသနာတော်အတွက် ရိုးသားခြင်း၊ စိတ်ရှည်သည်းခံတတ်ခြင်း၊ သဘောထားကြီးခြင်းတို့နှင့်ပြည့်စုံသော ပါရမီပြည့်ဖက် ဆရာကြီး ဒေါ်ဂုဏဝတီကို နီပေါနိုင်ငံသို့ ခေါ်ဆောင်သွားသည်မှာ ဆရာကြီး ဒေါ်သုဓမ္မဝတီ၏ မှန်ကန်စွာရွေးချယ်တတ်မှုကို အသိအမှတ်ပြု ထောက်ခံရပေမည်။

လွန်ခဲ့သော ၂၆နှစ်က ကျွန်မ၏ဖေဖေ ဦးငွေစန်းသည် နိုင်ငံတကာကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် သန့်ရှင်းမှုအင်ဂျင်နီယာ (Sanitary Engineer) အကြံပေး အရာရှိအဖြစ် နီပေါနိုင်ငံ၌ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုစဉ် ကျွန်မ၏ဖေဖေ ဦးငွေစန်းနှင့် မေမေဒေါ်စန်းနွဲ့တို့၏ကျေးဇူးကြောင့် သီလရှင်ဆရာကြီးတို့နှင့် ရင်းနှီး ဆက်ဆံခွင့်ရရှိခဲ့ကြပါသည်။ ထို့ပြင် ကျွန်မတို့မိသားစုသည် ဆရာကြီးတို့နှင့်အတူ အပြန်အလှန် ဖေးမကူညီစောင့်ရှောက်ရင်း ကျွန်မတို့၏ ဗီဇဆန္ဒနှင့် ဝါသနာအရ နီပေါ-မြန်မာနှစ်နိုင်ငံ၏ အမျိုးဘာသာ သာသနာအကျိုးကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ခွင့်ရရှိခဲ့ကြပါသည်။

ကျွန်မတို့ နီပေါတွင်နေစဉ် ဆရာကြီးတို့၏ လုပ်ဆောင်ချက်များနှင့် ရပ်တည် နေထိုင်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါသည်။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါးနှင့် ပြည့်စုံညီညွတ်စွာ ဆရာကြီးတို့၏ ကျင့်ကြံနေထိုင်မှုတို့ကို ကိုယ်တိုင် ကိုယ်ကျ သိမြင်ခဲ့ရပါသဖြင့် ထိုအချိန်ထိုကာလကတည်းကပင် ဆရာကြီးတို့ကို လေးစားကြည်ညိုခဲ့ရပါသည်။ ဆရာကြီးတို့မှာ အမျိုးဘာသာ သာသနာတော်အတွက် ငွေအင်အား လူအင်အားအထောက်အပံ့ကောင်းကောင်းဖြင့် လွယ်လွယ်ကူကူ ဆောင် ရွက်ရခြင်းမျိုးမဟုတ်ခဲ့သည်ကိုလည်း စာဖတ်သူတို့သိရှိရပေဦးမည်။

ကျွန်မရင်ထဲတွင် စွဲစွဲမြဲမြဲအမှတ်ရနေသည်မှာ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ ဆရာကြီးဒေါ်ဓမ္မဝတီ၏ ဓမ္မကိတ္တိဗိဟာရ်ရှေ့တွင်ပြုလုပ်သော ဒေါ်ဂုဏဝတီ၏ အသက် (၆၀)ပြည့် မွေးနေ့အခမ်းအနား၌ ထိုအချိန်က နီပေါလ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး မိန့်ခွန်းပြောကြားရာတွင် "ကျွန်တော်တို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှရရှိသော လက် ဆောင်များတွင် ဆရာကြီးဒေါ်ဂုဏဝတီကို ရရှိခြင်းသည် အကောင်းဆုံးနှင့် တန်ဖိုးအရှိ ဆုံး လက်ဆောင်မွန်ဖြစ်ကြောင်း" ပြောကြားသွားခြင်း ဖြစ်ပါသည်။ ထိုအချိန်က ကျွန်မမှာ အသက်၂၂နှစ်မျှသာ ရှိသေးသော်လည်း ထိုစကားကြားလိုက်ရစဉ် ကျွန်မမှာ မျက်ရည်ကျမိသည်အထိ ဝမ်းသာပီတိဖြစ်မိခဲ့ရပါသည်။

လွန်ခဲ့သော၂၆နှစ်ကာလက ဗုဒ္ဓဂါယာဘုရားဖူးသွားလာခြင်းသည် ယခုလောက်

မလွယ်ကူ မစည်ကားပါ။ ထိုအချိန်ကရိုးသားပြီး ဘာသာရေးအသိနည်းပါးနေသော နီပေါလူမျိုးများကို ဆရာကြီး ဒေါ်ဂုဏဝတီက သည်းခံ၍ဆက်ဆံပြီး ဘာသာရေး အသိများ၊ ဘာသာရေးသဘောတရားများ တိုးပွားရင့်သန်လာအောင် စိတ်ရှည်လက်ရှည် သွန်သင်ဟောပြ နည်းလမ်းပြပေးသည်။ ထိုနည်းတူစွာ နီပေါနိုင်ငံသို့ ရောက်ရှိလာ သော မြန်မာလူမျိုးများကို ဒေါ်ဓမ္မဝတီက ဖြူစင်သောမေတ္တာဖြင့် ကူညီစောင့်ရှောက်ပေး သည်။ ထိုဆရာကြီးနှစ်ပါးတို့ ဟန်ချက်ညီညီ သာသနာပြုခဲ့ကြခြင်းကြောင့် နီပေါ နိုင်ငံ၌ ဗုဒ္ဓသာသနာတော်ကြီးသည် တစ်နေ့တစ်ခြား တိုးတက်ဖွံ့ဖြိုး စည်ကားလာခဲ့ သည်ကိုလည်း မြင်တွေ့ခံစားခဲ့ရပါသည်။

သီလရှင်ဆရာကြီးနှစ်ပါး၏ စရိုက်လက္ခဏာနှင့်ပတ်သက်၍ နီပေါဆရာ တော်တစ်ပါးဖြစ်သည့် ဘမ်နေးပါးဆရာတော်က နှိုင်းခိုင်းတင်စားပြောဆိုသွားပုံကို ယခုတိုင် ကျွန်မသတိရနေမိပါသည်။ ဆရာတော်က ဆရာကြီး ဒေါ်သုဓမ္မဝတီ၏ ထက် မြက်မှုနှင့် မှန်မှန်ကန်ကန် လူကဲခတ်ရွေးချယ်တတ်သည့် အသိအမြင်ရှိမှုကို သက်မဲ့ ပစ္စည်းဖြစ်သော ဇကာဖြင့်လည်းကောင်း၊ မည်သူ့ကိုမဆို အယုတ်အလတ် အမြတ်မရွေး အားလုံးကို လိုက်လျောညီထွေစွာ သည်းခံပေါင်းသင်းဆက်ဆံပြီး ကူညီတတ်သော ဆရာကြီးဒေါ်ဂုဏဝတီကို ဇကောအဖြစ်လည်းကောင်း တင်စားပြောဆိုသွားသည်မှာ မှန်ကန်လှပေသည်ဟု ခံယူမိပါသည်။

ထိုသီလရှင်ဆရာကြီးတို့ နပျိုငယ်ရွယ်စဉ် ကျန်းမာသန်စွမ်းသည့်အချိန်က ဘုရားဖူးရင်းဖြင့် သော်လည်းကောင်း၊ လုပ်ငန်းတာဝန်ဖြင့် သော်လည်းကောင်း၊ အကြောင်း အမျိုးမျိုးဖြင့် နီပေါလ်နိုင်ငံသို့ရောက်ရှိလာသော မြန်မာလူမျိုး ရဟန်းရှင်လူ အပေါင်းတို့သည် ထိုဆရာကြီးနှစ်ပါး၏ ဝမ်းသာအားရတက်တက်ကြွကြွဖြင့် အား တက်သရော ကူညီစောင့်ရှောက်မှုတို့ကို မလွဲမသွေခံစားခဲ့ကြရပေသည်။ ထိုသို့ ကူညီ စောင့်ရှောက်ခဲ့သည်များကို ခံစားခဲ့ရဖူးသူတို့သည် ဤမှတ်တမ်းကို ဖတ်ရှုမိသည့် အချိန်တွင် အသက်ကြီးရင့်လာပြီဖြစ်သော ဆရာကြီးတို့ကို ပြန်လည်အမှတ်ရ၍ မိမိ တတ်နိုင်သည့်အနေအထားဖြင့် ကာယကံဖြင့်လည်းကောင်း၊ ဝစီကံဖြင့် လည်းကောင်း၊ မနောကံဖြင့်လည်းကောင်း ပြန်လည်ကူညီစောင့်ရှောက်ပြီး ကျေးဇူးဆပ်နိုင်လျှင် ဘဝ တစ်ကွေ့တွင်တွေ့ဆုံရသော လူသားအချင်းချင်းတွေ့ဆုံရကျိုးနပ်သည်ဟုဆိုရပေမည်။

ချမ်းမြေ့ပါစေ

မစာဆို (မြို့မအမျိုးသားကျောင်းသူဟောင်း)

၇။ ဂုဏ်ယူပါရ ခေမာရာမ - ဒေါ်ဓဝနသိဂီ၊ ဒေါ်ရူပဝတီ

အစ်မကြီးဒေါ်ဂုဏဝတီဟာ မော်လမြိုင် ခေမာရာမစာသင်တိုက်မှာ ၁၆နှစ်တိတိ နေထိုင်ပြီး စာသင်သွားခဲ့ပါသည်။ ခရစ်နှစ် ၁၉၄၇ မှ ၁၉၆၃ ထိပါ။ ၁၉၆၂ ခုမှာ သာသနဓဇ ဓမ္မာစရိယဘွဲ့ရပြီး နောက်နှစ်မှာ နီပေါကို သမီးချစ်နဲ့ လိုက်ပါသွားခဲ့ပါသည်။ အစ်မကြီးဒေါ်ဂုဏဟာ ခေမာရာမတတိယမြောက် နာယကကြီး ဆရာတော် ဒေါ်ပညာစာရီရဲ့ တပည့်ရင်းဖြစ်ပါတယ်။ ဆရာကြီးဒေါ်ပညာစာရီ အသက် ၉၄ နှစ်မှာ ကွယ်လွန် သွားပြီးနောက် အခုဆရာကြီးဒေါ်သုခကာရီက ခေမာရာမနာယက တာဝန်ကို ဆက်ခံခဲ့ပါသည်။ အခုဆိုရင် ဆရာကြီးဒေါ်သုခကာရီလဲ အသက် ၁၀၂ နှစ်ရှိပါပြီ။

အစ်မကြီးဒေါ်ဂုဏဝတီဟာ မိမိရဲ့အောင်ရာဌာနဖြစ်တဲ့ ခေမာရာမကို ဘယ်တော့မှ မမေ့ပါ။ နီပေါက ပြန်ရောက်ပြီး မြန်မာ နီပေါသီလရှင်ကျောင်းတိုက်မှာ နာယက တာဝန်ယူနေရပေမဲ့ ခေမာရာမနာယက ဆရာကြီး ဒေါ်သုခကာရီကို နှစ်စဉ် အမြဲဦးခိုက်ကန်တော့ ဂါရဝပြုတဲ့ဝတ်ကို မပျက်စေခဲ့ပါ။ နီပေါက သီလရှင်တွေ ဧည့်သည်တွေရောက်တဲ့ အခါတိုင်းမှာလဲ ဆရာကြီးဒေါ်ဂုဏကိုယ်တိုင် ခေမာရာမကို အမြဲပို့ဆောင်ပေးပြီး ဦးတိုက်ကန်တော့လေ့ရှိပါတယ်။

ခေမာရာမမှာ ရှိစဉ်ကတည်းက အစ်မကြီးဒေါ်ဂုဏဟာ မိမိကိုယ်ကို အမြဲနှိမ့်ချလေ့ရှိတယ်။ တစ်ပါးသူကို အမြဲကူညီတတ်တယ်ဆိုတဲ့စကားကို ကြားသိနေရပါတယ်။ အစ်မကြီးအတွက် ခေမာရာမစာသင်တိုက်က အမြဲဂုဏ်ယူလျက် ရှိနေကြပါတယ်။

ဒေါ်ဓဝနသိဂီ၊ ဒေါ်ရူပဝတီ
ခေမာရာမစာသင်တိုက်၊ မော်လမြိုင်မြို့

၈။ နှစ်ရှက်တစ်လှာ စွယ်တော်ပမာ – ဒေါ်ခင်မေနွဲ့

နီပေါသာသနာပြုရာတွင် ဒေါ်ဂုဏဝတီအကြောင်းပြောလျှင် ဒေါ်သုဓမ္မဝတီ မပါလျှင် မဖြစ်သကဲ့သို့ ဒေါ်သုဓမ္မဝတီအကြောင်းပြောလျှင်လည်း ဒေါ်ဂုဏဝတီ မပါလျှင် မပြီးပေ။ ထို့ကြောင့်ပင် ဆရာကြီး နှစ်ပါးအား နှစ်ရှက်တစ်လှာ စွယ်တော်ပမာဟုသာ နှိုင်းခိုင်းချင်ပါသည်။

ဒေါ်ဂုဏဝတီမှာ ကိုယ်ဟန်သွယ်လျလျနှင့် စိတ်ထားသိမ်မွေ့သူ၊ အေးဆေးသူ၊ နူးညံ့ပြော့ပျောင်းသူတစ်ဦးဖြစ်ပါသည်။ သို့ရာတွင်လှုပ်ရှားဟန်မှာ ယခု အသက် ၈၆ နှစ်အတွင်း ရောက်နေစေကာမူ သွက်လက်ဆဲ၊ ပေါ့ပါးဖျတ်လတ်ဆဲဖြစ်သည်ကို တွေ့ရ

ပါသည်။ နီပေါတွင်ရှိစဉ် ခြေလျင်တောင်တက်ခရီးသွားကြရာတွင် ဒေါ်ဂုဏဝတီက ရှေ့ဆုံးကဲ ဦးစီးခေါင်းဆောင်ဖြစ်ကြောင်း အရှင်ဉာဏပုဏ္ဏိကဏ်၏ဆောင်းပါးအရ သိရပါသည်။ တရားထိုင်ချိန် တရားနာချိန်မှလွဲ၍ အလုပ်နှင့်လက်မပြတ်လုပ်ဆောင်နေတတ်သူဖြစ်ကြောင်း မြန်မာနီပေါကျောင်းသို့ ကျွန်မရောက်သည့်အခါတိုင်းတွေ့ရပါသည်။

ဆရာကြီးဒေါ်ဂုဏသည် အချက်အပြုတ်၊ အချုပ်အလုပ်နှင့်လက်မှုပညာလည်း တတ်သည်။ ယခင်က နီပေါတွင် သင်္ကန်းဝယ်ရမလွယ်၍ ဝါဆိုကထိန်အခါ သင်္ကန်းများကို ဒေါ်ဂုဏဝတီကပင် ချုပ်လုပ်ပေးရသည်။ နီပေါလ်သူကလေးများကိုလည်း တတ်သမျှ လက်မှုပညာတို့ကို သင်ပြပေးပါသည်။ ဤသည်တို့မှာ ခေမာရာမ နာယက ဆရာကြီးဒေါ်ပညာစာရီ၏ အသွန်အသင်၊ အကွပ်အညှပ်တို့ကို ကောင်းစွာခံယူခဲ့ရသော ကျေးဇူးကြောင့်ဖြစ်သည်ဟု တပည့်ရင်းဖြစ်သော ဒေါ်ဂုဏဝတီသည် ဆရာ၏ကျေးဇူးကို ကျွန်မအား မကြာခဏထုတ်ဖော် ပြောပြတတ်ပါသည်။

ဆရာကြီးဒေါ်ဂုဏဝတီသည် ဇာတိဖြစ်သော မုဒုံမော်လမြိုင်နှင့် စစ်အတွင်း ခေတ္တနားခိုခဲ့ရသော စစ်ကိုင်းချောင်မှတပါး မြန်မာပြည်တွင်းမှာပင် အခြားဒေသသို့ ရောက်ဖူးသူ၊ နေဖူးသူမဟုတ်ပေ။ ထို့ကြောင့် တစ်ပြည်ရပ်ခြားတိုင်းတစ်ပါးသို့ ရောက်သွားရသောအခါ ပင်ကိုယ်စိတ်ပြောင်ပျောင်းသူဖြစ်၍ ရောက်ခါစတွင်ခံစားမှုအနည်းငယ် ရှိခဲ့ခြင်းဖြစ်ပေသည်။ သို့သော် ဆရာကြီးဒေါ်ဂုဏဝတီသည် ခေမာရာမသို့ ဒေါ်ဓမ္မဝတီရောက်လာကတည်းကပင် တစ်နေ့တွင် သူလည်း ရှင်တော်ဘုရား၏ ကျေးဇူးဆပ်မည်။ သာသနာပြုမည်ဟု သန္နိဋ္ဌာန်ချထားခဲ့သူတစ်ဦးဖြစ်သည်။ ရှင်တော်ဗုဒ္ဓမြတ်ဓမ္မကို အလေးအနက်သက်ဝင်ကြည်ညိုသော ဗုဒ္ဓ၏ သမီးတော်တစ်ဦးဖြစ်၍ ရင်တွင်းဝယ် ဗုဒ္ဓတရားတော်မြတ်များ အစဉ်ကိန်းအောင်းနေသူလည်းဖြစ်သည်။ ထို့ကြောင့်လည်း ကြုံတွေ့လာသမျှကို တရားဖြင့် ဆင်ခြင်နှလုံးသွင်းနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ဗုဒ္ဓဓမ္မကို လက်တွေ့ ကျင့်သုံးနိုင်ခဲ့၍လည်း မိမိစိတ်ကိုမိမိ အောင်နိုင်သူတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဒေါ်ဂုဏဝတီသည် အေးဆေးသူတစ်ဦးဖြစ်စေကာမူ ဒေါ်သုမေ့ဝတီကဲ့သို့ပင် မိမိရည်မှန်းချက်အောင်မြင်သည်အထိ ဇွဲနဘဲကြီးစွာဖြင့် မဖြစ်မနေလုပ်ဆောင်တတ်သူတစ်ဦးဖြစ်သည်။ ဤသည်ကို နီပေါပြည်တွင် အနှစ် ၃၀ ကျော် သာသနာပြုနိုင်ခဲ့ခြင်းက သက်သေခံနေပါသည်။ နီပေါပြည်သူပြည်သားအများက လေးစားကြည်ညိုရသော ပြည်ပသာသနာပြု မြန်မာသီလရှင်တစ်ပါးအဖြစ်လည်း မှတ်တမ်းတင်နိုင်ခဲ့

ပါသည်။

ဒေါ်သုဓမ္မဝတီမှာ ယူနက်စကိုစာပေဆုရ နာမည်ကျော်စာရေးဆရာကြီး ရဝေထွန်း(ဆရာတော်ဦးတိ လောကသာရ)၁၉၆၃ခုတွင် ရေးသားထုတ်ဝေခဲ့သော "သမီးချစ်" စာအုပ်မှ ဂဏေသကုမာရီ (ဒေါ်သုဓမ္မဝတီ) ပင် ဖြစ်သည်။ ထို့ကြောင့် သမီးချစ်ဟုလည်း အမည်တွင်နေသည်။

အစ်ကိုနှစ်ယောက် မောင်နှစ်ယောက်အကြားတွင် ဖခင်ကြီး၏အချစ်ဆုံး၊ အမြတ်နိုးဆုံး၊ တန်ဖိုးအထားဆုံး၊ တစ်ဦးတည်းသောသမီးလေးဖြစ်သောကြောင့် ဖခင်ကြီးဦးဟရသမာန၏ သမီးချစ်ဖြစ်သည်။ ဗုဒ္ဓတရားတော်မြတ်ကို ၂-ခါမျှနာကြားလိုက်ရုံမျှဖြင့်ပင် အလေးအနက်သက်ဝင်ကြည်ညိုသွားသည်။ ရှင်တော် ဗုဒ္ဓဖွားရာဖာတိ လုမ္ဗနီဥယျာဉ်အနီးတွင်ရှိပါလျက် ဗုဒ္ဓဟောကြားထားတော်မူခဲ့သော တရားစစ်တရားမှန်များမှေးမှိန်နေသည်ကို အားမလိုအားမရဖြစ်သည်။ ဤနေရာ ဤဒေသတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွားစေလိုသော ဆန္ဒကြီးမားသည်။ ဗုဒ္ဓကျမ်းစာသင်ယူရန် မြန်မာပြည်သို့လာရဖို့အရေး ဖခင်ကြီး၏ ကန့်ကွက်မှု၊ ပိတ်ပင်တားဆီးမှု အတန်တန်ကြားမှ အိမ်မှ ထွက်ပြေးပုန်းရှောင်ခဲ့သည်။ ပြီးနောက် မတတ်သာသည့်အဆုံး မြန်မာပြည်တွင်းသို့ တောတောင်ခရီးအကြားမှ စွန့်စွန့်စားစား ခြေလျင်လာခဲ့သည်။ ဤအကြောင်းကြောင်းတို့ကြောင့် မဂဏေသ (မသုဓမ္မဝတီ)မှာ ဗုဒ္ဓမြတ်စွာ၏ သမီးချစ်လည်း ဖြစ်ပေသည်။ မဂဏေသတို့နေထိုင်ရာ လလိတပူရသို့ လာရောက် တရားဟောပြသော ကုသိနာရုံမှ မြန်မာရဟန်းတော်ဦးဓမ္မာဝုဓသည် ဗုဒ္ဓကျမ်းစာသင်လိုစိတ် ထက်သန်ပြင်းပြလွန်းလှသော ၁၃ နှစ်သမီးလေး မဂဏေသ၏ ဆန္ဒမွန်ဆန္ဒမြတ်ကို စေတနာကရုဏာကြီးမားစွာဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ကြိုးပမ်းဖြည့်ဆည်းပေးခဲ့သည်။ ထို့ကြောင့်လည်း မဂဏေသသည် ဆရာတော်ဦးဓမ္မာဝုဓ၏ သမီးချစ်ဟုလည်း ဆိုနိုင်ပြန်ပါသေးသည်။

ဤသို့ ဤသို့သော ဝိသေသများရှိသည့် သမီးချစ်မသုဓမ္မဝတီသည် မြန်မာပြည်သို့ ရောက်ပြီးနောက် မော်လမြိုင်မြို့ရှိ ခေမာရာမစာသင်တိုက်တွင် ဗုဒ္ဓကျမ်းစာတို့ကို ၁၂-နှစ်တာမျှ လေ့လာဆည်းပူးသင်ယူခဲ့သည်။ သာသနဓဇဓမ္မာစရိယ စာမေးပွဲအောင်မြင်ပြီးသည့်နောက် ၁၉၆၃ ခုတွင် နီပေါပြည်သို့ပြန်ကာ သာသနာပြုလုပ်ငန်းများကို စတင်ဆောင်ရွက်တော့သည်။ နီပေါသို့အပြန်တွင် ခေမာရာမစာသင်တိုက်၌ အတူနေခဲ့သူ ဓမ္မာစရိယ မဂုဏဝတီကိုပါ တပါတည်းခေါ်ဆောင်ခဲ့သည်။ ထို့နောက်

နီပေါတွင် နှစ်ဦးအတူ သာသနာပြုခဲ့ကြသည်ဖြစ်၍ သမီးချစ်မသုဓမ္မဝတီ၏ ဘဝ ဒုတိယပိုင်း သာသနာပြုကာလသည်ကား မဂုဏဝတီနှင့် ခွဲခြားမရ၊ အစဉ်အမြဲတွဲလျက် သား တွေ့မြင်ကြရပေသည်။

ဆရာလေးဘဝမှ ဆရာကြီးဘဝသို့ရောက်သည်ထိ သီလရှင်နှစ်ပါး၏ အပင် ပန်းခံပုံ၊ စေတနာထားပုံတို့ကို အမြဲအစဉ်မြင်တွေ့နေကြရသော နီပေါလ် ပြည်သူပြည် သားများကလည်း ဆရာကြီးနှစ်ပါးအား သဒ္ဓါတရား တိုးပွားသည်ထက် တိုးပွားလာကြ ကာ တစ်စထက်တစ်စ ပို၍အားပေးလာကြသည်။ ပို၍ပို၍ ထောက်ပံ့လာကြသည်။ နီပေါသို့ရောက်စအခါက ဆရာလေးနှစ်ပါး မြေသယ်အုတ်သယ်ကာ လုပ်အားပေး တည်ဆောက်ခဲ့ကြသော ဓမ္မကိတ္တိဝိဟာရ နှစ်ထပ်ကျောင်းတိုက်လေးမှာလည်း၊ ပြည်သူ များက ဝိုင်းဝန်းလှူဒါန်းကာ အသစ်ထပ်မံတည်ဆောက်ပေးခဲ့ကြသည်ဖြစ်၍ ယခုအခါ ရှေ့ဘက်ပိုင်းတွင်လေးထပ်ဆောင်၊ နောက်ဘက်ပိုင်းတွင် ငါးထပ်ဆောင်ရှိသော ဓမ္မ ကိတ္တိဝိဟာရကျောင်းတိုက်ကြီးအဖြစ် ခတ္တမန္တျူဝယ် ခန့်ခန့်ထယ်ထယ် တည်ရှိနေပေပြီ။

ဓမ္မကိတ္တိအမည်ရှိ စာစောင်ကို ဆရာကြီးနှစ်ပါးဦးစီးကာ ပထမတွင်နှစ်စဉ်ထုတ် ဝေခဲ့ရာမှ နောက်ပိုင်းတွင် လစဉ်ထုတ်ဝေလာနိုင်ခဲ့သည်။ ဂျာနယ်တွင် နေဝါရီ၊ နေပါလီ ၂ဘာသာအပြင် အင်္ဂလိပ်ဘာသာဖြင့်ပါ ဆောင်းပါးများ ရေးသားလာကြသည်။ ဒေါ်ဂုဏဝတီသည် နီပေါတွင်ရှိစဉ် ရန်ကုန်ရှိ ဗုဒ္ဓဓမ္မလောက စာစောင်သို့လည်း နီပေါသာသနာရေးအကြောင်း ဆောင်းပါးများ မကြာခဏရေးသားပေးပို့ခဲ့သည်။

ဒေါ်ဂုဏဝတီသည် မြန်မာပြည်သို့ပြန်လာပြီးနောက် ၂ နှစ်တစ်ခေါက် နီပေါ သို့အလည်ရောက်သည်။ တစ်ခေါက်လျှင် နီပေါတွင် အနည်းဆုံး ၂လ–၃လ၊ အများဆုံး ၁၀လ–၁၁လအထိပင် နေခဲ့သည်။ နီပေါမှ ပြန်လာလျှင်လည်း အနည်းဆုံး နီပေါ သီလရှင်နှင့် နီပေါအမျိုးသား အမျိုးသမီးများ ၂၅–၃၀ တစ်ခါတစ်ရံ ၄၀–၅၀၊ တစ်ခါတစ်ရံ ၅၀ကျော်အထိပင် မြန်မာပြည်သို့ လိုက်ပါလာသည်။ ယခု ၂၀၀၉ ခုနှစ်တွင်လည်း ဝါဆိုလပြည့်မတိုင်မီမှ တန်ဆောင်မုန်းလအထိ နီပေါတွင် ၅လ ကြာခဲ့သည်။ အပြန်တွင် နီပေါသီလရှင် ၂ပါး ၃ပါးနှင့် တကာ၊ တကာမများ လိုက်ပါ လာသည်။ ဒေါ်ဂုဏဝတီကိုလိုက်ပို့ရင်း နီပေါသီလရှင်များ၊ ဧည့်သည်များသည် မြန်မာပြည်အနှံ့ဘုရားဖူးကြသည်။ တရားထိုင်ကြသည်။ မော်လမြိုင်သို့ ဒေါ်ဂုဏဝတီ ကိုယ်တိုင် လိုက်ပို့ပေးပြီး မြန်မာပြည်အနှံ့ ဘုရားစုံသို့ မြန်မာနီပေါကျောင်း သီလရှင် ဒေါ်တိက္ခဝတီဦးဆောင်၍ လိုက်ပို့ပေးသည်။ နီပေါသီလရှင်များသည် မြန်မာပြည်

တွင် တစ်လခန့်နေပြီးမှပြန်ကြသည်။ နီပေါမှ ကိုယ့်အစီအစဉ်ဖြင့်ကိုယ် မြန်မာပြည်သို့ ဘုရားဖူး လာရောက်ကြသော ဧည့်သည်များသည်လည်း မြန်မာနီပေါကျောင်းတိုက်မှာပင် တည်းခိုကြသည်။ ထိုသူများကိုလည်း ကျောင်းတိုက်က ပြုစုပေးသည်။ ကူညီပေးသည်။

ဒေါ်ဂုဏဝတီနည်းတူ ဒေါ်သုဓမ္မဝတီသည်လည်း မြန်မာပြည်သို့ ဘုရားဖူးရင်း ဒေါ်ဂုဏဝတီထံ မကြာခဏလာလည်တတ်သည်။ ယခုတစ်ခေါက် ၂၀၁၀ခု ဖေဖော်ဝါရီလတွင်လည်း ဒေါ်ဓမ္မဝတီနှင့်တပည့် ဒေါ်ခေမာဝတီ အဖော် ၃ ဦးနှင့် ရဟန်းဝတ်ထားသော မောင်အငယ်တို့လိုက်ပါလျက် မြန်မာပြည်သို့ အလည်ရောက်လာသည်။ ဒေါ်ဓမ္မဝတီသည် လက်မောင်းတစ်ဖက် လေဖြတ်သကဲ့သို့ဖြစ်ပြီး ကောင်းစွာမမြောက်နိုင်သည့်ကြားမှပင် မန္တလေးနှင့် ပြင်ဦးလွင် ပိတ်ချင်းမြောင်တို့သို့ ဘုရားဖူးသွားရောက်ခဲ့ပါသေးသည်။ ဤသို့ နီပေါနှင့်မြန်မာ မြန်မာနှင့်နီပေါ ယက်ကန်း ရှယ်သည့်ပမာ အတုံ့အလှယ် ကူးလူးဆက်သွယ်နေကြသည်မှာ မြန်မာနီပေါ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအတွက် အထောက်အကူဖြစ်စေသည်ဟုလည်း ဆိုနိုင်ပါသည်။

နီပေါတွင် သီလရှင်ဆရာကြီးနှစ်ပါး ဤသို့အစဉ်တစိုက် ကြိုးပမ်း ထမ်းဆောင်နိုင်ခြင်းအကြောင်းရင်းမှာ အခြားမဟုတ်။ ထိုဆရာကြီးနှစ်ပါး၏ ရင်ထဲတွင် ရှင်တော်ဗုဒ္ဓမြတ်ဓမ္မတို့ စွဲမြဲကိန်းအောင်းနေသည်အထိ ဗုဒ္ဓအားသက်ဝင်ကြည်ညိုမှုကို အရင်းခံကာ ရှင်တော်ဗုဒ္ဓဖွားရာဇာတိ နီပေါပြည်တွင် ဗုဒ္ဓ၏စစ်မှန်သော ထေရဝါဒ သာသနာတော်ကြီး ထွန်းကားပြန့်ပွားစေလိုမှုဟူသော အဓိကရည်မှန်းချက်ကြီးကြောင့်ပင်ဖြစ်သည်။ ဆရာကြီးနှစ်ပါးစလုံးသည် မည်သည့်အဆင်မပြေမှုနှင့်ကြုံကြုံ စိတ်မပျက်အားမလျှော့ဘဲ မိမိတို့၏ရည်မှန်းချက်ကိုသာ အစဉ်ဦးထိပ်ပန်ဆင်ခဲ့ကြသည်။ ထို့ကြောင့်လည်း ရှင်တော်ဗုဒ္ဓထွန်းညှိထားတော်မူခဲ့သော ထေရဝါဒ ဗုဒ္ဓသာသနာတော်တည်းဟူသော မီးရှူးတိုင်ကြီးသည် နီပေါနိုင်ငံတွင် ပြန်လည်လင်းလက် ရောင်ရှိန်တက်လာခဲ့သည်။

ထို့ကြောင့်ပင် ထိုဆရာကြီးနှစ်ပါးသည် တစ်လွှာတည်းတွင်နှစ်ဖြာသော အရွက်တို့ တွဲစပ်ကပ်ယှဉ်နေသော စွယ်တော်ရွက်ပမာဖြစ်သည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။ စွယ်တော်ရွက်၏ အလယ်ရိုးတံအကြောမကြီးသည် လက်ဝဲလက်ယာရွက်ချပ်နှစ်လွှာကို အကြောသေး အကြောမျှင်တို့ဖြင့် ဖွဲ့နှောင်ရစ်ဆိုင်း အထပ်ထပ် ယှက်သိုင်းထားသည့်ပမာ နီပေါနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ပြန်လည်စည်ပင်ပြန့်ပွားစေလို

သော ဆရာကြီးနှစ်ပါး၏ ပြင်းထန်သောဆန္ဒ၊ ထက်သန်သောစေတနာ၊ ကြီးမားသော ရည်မှန်းချက်တည်းဟူသော အကြောမျှင်ကြီးငယ် အသွယ်သွယ်တို့သည် ထိုဆရာကြီး နှစ်ပါးအား မကွဲမပြားတသားတည်းဖြစ်အောင် ရစ်ပတ်ဖွဲ့နှောင်ထားခြင်းကြောင့်ပင် ဖြစ်ပေသည် ။ ။

ဒေါ်ခင်မေနွဲ့

၉။ ဖြတ်သန်းခဲ့ရာ နီပေါဗုဒ္ဓသာသနာ - **Ven: Kondanya**

နီပေါသည် ဂေါတမဗုဒ္ဓဖွားတော်မူရာ ဒေသဖြစ်သော်လည်း ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာပျောက်နေခဲ့သည်။ အရှင်ဗုဒ္ဓ၏ တပည့်သား ရဟန်းသံဃာတစ်ပါး တစ်လေမျှပင် နီပေါတွင် မကျန်ရှိခဲ့။ နောက်ပိုင်း ရဟန်းပြုသူ ရှိလာသည့်အခါတွင်လည်း အုပ်ချုပ်သူမင်းများက တရားမဟောရဟု တားမြစ်ခြင်း၊ မလိုက်နာပါက ပြည်နှင်ဒဏ်ပေးခြင်း၊ ဒေါ်ဂုဏဝတီကြားသိချက်အရ ရဟန်းတော်များ အား ဖမ်းဆီးကာ ထောင်သွင်းအကျဉ်းချထားခြင်းတို့ကိုပင် ပြုခဲ့သည်။ ထို့ကြောင့် နီပေါဗုဒ္ဓသာသနာမှာ အစပိုင်းတွင် မှောင်အတိကျခဲ့သည်။ နောက်ပိုင်းတွင်လည်း လင်းတစ်ခါ မှိန်တစ်လှည့်ဖြင့် ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ရသည်။ ယခုနောက်ပိုင်းတွင်မှ သာသနာရောင်ဝါ ထိန်ဝေဖြာခဲ့သည်။

နီပေါသာသနာနှင့်ပတ်သက်၍ သာသနာနှစ် ၂၅၅၃ ခုနှစ်မြောက် ကဆုန် လပြည့်၊ ဗုဒ္ဓနေ့ အထိမ်းအမှတ် စာစောင် ၂၀၀၉ခု၊ မေလ(၉)ရက် (BS 2553 Buddha Purima Souvenir 2009) တွင် နီပေါရှိ ဗုဒ္ဓဝိဟာရ ဘိက္ခုတိမဏ္ဍပ (Buddha Vihar Bhrikutimandap) မှ အရှင်ကုဏ္ဍနယရေးသားသော ယနေ့ မျက်မှောက်ခေတ်အထိ နီပေါ၏ထေရဝါဒမှတ်တမ်းများ (updated Theravada Records in Present Nepal) ဆောင်းပါးကို ဘာသာပြန်၍ တင်ပြလိုက်ပါသည်။

ဘီစီ ၆၂၃ခု ဝေဆာခ(ကဆုန်)လပြည့် (မေလ)တွင် နီပေါပြည်၊ ကပိလ ဝတ္ထုအနီး လုမ္ဗိနီဥယျာဉ်တွင် သိဒ္ဓတ္ထအမည်ရှိ မင်းသားတစ်ပါးဖွားမြင်ခဲ့သည်။ သူသည် အမြင့်မြတ်ဆုံးသော ဉာဏ်အလင်း (သမ္မာသမ္ဗောဓိ) ရရှိခဲ့ပြီး လောကကြီးကို သွန်သင် ညွှန်ပြ ဆုံးမဩဝါဒပေးသော အကြီးမြတ်ဆုံး ဆရာကြီး ဖြစ်သည်။ ယနေ့ခေတ်တွင် ဗုဒ္ဓဘာသာသည် အမွေဝါဒကို မလိုလားသောဘာသာတရားများတွင် အရေးပါဆုံး သော ဘာသာတရားကြီးတစ်ရပ်ဖြစ်သည်။ မသိခြင်း(အဝိဇ္ဇာ၊ မောဟ)နှင့် လိုချင်

တပ်မက်ခြင်း (တဏှာဥပါဒါန်) တို့သည် လူသားတို့ ခံစားနေရသော ဝေဒနာအားလုံး၏ ရင်းမြစ်ဖြစ်သည်ဟု ရှင်တော်ဗုဒ္ဓက လေးနက်စွာဆင်ခြင် သုံးသပ်၍ ဟောကြားခဲ့သည်။ ငြိမ်းချမ်းခြင်းမင်းသားသည် စင်စစ်အားဖြင့် လူသားကဖွားမြင်ပြီး၊ မင်းသားအဖြစ် စံစားကြီးပြင်းလာခဲ့သူတစ်ဦးဖြစ်သည်။

လူသားများအဆုံးမရှိ ကြိမ်ဖန်များစွာ ခံစားနေရသော ဆင်းရဲဝေဒနာများမှ လွတ်မြောက်ရန်နှင့် မပြီးမဆုံးနိုင်အောင် အဖန်ဖန်သေခြင်း၊ အဖန်ဖန်ပြန်လည်မွေးဖွားခြင်းတို့မှ လွတ်မြောက်ရန်အတွက် လူသားများကို ကယ်တင်ရမည့်နည်းလမ်းများကို ရှာဖွေဖို့ရာ သိဒ္ဓတ္တသည် သူ၏မင်းသားစည်းစိမ်၊ နန်းတော်နှင့်တိုင်းပြည်ကို စွန့်လွှတ်ခဲ့သည်။ သူလေးနက်စွာ စဉ်းစားဆင်ခြင်သုံးသပ်ရှာဖွေခဲ့သော နည်းလမ်းများမှာ သစ္စာလေးပါး မြတ်တရားနှင့် မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ်လမ်းစဉ်ဖြစ်သည်။ ရှင်တော်ဗုဒ္ဓ၏အဆုံးအမများသည် ယနေ့အထိ ရာစုနှစ်ပေါင်း ၂၅ ခု (သို့) နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်သည့်တိုင်အောင် ထင်ရှားနေဆဲပင် ဖြစ်သည်။

နီပေါပြည်အဖို့ ကံကြမ္မာဆိုးကြီးတစ်ရပ်မှာ အရှင်ဗုဒ္ဓသည် ဤတိုင်းပြည်တွင် ဖွားမြင်ခဲ့သော်လည်း ရာစုနှစ် ၇ ခု (နှစ်ပေါင်း၇၀၀)မျှရှိသည်ထိ ဤတိုင်းပြည်တွင် ဗုဒ္ဓတရားလိုက်နာမည့်သူမရှိခြင်း၊ နီပေါပြည်သားရဟန်း(ဘိက္ခု)တစ်ပါးမျှမရှိခြင်း၊ နီပေါပြည်သူ သီလရှင်(အနာဂါရိက) တစ်ပါးမျှမရှိခဲ့ခြင်းပင် ဖြစ်သည်။

ဗုဒ္ဓဘာသာတွင် အဓိကပညာရှင်ကျောင်းတိုက်ကြီးနှစ်ရပ်ရှိသည်။ တစ်ခုမှာ တောင်ပိုင်းဗုဒ္ဓဘာသာ(သို့) ထေရဝါဒဗုဒ္ဓဘာသာကျောင်းဖြစ်၍ တစ်ခုမှာ မြောက်ပိုင်းဗုဒ္ဓဘာသာ(သို့)မဟာယာနဗုဒ္ဓဘာသာကျောင်းဖြစ်သည်။ ထိုပညာရှင် ကျောင်းနှစ်ခုစလုံး၏ အဆုံးစွန်သောရည်မှန်းချက်မှာ လောကကြီးတစ်ခုလုံး အေးချမ်းမှု၊ ပျော်ရွှင်မှု၊ လူမှုရေးသာယာဝပြောမှု၊ စည်းလုံးညီညွတ်မှုစသည်တို့ ရရှိစေရန်ဖြစ်သည်။

မှတ်တမ်းတင်ထားသော နီပေါသမိုင်းအရ ဇယသိဒ္ဓိမောလ (Jayasthiti Malla) မင်းလက်ထက် လူမှုပြုပြင်ရေး လုပ်ဆောင်ပြီးသည့်နောက် ဗုဒ္ဓဘာသာသည် ကျဆင်းဆုတ်ယုတ်သွားသည်။ ၁၉၂၄ ခုတွင် ဟင်ဒူဘာသာမှ ဆင်းသက်သော အရှင်မဟာပြဉ္ဇန (Ven. Mahaprjna) သည် ပထမဦးဆုံးသော ဗုဒ္ဓဘာသာဝင်ရဟန်းအဖြစ် ပဉ္စင်းခံသည်။ ခတ္တမန္ဒူရှိ ကျော်ကြားသော တိဗက်လာမားရဟန်းတော် အရှင်သရင်နော်ဘူး (Ven. Tsering Norbu) က သူ့ကို ပဉ္စင်းခံပေးသည်။

နီပေါတွင် စန္ဒရသျှမ်သျှား (Chandra Shamsher) ကွယ်လွန်ပြီးနောက်

ဝန်ကြီးချုပ် ရာနာ (Rana) လက်ထက်တွင် နီပေါ ဥပဒေသည် ဘာသာတစ်ခုမှတစ်ခုသို့ ကူးပြောင်းခြင်းကိုတင်းတင်းကျပ်ကျပ် တားမြစ်သည်။ သို့ဖြစ်၍ အရှင်မဟာပြဇ္ဇနနှင့် အခြားဗုဒ္ဓဘာသာဝင် ရဟန်းလေးပါးတို့သည် တိုင်းပြည်မှ နှင်ထုတ်ခံရသည်။ ပြည်နှင်ဒဏ်ခံရစဉ်အတွင်း ၁၉၂၈ ခုတွင် အရှင် မဟာပြဇ္ဇနသည် ပထမဆုံးသော ထေရဝါဒရဟန်းအဖြစ် ကုသိနာရုံ၌ မြန်မာရဟန်းတော် အရှင်ဦးစန္ဒရမနိမဟာထေရ (Chandra Mani Mahathera) ၏ ဥပနိဿယခံယူ၍ ရဟန်းပြုသည်။

ဤအချိန်အတောအတွင်းမှာပင် ဤဖြစ်ရပ်သည် ထေရဝါဒဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရေး လှိုင်းလုံးကြီးများကို နီပေါပြည်သို့ ပို့ဆောင်ပေးခဲ့သည်။ များစွာသော နီပေါလူငယ်တို့သည် တောင်ပိုင်းကျောင်းတော်တွင် အရှင်ဗုဒ္ဓ၏ မြင့်မြတ်သော ဝိနည်းတော်များကိုခံယူ၍ ရဟန်းပြုရန်အတွက် မိမိတို့၏အိမ်ဂေဟာများမှ ထွက်ခွာသွားကြသည်။ ၁၉၃၀တွင် ခတ္တမန္ဒူလမ်းမများပေါ်၌ ပထမဆုံးသော ထေရဝါဒ ဗုဒ္ဓဘာသာဝင် ရဟန်းတော်တစ်ပါး ထွက်ပေါ်လာသည်။ သူကား ဘိက္ခု ပြဇ္ဇနနန္ဒဖြစ်သည်။ ထို့နောက် သကျနန္ဒ (Shakyananda) ဓမ္မလောက (Dhamaloka)၊ အမရိတနန္ဒ (Amritananda)၊ အနုရုဒ္ဓ (Anuruddha)၊ သုဗောဓနန္ဒ (Subodhananda)၊ ဗုဒ္ဓဃောသ (Buddhaghosh) တို့သည်လည်း ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းအဖြစ် ပဉ္စင်းခံကြသည်။ အလားတူပင် ရတနပါလိ (Ratnapali) ဓမ္မပါလိ (Dharmapali)နှင့် သံဃပါလိ (Sanghapali) တို့လည်း နီပေါထေရဝါဒဗုဒ္ဓဘာသာသမိုင်းတွင် ပထမဆုံးသော အနာဂါရိက သီလရှင်များအဖြစ် ပေါ်ထွက်လာကြသည်။

၁၉၄၃ခုတွင် အရှင်ဓမ္မလောက (Ven. Dhamma Lok)သည် ခတ္တမန္ဒူရှိ သယမ္ဘူတောင်ကုန်း၏ အနောက်ဘက်တွင် အာနန္ဒကုဋိဝိဟာရ (Anandakuti Vihara) ကျောင်းတိုက်ကို တည်ထောင်သည်။ ခေတ်သစ် နီပေါတွင် ဤကျောင်းသည် ဗုဒ္ဓဘာသာဝင်ရဟန်းတော်များ သီတင်းသုံးသော ပထမဆုံးသောထေရဝါဒ ဗုဒ္ဓဘာသာကျောင်းသခ်မ်းဖြစ်သည်။ အရှင်နာရဒမဟာထေရသည် အာနန္ဒာကုဋိကျောင်းတွင် ပူဇော်ရန်အတွက် ရှင်တော်ဗုဒ္ဓ၏ဓာတ်တော်မြတ်များကို သီရိလင်္ကာနိုင်ငံ အနုရာဓမြို့မှ ပင့်ဆောင်လာသည်။ ထို့ပြင် အာနန္ဒကုဋိ ကျောင်းသခ်မ်းအနီးစိုက်ပျိုးရန် အနုရာဓမြို့ရှိ သီရိမဟာဗောဓိညောင်ပင်မှ ဗောဓိပင်အကိုင်းများကိုလည်း ပင့်ဆောင်လာသည်။ ၁၉၄၄ ခုတွင် ထိုခေတ်ဝန်ကြီးချုပ်ဖြစ်သော ယုဒ္ဓသျှမ်သျှားဂျေဘီရာနား (Juddha Shamsher J.B. Rana)သည် ခတ္တမန္ဒူတွင်နေထိုင်လျက်ရှိသော အရှင်သာမဏေရ(Ven. Samaneras)

ရတနဇယောတိ (Ratnajyoti)၊ အဂ္ဂဓမ္မ (Aggadhamma) ကုမာရကဿပ (Kumar Kashyapa) နှင့် ပြဥ္ဈနရာဇ (Prajanarasa) အပါအဝင် ရဟန်းတော် ၈ ပါးကို ဆင့်ခေါ်ပြီး ဗုဒ္ဓတရားများမဟောကြားရန် အမိန့်ပေးသည်။ ရဟန်းများက ထိုအမိန့်ကို နာခံရန် ငြင်းဆန်ကြသည်။ ထိုအခါ ဝန်ကြီးချုပ်သည် ထိုရဟန်းတော်များအား ခတ္တမန္ဒူမှ ၃ရက်အတွင်းထွက်ခွာသွားရန် တင်းတင်းကျပ်ကျပ် အမိန့်ချမှတ်သည်။ ထိုအချိန်တွင် အရှင်အမရိတနန္ဒ (Ven. Amritananda) သည် အိန္ဒိယပြည် ဆာရာနာသ် (Saranath) တွင်ရှိနေသည်။ နီပေါရှိ ရဟန်းတော်များအားလုံးသည် Saranath သို့သွား၍ အရှင် ဦးစန္ဒရမုနိမဟာထေရ်၏ အထောက်အပံ့ဖြင့် ဓမ္မောဒယသဗ္ဘ (Dhamodaya Sabbha) အမည်ရှိ ပထမဆုံးသော နီပေါဗုဒ္ဓသာသာအသင်းကြီးကို ဖွဲ့စည်းလိုက်ကြသည်။

ယနေ့ခေတ်တွင် ဓမ္မောဒယသဗ္ဘအသင်းကြီးသည် အကြီးဆုံးသော အမျိုးသားဗုဒ္ဓဘာသာအသင်းကြီး ဖြစ်သည်။ ဤအသင်းကြီးက ဦးစီးရှေ့ဆောင်ပြု၍ စတုတ္ထအကြိမ်မြောက်နှင့် ၁၅-ကြိမ်မြောက်ဗုဒ္ဓဘာသာ နှီးနှောဖလှယ်ပွဲများကို ကျင်းပခဲ့ပြီး နီပေါဒေသအသီးသီးတွင် အမျိုးသားဗုဒ္ဓဘာသာ ကွန်ဂရက်(သို့) အမျိုးသား ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့များ စည်းရုံးဖွဲ့စည်းခဲ့သည်။

ကွယ်လွန်သူ အရှင်သံဃမဟာနာယက ပြဥ္ဈနနန္ဒမဟာထေရနှင့် အရှင်ဒေါက်တာ အမရိတနန္ဒတို့နှစ်ပါးစလုံးသည် နီပေါ ထေရဝါဒဗုဒ္ဓဘာသာ၏ အထူးခြားဆုံး အထင်ရှားဆုံးသော နှစ်လိုကြည်ညိုဖွယ် အကောင်းဆုံးသော ဂုဏ်ဒြပ်များကို အထွတ်အထိပ်တိုင်ပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မွန်ကြီးများ ဖြစ်ကြပေသည်။ သူတို့သည် ဗုဒ္ဓကျမ်းစာကျွမ်းကျင်တတ်မြောက်သော ထင်ရှားသော ပညာရှိပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။ ဗုဒ္ဓသာသနာတော်ကြီးပြန့်ပွားစေရန် ပညာဖြန့်ဖြူးရေး၊ သတင်းဖြန့်ဖြူးရေးအတွက် သူတို့၏ဘဝတစ်သက်တာလုံးကို မြှုပ်နှံထားသူများဖြစ်ကြသည်။

အရှင်အမရိတနန္ဒသည် နီပေါထေရဝါဒဗုဒ္ဓဘာသာအတွက် ဆောင်းပါးများ ရေးပြီး စာနယ်ဇင်းများသို့ ပေးပို့ခဲ့သည်။ ထို့ပြင် နီပေါထေရဝါဒဗုဒ္ဓဘာသာအတွက် ဘာသာရေးအသိပညာနှင့်ဆိုင်သော ပညာရှင်ပီသသော ဘာသာရေးစာပေကျမ်းကြီးများစွာကိုလည်း ရေးသားထုတ်ဝေခဲ့သည်။ သူသည် နိုင်ငံတကာဆိုင်ရာ နီပေါဗုဒ္ဓဘာသာရဟန်းတော်အဖြစ် ထင်ရှားကျော်ကြားသည်။ ဗုဒ္ဓဘာသာအသင်းအဖွဲ့များတွင်လည်း ဦးစီးခေါင်းဆောင်ဖြစ်သည်။

ထိုအတောအတွင်း ၁၉၄၆ခုတွင် အရှင်နာရဒမဟာထေရ ဦးဆောင်သော

သီရိလင်္ကာမှချစ်ကြည်ရေး သာသနာပြုအဖွဲ့တစ်ဖွဲ့သည် နီပေါသို့ အလည်ရောက်လာသည်။ ထိုအဖွဲ့အား ဘုရားဖူးရန်ဒေသများသို့သာ သွားရောက်ခွင့်ပြုသည်။ သို့သော် တရားဓမ္မများဟောကြားရန် ခွင့်မပြု။ ဗုဒ္ဓဘာသာဝင်များ၊ အခြားနီပေါ ပြည်သူပြည်သားများနှင့်လည်း တွေ့ဆုံဆက်သွယ်ခွင့်မပြုခဲ့ပေ။ သီရိလင်္ကာကိုယ်စားလှယ်အဖွဲ့သည် အရှင်အမရိတ၏အကူအညီဖြင့် နီပေါဝန်ကြီးချုပ် ပဒ္ဒမသျှမ်သျှား ဂျေဘီရာနာ (Padma Shamsher J.B. Rana) နှင့် တွေ့ဆုံခဲ့သည်။ ဝန်ကြီးချုပ်က အရှင်ဓမ္မလောက (Ven. Dhammalok) ကို နီပေါသို့ ပြန်လာခွင့်ပြုခဲ့သည်။ ထိုမှစ၍ ပြည်နှင်ဒဏ်ခံထားရသူ နီပေါရဟန်းတော်များသည် နီပေါသို့ တဖြည်းဖြည်း ပြန်လည်ဝင်ရောက်လာကြသည်။

၁၉၅၁ခုတွင် နီပေါပြည်လုံးဆိုင်ရာ ဘိက္ခုအသင်းတော်ကြီး (All Nepal Bhikku Association) ကိုတည်ထောင်လိုက်ကြသည်။ ထိုမှစ၍ တဖြည်းဖြည်း ဝိဟာရ (ကျောင်းတိုက်) များတွင် ရဟန်းသံဃာတို့၏ သာသနာပြုလုပ်ငန်းများ အောင်မြင်ရေး၊ ရဟန်းတော်တို့၏ သာသနာပြုဘဝရှင်သန်တိုးတက်ရေးတို့အတွက် စည်းရုံးခဲ့ကြသည်။ ဗုဒ္ဓသာသနာတော်ကြီး ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

**ဒေါ်ခင်မေနွဲ့**

## ၁၀။ ဖွံ့ဖြိုးဝေဖြာ နီပေါ ထေရဝါဒဗုဒ္ဓသာသနာ - Ven: Kondanya

နီပေါတွင် ထေရဝါဒဗုဒ္ဓသာသနာ ပြန်လည်ထွန်းကားလာပြီးနောက် နှစ်ပေါင်းခြောက်ဆယ်အကြာတွင် ခတ္တမန္ဒူ၌ ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်ကျောင်းတိုက် (ဝိဟာရ) ပေါင်း ၃၀-အထိရှိလာသည်။ လလိတပူရတွင် ၂၁ ကျောင်း၊ ဘာဂတပူရတွင် ၄ ကျောင်းနှင့် ကျန်အခြားတောင်ကြားဒေသများတွင် ၄၇ ကျောင်းရှိ၍ စုစုပေါင်းကျောင်းတိုက်ပေါင်း ၁၀၂ ကျောင်း ရှိလာသည်။ သံဃနာယက အရှင်သုဗောဓမဟာထေရ ပျံလွန်တော်မူပြီးနောက် အရှင်ဗုဒ္ဓဃောသမဟာထေရ် ဆက်ခံသည်။ သံဃဥပနာယကမှာ အရှင်အသ္သဃောသ မဟာထေရ (Ven. Ashwaghosh Mahathera) ပင်ဖြစ်သည်။ ယခုလက်ရှိအချိန်တွင် အရှင်ဘိက္ခုဗောဓိသေန မဟာထေရ (Ven. Bhikku Bodisen Mahathera) သည် နီပေါပြည်လုံးဆိုင်ရာ ဘိက္ခုအသင်းတော်ကြီး (All Nepal Bikku Association) ၏ သဘာပတိဖြစ်သည်။

အလားတူပင် နီပေါပြည်တွင် အနာဂါရိက(Anagarika)သီလရှင် ၁၆၄ ပါး

ရှိပြီး အကြီးဆုံးဖြစ်သော သီလရှင်ဥတ္တရာနှင့် အနာဂါရိကဓမ္မဝတီ (Anagarika Dhammavati) တို့သည် ယခုလက်ရှိ နီပေါပြည်လုံးဆိုင်ရာ သီလရှင်များအသင်းကြီး၏ ဦးဆောင်သဘာပတိကြီးများဖြစ်ကြသည်။ အရှင်အသွဃောသ၊ ကုမာရကဿပ၊ ဉာဏပုရနိက (Jnanapurnik) နှင့် အနာဂါရိကဓမ္မဝတီတို့သည် ယခုလက်ရှိ နီပေါထေရဝါဒဗုဒ္ဓ သာသနာတော်ကြီး၏ ရှေ့ဆောင်ရှေ့ရွက် ထင်ရှားကျော်ကြားသော ဦးစီးခေါင်းဆောင်ကြီးများဖြစ်ကြသည်။

ဝိသွသျှန်တိဝိဟာရရှိ ဝိသွသျှန်တိ ဗုဒ္ဓသိဿလယ (Vishwashanti Buddha Shikshalaya) တွင် ဗုဒ္ဓကျမ်းစာများကို သင်ယူလေ့လာလျက်ရှိသော ဆယ်ကျော်သက်ရွယ်သာမဏေများ၊ ဘိက္ခုမျှားနှင့် အနာဂါရိကများမှာ စုစုပေါင်း ၄၇ ဦး ရှိသည်။

မြန်မာ၊ ထိုင်း၊ သီရိလင်္ကာအစရှိသော တိုင်းပြည်များတွင် ဗုဒ္ဓကျမ်းစာသင်ယူလေ့လာလျက်ရှိသော ဘိက္ခု၊ သာမဏေနှင့် အနာဂါရိက သီလရှင်ပေါင်းမှာ ၂၉၄ ဦး ရှိသည်။ ယခုလက်ရှိ နီပေါ၏အစီအစဉ်ရ နိုင်ငံခြားသွားရန် လက်ခံထားသော နီပေါအမျိုးသားဘိက္ခု၊ သာမဏေနှင့် နီပေါအမျိုးသမီးအနာဂါရိက သီလရှင်များမှာ စုစုပေါင်း ၆၂၈ ဦးရှိသည်။ အနာဂါရိကမှာ အိမ်ရာမထောင်သူဟု အနက်ရပါသည်။ ဖော်ပြခဲ့သည်တို့မှာ အရှင်ကုန္ဒာနယ(Ven: Kondanya) ရေးသည့် (Updated Theravada Records in Present Nepal) ဆောင်းပါးမှဖြစ်ပါသည်။

ခတ္တမန္ဒူတွင် လွန်ခဲ့သောနှစ်၅၀ခန့်က သီလရှင်နှစ်ပါး စတင်ကြိုးပမ်းလာခဲ့သော ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးမှာ ယခုအခါအောင်အောင်မြင်မြင် ဖွံ့ဖြိုးတိုးတက်စည်ပင်လျက်ရှိနေပြီဖြစ်၍ ဆရာကြီးနှစ်ပါး၏ ရည်မှန်းချက်ပြည့်ဝခဲ့ပြီး ဖြစ်ပါသည်။ ဓမ္မကိတ္တိဝိဟာရထွက် တပည့်များသည် သီးခြားတိုက်ခွဲများတည်ထောင်ပြီး ထေရဝါဒ ဗုဒ္ဓဘာသာအတွက် အားဖြည့်ပေးနေကြပေပြီ။ အခြားမဟာယနဝိဟာရများမှာလည်း ထေရဝါဒဝိဟာရအဖြစ် ကူးပြောင်းလာခဲ့ကြပြီဖြစ်ပါသည်။

နီပေါသီလရှင်များအသင်းကြီး၏ ဦးစီးခေါင်းဆောင်သဘာပတိကြီးဖြစ်သော ဒေါ်ဓမ္မဝတီမှာ ယခုအခါ အသက် ၇၆ နှစ်ရှိပြီဖြစ်သော်လည်း သာသနာတော်ကြီးအတွက် ဆက်လက်ထမ်းဆောင်ဆဲ တာဝန်ယူနေဆဲပင် ဖြစ်ပါသည်။ နီပေါရှိ နိုင်ငံတကာဗုဒ္ဓအလင်းရောင်အသင်းကြီး (Buddha's Light International Association, BLIA) ၏ အတွင်းရေးမှူး ဒေါက်တာအနော်ဇာ(Ph.D)မှာလည်း ဒေါ်ဓမ္မဝတီ၏တပည့် ဓမ္မကိတ္တိဝိဟာရထွက်ပင်ဖြစ်သည်။ ကျန်သည့် ဓမ္မကိတ္တိဝိဟာရထွက် တပည့်များ

သည်လည်း သူတို့၏ဆရာကြီးများကို နမူနာယူကာ နီပေါထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးအတွက် အင်တိုက်အားတိုက်ကြိုးပမ်းနေကြပြီဖြစ်ပါသည်။ ဒေါ်ဂုဏဝတီမှာလည်း လွန်ခဲ့သောနှစ်၅၀ခန့်ကစ၍ မိမိတို့ကြိုးပမ်းခဲ့ရသော နီပေါလ်သာသနာတော်ကြီးအတွက် အစဉ်ပီတိဖြစ်လျက် တစ်ဖက်တစ်လမ်းမှ တတ်စွမ်းသမျှကူညီလျက်ရှိပါသည်။

ကျွန်မသည် ၂၄-၄-၂၀၁၀နေ့က မြန်မာနီပေါကျောင်းတိုက်သို့ ရောက်သွားသည်တွင် မဟာသင်္ကသုခ ကျောင်းတိုက်တွင် တည်းခိုနေသော နီပေါဆရာတော်နှင့် ဦးပဥ္စင်းငယ်တစ်ပါး ဒေါ်စန်းနွဲ့ကားဖြင့် ရောက်လာသည်။ နီပေါဆရာတော်မှာ နီပေါဘာနေးပါးရှိ ဗောဓိဆာယာဝိဟာရ (BODHI CHARYA VIHAR) မှ အရှင်ဘိက္ခုဗောဓိသေန မဟာသထာဝိရ၊ သုတ္တန်ဝိနယဝိသာရဒ (ဘီအေ) (Rev: Bhikku Bodisen Mahasthavir Sutra Vinaya Visarada (B.A)) ဖြစ်၍ မြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ (၂၇-၄-၂၀၁၀) ကဆုန်လပြည့်နေ့တွင် မြန်မာနိုင်ငံတော်က ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲအခမ်းအနားတွင် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်ခံယူရန် ကြွရောက်လာခြင်းဖြစ်ပါသည်။ ခရီးရောက်မဆိုက်ပင် ဆရာတော်က တစ်တောင်ခန့်ရှိ ဗုဒ္ဓကျောက်ဆင်းတုတစ်ဆူ ဝယ်ယူပူဇော်လိုသည်ဆို၍ ချက်ခြင်းပင် ဒေါ်ဂုဏဝတီသည် သူ၏တပည့် သီလရှင်လေးနှင့်အတူ ရွှေတိဂုံဘုရားသို့ လိုက်ပို့ပေးသည်။ နေ့ရာသီ နေပူရှိန်ပြင်းသည့် နေ့ ၂-ချက်တီးကျော်အချိန်တွင် သွက်လက်ဖျတ်လတ်စွာ လှုပ်ရှားသွားလာနိုင်သေးသော အသက် ၈၆ နှစ်အရွယ် ဆရာကြီးဒေါ်ဂုဏဝတီ၏ ကျန်းမာရေးကောင်းမှုနှင့် စေတနာကောင်းမှုကို ကျွန်မသည် အံ့သြစွာပင်မြင်တွေ့ခဲ့ရပါသည်။ ဆရာကြီးဒေါ်ဂုဏဝတီ၏ တစ်သက်တာတွင် မည်သူ့ကိုမဆို စိတ်ရောကိုယ်ပါ ဖေးမကူညီစောင့်ရှောက်တတ်မှုကို ကျွန်မနှင့်တွေ့သမျှ၊ ဆရာကြီးနှင့်ပတ်သက်သမျှ မြန်မာနီပေါအားလုံးက တဖွဖွပြောဆိုတတ်ကြသည်ကို ကျွန်မပြန်လည်အမှတ်ရမိပါသည်။

ယခုမှပင်ကျွန်မ သတိရမိသည်။ လွန်ခဲ့သော ၂နှစ်ကာလ ဝါဆိုခါနီးအချိန်က မြန်မာနီပေါကျောင်းတိုက်သို့ ဒေါ်စန်းနွဲ့နှင့်အတူ ကျွန်မရောက်သွားခိုက် နီပေါမှ ဦးပဥ္စင်းတစ်ပါး ရောက်လာသည်နှင့် ကြုံသည်။ ဦးပဥ္စင်းက ဖားအောက်တောရတွင် ဝါတွင်းသုံးလတရားထိုင်ရန် အချိန်ကပ်ပြီးမှ ရောက်လာသည်ဖြစ်၍ ဒေါ်စန်းနွဲ့က အချိန်မီစေရန် အစစအဆင်ပြေအောင် စီစဉ်ပေးရသည်။ ထိုဦးပဥ္စင်း၏ ဘွဲ့အမည်မှာ

ဥဒယဘတ္တဖြစ်၍ လူအမည်မှာ ရာဂျူး(Raju:)ဖြစ်သည်။ ကျွန်မ၏သူငယ်ချင်း အင်ဂျင်နီယာ ဦးငွေစန်းနှင့် ဇနီးဒေါ်စန်းနွဲ့တို့မိသားစုသည် တာဝန်ထမ်းဆောင်ရင်း ခတ္တမန္ဒူတွင် ၁၀ နှစ်ကျော် နေထိုင်ခဲ့ကြရသည်ဖြစ်၍ အားလုံးနှင့် သိကျွမ်းရင်းနှီးနေသည်။ သူတို့မိသားစုမှာ ဘာသာရေးအထူးရှိသေကိုင်းရှိုင်းသူများဖြစ်၍ ထိုစဉ်ကတည်းကပင် ဘာသာရေးနှင့်ပတ်သက်လာလျှင် အစစတာဝန်ယူ ကူညီတတ်သူများဖြစ်ကြသည်။ ဒေါ်စန်းနွဲ့ကပြောပြသည်မှာ ယခင်က Raju သည် ခတ္တမန္ဒူမြို့ သံရုံးအနီးတွင် ထမင်းဆိုင်ဖွင့်နေသူဖြစ်၍ မြန်မာပြည်မှ တရားစာအုပ်များမှာပြီး အမြဲဖတ်သည်။ ဒေါ်စန်းနွဲ့က လူကြုံရှိတိုင်း ပို့ပေးရသည်။ နောက်ပိုင်းတွင် ထမင်းဆိုင်ကို သူ၏ ညီအားလွှဲအပ်ပြီး ရဟန်းဘောင်သို့ ဝင်လိုက်တော့သည်။ ဦးပဉ္ဇင်းမှာ အသက်၄၀ကျော် ရုပ်ပင်ရှိသေးသည်။ ဆရာတော် ဦးဉာဏပုဏ္ဏိကကျောင်းတွင် ကျောင်းသာသနာရေး ကိစ္စများ၊ ဝေယျာဝစ္စကိစ္စများ ကူညီဆောင်ရွက်ပေးရင်း ဆရာတော်ဆန္ဒအတိုင်း ကလေးများကိုလည်းစာသင်ပေးသည်။ ဝါတွင်းကာလများတွင် မြန်မာပြည်သို့ တရားစခန်းလာဝင်တတ်သည်။ နီပေါတွင် အမျိုးသားများရဟန်းဝတ်လျှင် လူပြန်မထွက်ရတော့၊ လူ့ဘဝနှင့်အမွေပြတ်ဖြစ်သည်။ ရဟန်းဘဝနှင့်သာ အရိုးထုတ်ရသည်ဟု ဆရာကြီးဒေါ်ဂုဏဝတီက ကျွန်မအား ပြောပြသည်။

နီပေါသို့ ဆရာကြီးဒေါ်ဂုဏဝတီ သွားရောက်သာသနာပြုခဲ့စဉ် လွန်ခဲ့သော အနှစ်ငါးဆယ်အခါက မဟာယာန ဗုဒ္ဓဘာသာဝင်များအကြား ထိုးဖောက်ဝင်ရောက်ပြီး သာသနာပြုခဲ့ရသည်။ နီပေါမှာ ပင်ပန်းဆင်းရဲခဲ့သည်။ ယခုအခါ နီပေါနိုင်ငံမှာ စီးပွားရေး ပညာရေးမှအစ အဘက်ဘက်တွင် တိုးတက်နေပြီဖြစ်၍ သာသနာရေးကိုလည်း ကောင်းစွာအားပေးချီးမြှောက်ထောက်ပံ့နိုင်ပြီဖြစ်သည်။

၁၉၉၈ခုနှစ်က နီပေါနိုင်ငံ မြတ်ဗုဒ္ဓဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၌ လုံမ္ဗိနီဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဦးဆောင်၍ World Buddhist Summit - ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်တန်းခေါင်းဆောင်များ၏ အစည်းအဝေးကြီး (ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး) ကို ကျင်းပခဲ့သည်။

**ဒေါ်ခင်မေနွဲ့**

## ၁၁။ မွန်ကျောက်စာများကပြောသော မြန်မာပြည်ထေရဝါဒဗုဒ္ဓသာသနာ [၁]

ပုဂံပြည်တွင် သုဝဏ္ဏဘူမိသထုံပြည်မှ ရှင်အရဟံကြွရောက်တော်မူလာပြီး ပုဂံပြည့်ရှင်ဘုရင် အနော်ရထာနှင့် မတွေ့ဆုံမီကပင် မြန်မာပြည်သို့ ဗုဒ္ဓသာသနာတော်ကြီးသည် ငါးကြိမ်မကရောက်ရှိခဲ့သည်။ သို့သော် ပြန့်ပွားစည်ပင်ခြင်း မရှိသည့်ပြင် တစ်ခါတစ်ရံမှေးမှိန်တိမ်မြုပ်၍ပင် သွားခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိလာသော ပထမအကြိမ်မှာ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပင်ဖြစ်သည်။ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် ရှင်တော်ဗုဒ္ဓသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပြီးနောက် ရာဇာယတန လင်းလွန်းပင်ရင်းတွင် သတ္တမမြောက်သတ္တာဟ စံနေတော်မူ၏။ထိုစဉ် ဥက္ကလာဇနပုဒ်မှ တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့ ဗုဒ္ဓထံသို့ဖူးမြော်ရောက်ရှိလာပြီး မုန့်ကြွက်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ကို ဆက်ကပ်သည်။ ဗုဒ္ဓသည် ကုန်သည်ညီနောင်တို့အား ဒွေဝါစိက သရဏဂုံတည်စေပြီး ဗုဒ္ဓကိုယ်စားကိုးကွယ်ရာ ပေးသနားပါရန် ကုန်သည်ညီနောင်၏ လျှောက်ထားတောင်းပန်မှုကြောင့် ဆံတော်ရှစ်ဆူ ပေးသနားတော်မူခဲ့သည်။ ကုန်သည်ညီနောင်နှစ်ဦးအနက် ဘလ္လိကသည် ဗုဒ္ဓနှင့်တွေ့ပြီးနောက် ရဟန်းပြုသည်။ တဖုဿကမူ ဥပါသကာအဖြစ် မွန်ဒေသ အသိတဥ္စနနဂိုရ်သို့ပြန်၍ တမ္ဗဂုမ္ဘကုန်း၌ ဆံတော်ရှစ်ဆူကို ထာပနာ၍ စေတီတည်သည်။ နှစ်ကာလကြာသော အခါ ခြုံနွယ်သစ်ပင်တို့ ပိတ်ဖုံး၍ စေတီတော် ပျောက်ကွယ်ခဲ့ရသည်။ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း ၂၃၅ နှစ်ကြာသောအခါ သုဝဏ္ဏဘူမိသထုံပြည် သီရိမာသောကမင်းလက်ထက် ရှင်သောဏနှင့်ဥတ္တရမထေရ်တို့၏လမ်းညွှန်မှုဖြင့် ကုန်သည်ညီနောင်တည်ခဲ့သော စေတီတော်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ထို့နောက် သဒ္ဓါတရားရှိသော မွန်ဘုရင်အဆက်ဆက်က စေတီတော်အား မွမ်းမံခဲ့ကြသည်။ ဓမ္မစေတီမင်းကြီး၊ အေဒီ (၁၄၇၂–၁၄၉၂) ရွှေတိဂုံစေတီ မွန်ကျောက်စာ။

ယင်းစေတီတော်သည် ရန်ကုန်မြို့သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် တည်ထားသော ရွှေတိဂုံစေတီတော်မြတ်ကြီးပင် ဖြစ်သည်။ ယခုအခါ ဗုဒ္ဓဘာသာဝင်ပေါင်းတို့ မြတ်နိုးကိုးကွယ်နေကြရသော ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံသို့ ပထမဆုံး

---

၁။ ရှင်အရဟံမထေရ်မြတ်၏ထေရုပ္ပတ္တိနှင့် ရှင်အရဟံအုတ်ကျောင်းပြုပြင်တည်ဆောက်မှုမှတ်တမ်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အခန်း (၁) စာ ၁–၁၂

အကြိမ် ဗုဒ္ဓသာသနာရောက်ရှိလာခြင်း၏ အထိမ်းအမှတ်တစ်ခုပင် ဖြစ်သည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်ရှိလာသည့် ဒုတိယအကြိမ်မှာ ဗုဒ္ဓမြတ်စွာဝါတော်ရှစ်ဝါအရ မဟာသက္ကရာဇ် ၁၁၁ ခုတွင်ဖြစ်သည်။ ဂဝံပတိရဟန္တာမထေရ် ပင့်လျှောက်ချက်အရ ရာမညတိုင်းသုဝဏ္ဏဘူမိ သထုံပြည်သို့ ဗုဒ္ဓမြတ်စွာကြွတော်မူလာပြီး မင်းနှင့်ပြည်သူအပေါင်းတို့ကို တရားဓမ္မဟောပြတော်မူကာသရဏဂုံ တည်စေခဲ့သည်။ ထိုမှ ၃၇နှစ်အလွန် ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးနောက် တေဇောဓာတ်ပူဇော်ရာဌာနမှ သွားတော်ဓာတ် ၃၃ချောင်းတို့ကို ဂဝံပတိမထေရ်က သုဝဏ္ဏဘူမိသို့ ပင့်ဆောင်ခဲ့ပြီး သီရိမာသောကမင်းကိုပေးအပ်ကာ စေတီ ၃၃ ဆူ တည်ထားစေခဲ့သည်။ [ ၁။ ဓမ္မစေတီမင်းရေးထိုးခဲ့သော မွန်ကျောက်စာများ၊ (ပဲခူးထန်းတောကြီးမွန်ကျောက်စာ၊ သထုံရွှေစာရံစေတီတော်ကြီးအရှေ့ဘက်အာရုံခံနှင့် စောင်းတန်းများအကြားရှိ မွန်ကျောက်စာ၊ တောင်စွန်းကေလာသတောင်ပေါ်ရှိမွန်ကျောက်စာ) ၂။ သာသနာ လင်္ကာရစာတမ်း ၃။ ဝံသဒီပနီ]

ဗုဒ္ဓသာသနာတတိယအကြိမ်ရောက်ရှိလာသည်မှာ မဟာသက္ကရာဇ် ၁၂၃ ခု၊ ဗုဒ္ဓမြတ်စွာဝါတော် နှစ်ဆယ်ကျော်တွင် ဖြစ်သည်။ မဟာပုဏ္ဏမထေရ်ကို အကြောင်းပြု၍ ရှင်တော်ဗုဒ္ဓသည် သုနာပရန္တဝါဏိဇ္ဇဂါမသို့ ကြွတော်မူလာခြင်းဖြစ်သည်။ စန္ဒကူးနံ့သာကျောင်းတော်ကို အလှူခံတော်မူပြီး နမ္မဒါနဂါးနှင့် သစ္စာ ဗန္ဓရသေ့တို့၏ တောင်းပန်လျှောက်ထားချက်အရ သုနာပရန္တတိုင်းသားတို့ကိုးကွယ်ရာ ခြေတော်ရာနှစ်ဆူ ချထားပေးခဲ့သည်။ မဟာပုဏ္ဏမထေရ်ကိုလည်း သုနာပရန္တတိုင်းတွင် သာသနာပြုစေရန် ထားတော်မူခဲ့သည်။ (ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ပုဏ္ဏောဝါဒသုတ္တန်)

ယခုအခါ မန်းရွှေစက်တော်နှင့် မင်းဘူးလယ်ကိုင်းကျောင်းတော်ရာ စေတီတော်တို့သည် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ် မြန်မာပြည်သို့ ကြွရောက်တော်မူခဲ့ခြင်းကို ညွှန်းဆိုနေသည်။

ရှင်တော်ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာနှစ် ၂၃၅ ခုတွင် ပါဋ္ဌလိပုတ်ပြည် သီရိဓမ္မာသောက မင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ်တို့နှင့် တတိယသံဂါယနာ တင်သည်။ တတိယသံဂါယနာတင်ပြီးသောအခါ နောက်ကာလ၌ ဗုဒ္ဓသာသနာတော်သည် ပစ္စန္တရာဇ်အရပ်တွင် တည်မည့်အကြောင်း အနာဂတံသဉာဏ်ဖြင့် မြင်တော်မူသောကြောင့် ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူသည်။ သီရိဓမ္မာသောကမင်းကြီးသည် သားတော်ရှင်

မဟိန္ဒမထေရ်ကို သီဟိုဠ်သို့ သာသနာပြုစေလွှတ်ပြီး သောဏမထေရ်နှင့် ဥတ္တရမထေရ် နှစ်ပါးတို့သည် အနုရုဒ္ဓမထေရ် တိဿဂုတ္တမထေရ် သောဏေယမထေရ်တို့နှင့်အတူ ရာမညတိုင်းသုဝဏ္ဏဘူမိသို့ ကြွရောက်သာသနာပြုတော်မူကြသည်။ ထိုနှစ် သာသနာနှစ် ၂၃၅ခု သီရိမာသောကမင်းလက်ထက်တွင် သုဝဏ္ဏဘူမိ၌ ရှေးက ရောက်ရှိခဲ့ဖူးသော သာသနာတော်မှာ မှေးမှိန်တိမ်မြုပ်နေခိုက်ဖြစ်သဖြင့် အရှင်သောဏနှင့် ဥတ္တရမထေရ်တို့သည် သာသနာတော်ကြီးကို ပြန်လည်ပွင့်လင်းစေခဲ့သည်။ ဤသည်မှာ ဗုဒ္ဓသာသနာတော် စတုတ္ထအကြိမ် ရောက်ရှိလာခြင်း ဖြစ်ပေသည်။

သာသနာနှစ် ၉၃၀၊ ခရစ်နှစ် ၃၈၆ခန့်တွင် သီရိပစ္စယာပုဂံပြည် သေဥ်လည်ကြောင်မင်းနှင့် ထီးပြိုင် နန်းပြိုင်ဖြစ်သော သီဟိုဠ်ကျွန်း မဟာနာမ်မင်းလက်ထက် ရာဇဂြိုဟ်ပြည်သား အရှင်ဗုဒ္ဓဃောသမထေရ်သည် ဆရာရေဝတမထေရ်၏ တိုက်တွန်းချက်အရ သီဟိုဠ်ကျွန်းသို့ကူး၍ သီဟိုဠ်အက္ခရာနှင့်ရှိသော ပိဋကသုံးပုံကို မဂဓဘာသာသို့ပြန်ဆိုသည်။ မဂဓဘာသာပြန်ဆိုပြီးသော ပိဋကတ်သုံးပုံကို ရာမညတိုင်းသထုံပြည်သို့ မွန်ဘုရင် ဓမ္မပါလမင်းလက်ထက်တွင် ယူဆောင်လာသည်။ ဗုဒ္ဓသာသနာ ပဉ္စမ အကြိမ်ရောက်ရှိလာသော ဤအကြိမ်တွင် ပိဋကတ်သုံးပုံလက်ရေးသာသနာပါ ရောက်ရှိလာသည်။

## ၁၂။ ရှေးဟောင်းသုတေသနအထောက်အထားများက ပြောသော ဗုဒ္ဓသာသနာ

ခိုင်မာသော ရှေးဟောင်းသုတေသန အထောက်အထားများအရ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာထွန်းကားခဲ့ရာဒေသမှာ ပျူမြို့တော် သရေခေတ္တရာဖြစ်သည်။ သရေခေတ္တရာမြို့ဟောင်းမြို့ရိုးအပြင်ဘက်ရှိ ဘောဘောကြီးဘုရားကြီး၊ ဘုရားမာ စေတီများနှင့် မြို့ရိုးအတွင်းဘက်ရှိ ဘဲဘဲဂူဘုရား၊ လေးမျက်နှာဂူဘုရားတို့သည် ပျူခေတ် ဗုဒ္ဓသာသနာ၏ အထိမ်းအမှတ်များပင်ဖြစ်ကြသည်။

ပျူလူမျိုးများသည် ခရစ်နှစ် ၁ရာစုကပင် ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာဒေသများတွင် အခြေစိုက်နေထိုင်ခဲ့ကြသည်။ မြေပေါ်တွင် ကျန်ရှိသောအထိမ်းအမှတ်အဆောက်အအုံများနှင့် မြေအောက်မှ တူးဖော်တွေ့ရှိရသော အထောက်အထားများအရ ဗုဒ္ဓသာသနာသည် သရေခေတ္တရာ၌ပိုမိုထွန်းကားခဲ့သည်ဟု အဆိုရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံ ပျူဒေသဗုဒ္ဓသာသနာသည် ခရစ်နှစ် ၁ ရာစုနောက်ပိုင်းကာလ ရောက်ရှိနေပြီဟုဆိုနိုင်သည်။ သရေခေတ္တရာဗုဒ္ဓသာသနာသည် ခရစ်နှစ် ၁၀ရာစုနှစ်အထိသာ

ထွန်းကားသည်။

သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်တွေ့ရှိရသော ရွှေပေချပ်၊ ငွေပေချပ်များ၊ ငွေဗောဓိပလ္လင်ကြုတ်များ၊ ရွှေဆင်းတုငွေဆင်းတုနှင့် ရုပ်ကြွအုတ်ခွက်များသည် သရေခေတ္တရာ၌ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားခဲ့ကြောင်း သက်သေခံလျက်ရှိသည်။ ငွေပြားရုပ်ကြွများတွင် ကဿပ၊ မောဂ္ဂလာန၊ သာရိပုတ္တ၊ အာနန္ဒာ ဟူသော အဂ္ဂသာဝက များ၏ အမည်ပါစာတန်းများနှင့် ဗောဓိပင်အောက်တွင် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟူသောပွင့်တော်မူပြီးသည့် ဘုရားလေးဆူ၏ဘွဲ့အမည်များကို တွေ့ရှိရသည်။

ခရစ်နှစ် ၁၈၉၇ –ခုတွင် ကမ္ဗည်းကျောက်စာဝန် ဒေါက်တာဖော်ချမ်းမားတွေ့ရှိခဲ့သော သရေခေတ္တရာ မြို့ဟောင်း မောင်ကန်ကုန်းမှ ရွှေပေချပ်နှစ်ချပ်တွင် ခရစ်နှစ် ၅ရာစု – ၆ရာစုအတွင်း အသုံးပြုသော အိန္ဒိယပြည်တောင်ပိုင်း ကဒမ္ဗအက္ခရာများနှင့် ပါဠိဘာသာဖြင့်ရေးထိုးထားသော ယေဓမ္မာဟေတုပ္ပဘဝါ အစချီပိဋကတ်တော် ကောက်နုတ်ချက်များကို တွေ့ရှိရသည်။ ယင်းဂါထာတော်မှာ ရှင်သာရိပုတြာဖြစ်လာမည့် ဥပတိဿပရိဗိုဇ်၏မေးမြန်းချက်ကို ရှင်အဿဇိက ဖြေဆိုဟောကြားသော ပဋိစ္စသမုပ္ပါဒ် တရားတော် အနှစ်ချုပ်ပင် ဖြစ်သည်။ ပထမရွှေပေချပ်တွင် ယေဓမ္မာဟေတုပ္ပဘဝါ အစချီဂါထာနှင့် ဗောဓိပက္ခိယတရား ၃၇ ပါး၊ ဒုတိယရွှေပေချပ်တွင် ထိုဂါထာနှင့် ဘုရားဂုဏ်တော် ၉ပါး တရားဂုဏ်တော် ၆ပါးတို့ကို ရေးထိုးထားသည်။

ထို့ပြင် ခရစ်နှစ် ၁၉၂၆ခုတွင် ကျောက်စာဝန်ဒူရွိုင်ဆယ်သည် သရေခေတ္တရာမြို့ဟောင်းအတွင်း ဦးခင်ဘပိုင်ယာမြေကုန်းရှိ ရှေးဟောင်းဘုရားပျက်၏ ထာပနာတိုက်အတွင်းမှ အိန္ဒိယပြည်တောင်ပိုင်း ရှေးဟောင်းတေလဂု ကနဍ္ဍီအက္ခရာများနှင့် ပုံပန်းသဏ္ဍာန်တူညီသော ပျူအက္ခရာနှင့် ရေးသားထားသည့် ရွှေပြားပေချပ် ၂၀ကို တွေ့ရှိခဲ့သည်။ ယင်းရွှေပေချပ်များတွင် ပဋိစ္စသမုပ္ပါဒ်တရား ၃၇ပါး၊ ဝေသာရဇ္ဇတရား ၄ပါး၊ ဗုဒ္ဓဉာဏ်တော် ၁၄ပါး၊ ဓမ္မပဒကျမ်းလာ အမြတ်ဆုံး ၄ပါး၊ ကဿပညီနောင် သံဃာတစ်ထောင်နှင့်တကွ ဗုဒ္ဓမြတ်စွာရှိရာ ရာဇဂြိုဟ်ပြည်သို့ဝင်ရာတွင် သိကြားမင်း လုလင်အသွင်ဖန်ဆင်း၍ ရွတ်ဆိုသော ဗုဒ္ဓထုတိဂါထာနှင့် ဗုဒ္ဓဂုဏ်တော် ၉ပါးကို ရေးသားထားသည်။ ရွှံ့ရုပ်ကြွ အုတ်ခွက်များတွင် နာဂရီအက္ခရာဖြင့် "ယေဓမ္မာဟေတုပ္ပဘဝါ" စာသားများတွေ့ရပြီး မြို့ဝင်တံခါးပေါက်များတွင် မောရသုတ်၊ မင်္ဂလသုတ်၊ ရတနသုတ် များ ရေးထိုးထားခဲ့ကြသည်ကို တွေ့ရှိရသည်။ ထို့ပြင် သရေခေတ္တရာကျောက်ချပ်

ကျောက်ပြားများတွင် တွေ့ရှိရသောပုံတို့အရ ထေရဝါဒဗုဒ္ဓဘာသာနှင့်အတူ ဗြဟ္မဏ အယူဝါဒများ အနည်းငယ် ရောနှောနေကြောင်း တွေ့ရှိရသည်။ သို့သော် မပြောပ လောက်ပေ။ ထေရဝါဒဗုဒ္ဓသာသနာသည်သာလျှင် အထူးလွှမ်းမိုးခဲ့ကြောင်း ထင်ရှား သည်။

သရေခေတ္တရာနှင့်မရှေးမနှောင်းဗုဒ္ဓဘာသာထွန်းကားရာအရပ်များမှာ ရခိုင် ဝေသာလီနှင့်ရာမညမွန်ဒေသ ကေလာသတောင်တဝိုက်တို့ ဖြစ်သည်။ ဝေသာလီတွင် စန္ဒြားဘွဲ့ခံမင်းများ စိုးစံစဉ်က 'ယေဓမ္မာဟေတုပ္ပဘဝါ' ဂါထာကိုပါဠိသက္ကတ ဘာသာ များဖြင့် ကျောက်စာရေးထိုးခဲ့ကြသည်။ ထို့အတူ ရာမညကေလာသတောင်တဝိုက်တွင် လည်းအေဒီ ၁၁–ရာစုက ကျန်စစ်သားမင်းကြီးရေးထိုးခဲ့သော ကျိုက်တဲနှင့် ကျိုက် တလန်း မွန်ကျောက်စာများတွင် သီရိဓမ္မာသောကမင်းကြီးတည်ထားခဲ့သော စေတီများ ကို ပြုပြင်မွမ်းမံကြောင်း ရေးထိုးထားသည်။ ရာမညတိုင်း ရန်ကုန် တံတားလေးဒေသမှ အေဒီ ၅–ရာစုလက်ရာ ကြေးမတ်ရုပ်ဆင်းတုတစ်ဆူနှင့် ဗိုလ်တထောင် ဘုရားအတွင်း၌ အေဒီ–၇–ရာစုလက်ရာအုတ်ခွက်ဆင်းတုများရရှိခဲ့သည်။ သို့ဖြစ်၍ သရေခေတ္တရာနှင့် မရှေးမနှောင်းမှာပင် အောက်မြန်မာနိုင်ငံ ရာမညတိုင်း၌ ဗုဒ္ဓသာသနာထွန်းကားနေပြီဟု ဆိုရမည်ဖြစ်သည်။

**၁၃။ ရာဇဝင်သမိုင်းများကပြောသော မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ**

**(၁) မှန်နန်းရာဇဝင်တော်ကြီးနှင့် ဦးကုလားမဟာရာဇဝင်တော်ကြီးက ပြောသော ဗုဒ္ဓသာသနာ**

မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲစာမျက်နှာ ၁၆၁တွင် သဗ္ဗညုမြတ်စွာ ဘုရား ထင်ရှားပွင့်တော်မူ၍ ငါးဝါမြောက်သောအခါ (ဦးကုလား မဟာရာဇဝင်တော်ကြီး ကလည်း ငါးဝါပင် ဖြစ်သည်။ ဥပရိပဏ္ဏာသ အဋ္ဌကထာနှင့်ကွဲလွဲသည်) သုနာပရန္တ တိုင်း၊ လယ်ကိုင်းမည်သော ဝါဏိဇ္ဇဂါမ၌ မဟာပုဏ္ဏ စူဠပုဏ္ဏညီနောင် နှစ်ပါးတို့သည် ဘုရားအားပန်၍ စန္ဒကူးနံ့သာကျောင်းကိုတည်၏။ မြတ်စွာဘုရားလည်း "နောင်လာ လတ္တံ့သော အနာဂတ်ကာလ၌ ဤမြန်မာပြည်တွင် ငါ၏ သာသနာဘောင် အဓွန့် ရှည်စွာတည်ရာ ဖြစ်လတ္တံ့သည်" ဟု မြင်တော်မူ၍ ပြဿာဒ်ယာဉ်ပျံ ငါးရာ၊ ရဟန္တာ ငါးရာနှင့် ကောင်းကင်ခရီးဖြင့် ကျောင်းတော်မပြီးမချင်း အကြိမ်ကြိမ်ကြွတော်မူလာ၏။ ထိုကျောင်းပြီးသောအခါ အလှူခံတော်မူ၍ ခုနစ်ရက်ပတ်လုံး ဈာန်ဖြင့် မွေ့လျော်တော်မူ

၏။ ဒေသနာအမြွက် တိုက်ကျွေးတော်မူ၏။

သုနာပရန္တတိုင်းသား ယောကျ်ားငါးရာ၊ မိန်းမငါးရာ ရဟန္တာဖြစ်ကုန်၏။ ရှစ်သောင်းလေးထောင်သော ပရိသတ်တို့ အကျွတ်တရားရကုန်၏။ ထိုအရပ်တွင်ရှိသော သစ္စဗန္ဓရသေ့ကိုလည်း တရားဟောတော်မူ၏။ အရဟတ္တဖိုလ်၌ တည်စေ၏။ သစ္စဗန္ဓမထေရ်တောင်းပန်သဖြင့်လည်း သစ္စဗန်တောင်ထပ်၌ စက်တော်ရာတစ်ဆူ၊ နမ္မဒနဂါးမင်းတောင်းပန်သဖြင့်လည်း မန်းချောင်းနား၌ စက်တော်ရာတစ်ဆူ ဤနှစ်ဆူသော ပါဒနက်သန် စေတီတော်ကိုလည်း ကျောက်ထက်နိုပ်၍ တံဆိပ်ခတ်ဘိသကဲ့သို့ ထားတော်မူ၏။ "နောင်သောအခါ ငါ၏ သာသနာတော်သည် သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်းစသော မြန်မာတို့ တိုင်းပြည်၌ ကောင်းစွာတည်လတ္တံ့" ဟူ၍လည်း ဗျာဒိတ်ကြားတော်မူ၏။

ထိုမှ ဒေသစာရီကြွချီတော်မူ၍ ဖိုးဦးတောင်ဖျားသို့ ရောက်တော်မူလတ်သော် အရှေ့တောင်ယံ သမုဒ္ဒရာ ရေမျက်နှာထက် နွားချေးခြောက်ပေါ်လောမျောလာသည်ကို မြင်တော်မူ၏။ ပွေးငယ်တစ်ခုသည်လည်း သဗ္ဗညု မြတ်စွာဘုရားအား မြေကုံ့နှုတ်သီးဖြင့် ကောက်၍ ပူဇော်၏။

ထိုနိမိတ်နှစ်ပါးကို မြင်တော်မူ၍ ပြုံးတော်မူသည်ကို ညီတော် အရှင်အာနန္ဒာ လျှောက် တောင်းပန်လတ်သော် "ချစ်သားအာနန္ဒာ၊ ငါပရိနိဗ္ဗာန်စံယူတော်မူ၍ သာသနာတော် တစ်ရာ့တစ်နှစ်ရောက်သောအခါ ဤအရပ်၌ နိမိတ်ကြီးငါးပါး ထင်ရှားဖြစ်လတ္တံ့။

နိမိတ်ငါးပါးဟူသော်ကား မြေကြီးလျှင်ပွဲတင်ထပ်မျှ ပြင်းစွာတုန်လှုပ်ခြင်းလည်းတစ်ပါး၊ ဖိုးဦးမော် အရပ်၌ အင်းကြီးပေါ်ခြင်းလည်းတစ်ပါး၊ စမုန်စမြွတ်မြစ်ဖြစ်ခြင်းလည်းတစ်ပါး၊ သရေခေတ္တရာပြည်တည်ရာဝယ် ပင်လယ်ရေခန်းခြောက်ခြင်းလည်းတစ်ပါး၊ ဤသည်လျှင် နိမိတ်ငါးပါးတည်း။ ထိုသို့ နိမိတ်ငါးပါး ထင်ရှားစွာဖြစ်လတ်သောအခါ ဤပွေးငယ်သည် ဤကိုယ်၏အဖြစ်မှ စုတေပြီးလျှင် လူဖြစ်လျှင် ဒွတ္တပေါင် ဟူသောအမည်ဖြင့် မြို့ကြီးပြည်ကြီး ထီးနန်းကနက် တည်ထောင်ပြုစု၍ မင်းပြုလတ္တံ့၊ ထိုမင်းကြီး၏ လက်ထက်တော်မှစ၍ မြန်မာတို့ တိုင်းပြည်၌ ငါ၏ သာသနာတော်သည် အဓွန့်ရှည်စွာလျှင် ထင်ရှားဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ် ကြားတော်မူ၏။ (မှန်နန်းရာဇဝင်တော်ကြီး ပ.တွဲ စာ ၁၆၂)

ဘုရားရှင် ဖိုးဦးတောင်ထိပ်သို့ ရောက်စဉ်ကာလက သရေခေတ္တရာ (ပြည်မြို့)

သည် ပင်လယ်ရေအောက်၌ ပင်ရှိသေးသည်။ ထိုစဉ်ကတည်းက ဘုရားရှင်ဗျာဒိတ်ရခဲ့သော မြေနေရာဖြစ်၍ သရေခေတ္တရာပြည်ဝယ် ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ထွန်းကားခဲ့ကြောင်း သုတေသနအထောက်အထားများ တွေ့ရှိရခြင်းဖြစ်ပေသည်။

အရိမဒ္ဒနအမည်ရှိသော ပုဂံပြည်၏အကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်ထင်ရှားရှိတော်မူသောအခါ မဇ္ဈိမဒေသအရပ်မှ ဒေသစာရီကြွတော်မူသည်။ ထို ပြည်တည်ရာ အရပ်သို့ ရောက်တော်မူလေ၏။ တန့်ကြည့်တောင်ဖျားထက်ရပ်၍ ကြည့်တော်မူလေသော် ကမ်းပါးမြင့်ထက် ပေါက်ပင်ဖျား၌ ဥဗျိုင်းဖြူနှင့် ကျီးညိုနား၏။ ပေါက်ပင်ခွ၌ ဖွတ်ပြီတ္တာ လျှာနှစ်ခွနှင့်လည်းနေ၏။ ပေါက်ပင်ရင်း၌ ဖားငယ်ဝပ်လျက်ရှိ၏။ ထိုကိုမြင်၍ ပြုံးတော်မူ၏။ ညီတော်အာနန္ဒာလည်း ပြုံးတော်မူသောအကြောင်းကို လျှောက်ပေ၏။ ဘုရားသခင်လည်း "ချစ်သား အာနန္ဒာ ငါပရိနိဗ္ဗာန်ပြုတော်မူ၍ အနှစ် ခြောက်ရာ့ငါးဆယ့်တစ်နှစ်ရောက်သောအခါ ဤအရပ်၌ ပြည်ကြီးဖြစ်လတ္တံ့။

ပေါက်ပင်ဖျား၌ ဥဗျိုင်းဖြူနှင့် ကျီးညို နားသည့်အလိုကား ထိုပြည်၌အလျှုသီတင်းသုံးသည်လည်း များလတ္တံ့။ သီတင်းမရှိသော ဒုဿီလလည်း များလတ္တံ့။

ပေါက်ပင်ခွ၌ ဖွတ်ပြီတ္တာ လျှာနှစ်ခွနှင့် နေသည့်အလိုကား ထိုပြည်သူတို့သည် လယ်ယာမလုပ်ဘဲ အရောင်းအဝယ် ကုန်စလယ်နှင့်သာ အသက်မွေးသောအားဖြင့် မမှန်သောစကားကို သုံးသည်ဖြစ်၍ သစ္စာယွင်းယိုလတ္တံ့။

ပေါက်ပင်ရင်း၌ ဖားသူငယ် ဝပ်သည့်အလိုကား ထိုပြည်သူတို့သည် ဖားနှယ်ဝမ်းချမ်း၍ သာယာစွာ မွေ့လျော်ရလတ္တံ့။

"ထိုပြည်ကို တည်ထောင်အစပြုသော သမုဒ္ဒရာဇ်မင်းလက်ထက် ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံတို့သည်လည်း မင်းမူလတ္တံ့၊ ထိုငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံတို့ကို ဘုန်းလက်ရုံးအာဏာနှင့်ပြည့်စုံသော မင်းသည် ခွင်းလတ္တံ့" ဟူ၍ ဗျာဒိတ်ထားတော်မူခဲ့၏။ ထိုသို့ ဗျာဒိတ်ထားတော်မူသည်နှင့်အညီ ရန်သူဖြစ်သော ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံတို့ကို ပျူစောထီးမင်း ခွင်းတော်မူ၏။ (မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲ စာ–၁၈၈၊ ၁၈၉)

ရခိုင်ရာဇဝင်ကျမ်းများအရလည်း ဗုဒ္ဓမြတ်စွာသည် ဝါတော်နှစ်ဆယ်တွင် ရခိုင်ဓညဝတီသို့လည်း ကြွချီတော်မူခဲ့သည်။ ရခိုင်ဘုရင် စန္ဒသူရိယမင်း၏ လျှောက်ထားတောင်းပန်ချက်အရ ဗုဒ္ဓသည်ကိုယ်ပွားဆင်းတု တော်တစ်ဆူသွန်းလုပ်စေခဲ့ရာ မဟာ

မုနိဟု ထင်ရှားသည်။ ဘိုးတော်မင်းတရား(ခရစ်နှစ် ၁၇၈၂–၁၈၁၉) လက်ထက် အိမ်ရှေ့မင်းသည် ဓညဝတီမှ ပင့်ဆောင်ခဲ့ရာ ယခုအခါ မန္တလေးမြို့တွင်ကိန်းဝပ်စံပယ်လျက်ရှိသော မဟာမုနိရုပ်ရှင်တော်မြတ်ပင်ဖြစ်သည်။

ရာဇဝင်ကျမ်းများအဆိုအရလည်း ဗုဒ္ဓမြတ်စွာသည် မြန်မာနိုင်ငံသို့ ဒေသစာရီ ငါးကြိမ်ကြွချီတော်မူခဲ့ကြောင်း သိရသည်။

## (၂) ပုဂံရောက်လာ ထေရဝါဒဗုဒ္ဓသာသနာ

လက်ရေးသာသနာဖြစ်သည့် ပိဋကသုံးပုံ သုဝဏ္ဏဘူမိသထုံသို့ ရောက်ရှိချိန် သာသနာနှစ် ၉၃၀ ပြည့်နှစ်ကစ၍ သာသနာနှစ် ၁၆၀၁ခု ခရစ်နှစ် ၁၀၅၇ခုထိ နှစ်ပေါင်း ၆၀၀ကျော်မျှ ရာမညတိုင်း မွန်ဒေသတွင် ဗုဒ္ဓသာသနာစည်ပင်ထွန်းကားခဲ့သည်။ သထုံဘုရင်သူရိယကုမ္မာငယ်မည်ရှိ မနူဟာမင်းလက်ထက်သို့ ရောက်သောအခါတွင်မူ ဂိုဏ်းဂဏအမျိုးမျိုး ငြင်းခုံကွဲပြားခြင်း၊ ရောဂါဘေးနှိပ်စက်ခြင်း၊ တော်မွတ်ခေါင်းပါးမှု ဘေးနှိပ်စက်ခြင်းတို့ကြောင့် တိုင်းပြည်တွင် အင်အားတဖြည်းဖြည်းနည်းပါးလာခဲ့သည်။ ထို့ကြောင့် ရာမညတိုင်းကိုအမှီပြု၍ နေထိုင်ကြသော ရဟန်းသံဃာတို့၏ ပရိယတ် ပဋိပတ်ကို ဖြည့်စွမ်းခြင်းငှာ မတတ်နိုင်တော့ဘဲ သာသနာသည်လည်း တဖြည်းဖြည်း အားနည်းဆုတ်ယုတ်လာသည်ဟု ဓမ္မစေတီမင်းမွန်ဘာသာဖြင့် ရေးထိုးထားသော ကလျာဏီကျောက်စာတွင်ဖော်ပြထားသည်။

ဤကဲ့သို့ သာသနာမှေးမှိန်လာမှုကြောင့် သထုံပြည်သား အရဟံမထေရ်မြတ်သည် မြန်မာနိုင်ငံအဝှန်း ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပစေရန်ရည်ရွယ်၍ သထုံပြည်မှ ပုဂံပြည်သို့ကြွလာတော်မူခဲ့ပြီး ပုဂံအနီး တောအုပ်တစ်ခုထဲတွင် သီတင်းသုံးနေတော်မူခဲ့သည်။ တောလည်မုဆိုးနှင့် တွေ့ကြုံဆောင်ယူမှုဖြင့် ပုဂံပြည့်ရှင် ဘုရင်အနော်ရထာနှင့် တွေ့ဆုံခဲ့သည်။ ရှင်အရဟံမထေရ်မြတ်၏ လမ်းပြညွှန်ကြားမှုဖြင့် အနော်ရထာမင်းသည် သထုံပြည်သို့ စကားအရာ လိမ်မာချောင်သော တမန်စေလွှတ်၍ ပိဋကတော်များကို တောင်းယူစေခဲ့ရာ မရသဖြင့် ခရစ်နှစ် ၁၀၅၇ခုတွင် သာသနာပြုစစ်ပွဲဆင်နွှဲ၍ ရယူခဲ့ရသည်။ မဲထီးဆရာတော် စီရင်တော်မူသော ဝံသဒီပနီကျမ်း၌ ရှင်အရဟံမထေရ်မြတ်က အနော်ရထာမင်းကြီးအား စကားဆိုခန်းတွင် "မင်းကြီး၊ အမြစ်ရှိမှ ပင်စည်၊ အရွက်၊ အပွင့်၊ အသီးတို့ဖြစ်နိုင်ကုန်သည်။ အမြစ်မရှိက ပင်စည်၊ အရွက်၊ အပွင့်၊ အသီးတို့ မရှိနိုင်ချေ။ ထို့နှင့်တူစွာ သာသနာတော် ထွန်းလင်းတောက်ပခြင်း

သည်ကား ပရိယတ္တိသာသနာတော်ရှိမှ ပဋိပတ္တိသာသနာတော်ဖြစ်နိုင်သည်။ ပဋိပတ္တိ သာသနာတော်ရှိမှ ပဋိဝေဓသာသနာတော်ဖြစ်နိုင်သည်။ ယခု ပရိယတ်ဟူသော ပိဋကတ် သုံးပုံလည်းမရှိချေဖြစ်သည်။"ဟူ၍ ဖော်ပြထားပါသည်။

ပုဂံသို့ ပိဋကသုံးပုံ အစုံသုံးဆယ်နှင့် ရဟန်းတော်များပင့်ဆောင်လာခဲ့ပြီးနောက် ပိဋကတ်တော်များကို နိဿယပြန်ဆိုကြသည်။ ရှင်အရဟံလမ်းညွှန်မှုဖြင့် စေတီပုထိုး၊ သိမ်၊ ဂူ၊ ကျောင်းများ များစွာတည်ထားကိုးကွယ်ခဲ့သည်။ ရှင်အရဟံဦးဆောင်မှုဖြင့် ပုဂံမင်းလေးဆက်သည် ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွားအောင် ကြိုးပမ်းဆောင် ရွက်ခဲ့ကြသည်။ ရှင်အရဟံသည် ပုဂံသို့ရောက်ချိန်တွင် သက်တော်(၂၁)နှစ်မျှသာရှိသေး သည်။ အလောင်းစည်သူမင်းလက်ထက် သက်တော်(၈၁)နှစ်တွင်မှ ပျံလွန်တော်မူသည်။

ရာမညကေလာသတောင်တဝိုက် ခရစ်နှစ် ၁၁ ရာစုက ကျန်စစ်မင်းကြီး ရေး ထိုးခဲ့သော ကျိုက်တဲနှင့် ကျိုက်တလန်း မွန်ကျောက်စာများတွင်လည်း သီရိဓမ္မာသောက မင်းကြီးတည်ထားခဲ့သော စေတီပုထိုးများကို ပြုပြင်မွမ်းမံခဲ့ကြောင်း ရေးထိုးထားသည်။ ထိုမှ ခေတ်အဆက်ဆက်မြန်မာမင်းတို့သည် စေတီပုထိုးများကို မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ထားကိုးကွယ်ခြင်းစသည်ဖြင့် သာသနာတော်ကြီးကို တိုးတက်စည်ကား ပြန့်ပွားအောင် ပြုစုဆောင်ရွက်ကြကာ သာသနာပြုမင်းများအဖြစ် ခံယူခဲ့ကြသည်။

## (၃) သင်္ဂါယနာပွဲ အလီလီဆင်နွှဲ

ဗုဒ္ဓသာသနာသန့်ရှင်း၍ အရှည်တည်တံ့စေရန် သင်္ဂါယနာတင်ခဲ့ကြသည်။ သင်္ဂါယနာဆိုသည်မှာ ကောင်းစွာ စုပေါင်းရွတ်ဆိုကြခြင်းပင်ဖြစ်သည်။ ဘုရားသခင် ဟောကြားတော်မူခဲ့သော ပိဋကတ်၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကို မချွတ် မယွင်း မတိမ်းမမှား မပျောက်မပျက် တိကျမှန်ကန်စွာတည်ရှိစေရန် စည်းဝေး၊ ညှိနှိုင်း၊ မေးဖြေ၊ အတည်ပြုကြပြီးလျှင် တစ်ပေါင်းတစ်စည်းတည်း စုပေါင်း၍ ရွတ်ဆိုပွဲကို သင်္ဂါယနာတင်ပွဲဟုခေါ်သည်။

ပထမသင်္ဂါယနာတင်ပွဲကို ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန် စံတော်မူပြီးနောက်သုံးလအကြာ တွင် အရှင်မဟာကဿပမထေရ်ကို နာယကပြု၍ ရာဇဂြိုဟ်ပြည်၌ ကျင်းပခဲ့သည်။ ထို့နောက် နှစ်၁၀၀အကြာတွင် ဒုတိယသင်္ဂါယနာတင်ပွဲကို ဝေသာလီပြည်၌ကျင်းပခဲ့ သည်။ ထို့နောက် နှစ် ၁၀၀ကျော်တွင် တတိယသင်္ဂါယနာတင်ပွဲကို ပါဋလိပုတ်ပြည်၌ ကျင်းပခဲ့သည်။ ထို့နောက် အနှစ်၂၀၀ကျော်တွင် စတုတ္ထသင်္ဂါယနာတင်ပွဲကို သီဟိုဠ်

ကျွန်း၌ ကျင်းပခဲ့သည်။ ဗုဒ္ဓသာသနာသမိုင်းတွင် သီဟိုဠ်ကျွန်း၌တင်သော စတုတ္ထသင်္ဂါယနာပွဲမှာ တစ်မူထူးခြား၍အရေးပါလှသည်။ ပိဋကသုံးပုံကို ယခင်က နှုတ်ဖြင့်အာဂုံ ဆောင်ထားကြရာမှ ယခုသီဟိုဠ်တွင် ပေထက်တင်ကြသည်။ အရှင်မဟာ ဓမ္မရက္ခိတအမှူးပြုသော ငါးရာသော ရဟန္တာအရှင်မြတ်တို့သည် ပိဋကသုံးပုံကို မာဂဓဘာသာဖြင့်လည်းကောင်း၊ အဋ္ဌကထာများကို သီဟိုဠ်ဘာသာဖြင့်လည်းကောင်း၊ ရေးသား၍ ပေထက်အက္ခရာတင်ကြသည်။

## (၄) ပဉ္စမသင်္ဂါယနာတင်ပွဲ မြန်မာပြည်မှာဆင်နွှဲ

သီဟိုဠ်ကျွန်းတွင် စတုတ္ထသင်္ဂါယနာတင်ပွဲပြီးသည့်နောက် နှစ်ပေါင်း ၂၀၀၀ နီးပါး ကြာခဲ့သည်တွင် ပဉ္စမသင်္ဂါယနာတင်ပွဲကို မြန်မာပြည်၌ ကျင်းပသည်။ ရတနာပုံနေပြည်တော်ကို တည်ထောင်တော်မူသော မင်းတုန်းမင်းတရားကြီးသည် ပိဋကတော်များ မူအကွဲကွဲရှိသည်များကို ညီညွတ်စေရန်လည်းကောင်း၊ ဘုရားရှင် ဓမ္မစက် ပေရွက်နှင့် မလျော်ဟုယူဆ၍လည်းကောင်း၊ သာသနာတော် အနှစ် ၅၀၀၀ ကုန်ဆုံးသည့်တိုင်တည်စေနိုင်ခြင်းငှာလည်းကောင်းရည်သန်၍ သာသနာနှစ် ၂၄၁၅ခု၊ မြန်မာနှစ် ၁၂၂၂ခု ကဆုန်လဆန်း ၁ ရက်နေ့မှစ၍ ၁၂၃၀ ပြည့် ကဆုန်လဆန်း ၁၄ ရက်နေ့ထိ ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာ တင်တော်မူသည်။ ဝိနည်းငါးကျမ်းပါဠိတော် ကျောက်ချပ်ရေ ၁၁၁၊ အဘိဓမ္မာခုနစ်ကျမ်းပါဠိတော် ကျောက်ချပ် ရေ ၂၀၈၊ နိကာယ်ငါးကျမ်းသုတ် ပါဠိတော်ကျောက်ချပ်ရေ ၄၁၀၊ ပေါင်းကျောက်ချပ်ရေ ၇၂၉ချပ်တွင် ကျောက်ထက်အက္ခရာရေးထိုးကာ မန္တလေးတောင်ခြေရင်းရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား မဟာရံတန်တိုင်းအတွင်း၌ အုတ်ပြာသာဒ်ဂူတစ်ခုစီအတွင်း ကျောက်ချပ်တစ်ခုစီတည်စိုက် ကိုးကွယ်တော်မူသည်။

ယင်းသို့ ပိဋကတ်တော်များကို ရတနာ ကျောက်သလင်းထက်ရေးတင်တော်မူပြီးနောက် ၁၂၃၃ခု တန်ခူးလပြည့်ကျော် ၁ရက်နေ့မှစ၍ တော်သလင်းပြည့်ကျော် ၁၄ရက်ထိ ဝိနည်းပိဋကသုံးပုံကို အစဉ်လိုက် ပေါင်း၍ သင်္ဂါယနာတင်ကြသည်။ ဤပဉ္စမသင်္ဂါယနာတင်ပွဲကို သုဓမ္မာဆရာတော်များ အမှူးရှိသည့် တိပိဋကဓရ သိက္ခာကာမ၊ သီလဝိသုဒ္ဓိဖြစ်တော်မူကြသော တံဆိပ်တော်ရမရ ဆရာတော် သံဃာတော် ၂၄၀၀တို့နှင့် အထပ်ထပ်စစ်ဆေးမေးဖြေကာ သံပြိုင်ရွတ်ဆို၍ နှုတ်ထက်အက္ခရာတင်ကြသည်။

၁၄။ မျက်မှောက်ခေတ် မြန်မာပြည် ထေရဝါဒ ဗုဒ္ဓသာသနာ
(၁) ဆဋ္ဌသင်္ဂါယနာတင်ပွဲ မြန်မာပြည်မှာ ဆင်နွှဲ

ပဉ္စမသင်္ဂါယနာတင်ပွဲပြီးသည့်နောက် နှစ်ပေါင်း ၈၀ကျော်အကြာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၌ပင် ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပခဲ့သည်။ ဘုရားဟော ပိဋကတ်တို့ကို အထပ်ထပ်အဆင့်ဆင့် ရေးကူးရာ၌ သတိချွတ်ယွင်းရေးမှားမိခြင်းဟု ဆိုအပ်သော ပမာဒလိက္ခပါဌ်ပျက်များကို အထူးသန့်ရှင်းစင်ကြယ်စေလိုသောကြောင့် လည်းကောင်း၊ ထိုစင်ကြယ်သောပိဋကတ်တော်များကို စက်တင်ပုံနှိပ်၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့စေခြင်းအားဖြင့် သာသနာအစွန့်ရှည်စွာ တည်စေလိုသောကြောင့်လည်းကောင်း၊ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံနှင့်တကွ ဗုဒ္ဓဝါဒီနိုင်ငံအားလုံးတို့ သာသနာတော်ကို စုပေါင်းအားပေးချီးမြှောက်လိုသောကြောင့်လည်းကောင်း ဆဋ္ဌသင်္ဂါယနာတင်ခြင်းဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးကို ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည့်နောက် နှစ်ပေါင်း ၂၅၀၀ အထိမ်းအမှတ်အဖြစ်ဖြင့် မြန်မာနိုင်ငံ ရန်ကုန်မြို့တော် ကမ္ဘာအေးစေတီအနီး မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ကျင်းပသည်။ မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ညောင်ရမ်းဆရာတော်ကြီးအား သံဃနာယကတင်မြှောက်၍ သာသနာနှစ် ၂၄၉၈ခု မြန်မာနှစ် ၁၃၁၆ခု ကဆုန်လပြည့်မှသည် သာသနာနှစ် ၂၅၀၀ပြည့်၊ ၁၃၁၈ခု ကဆုန်လပြည့်ထိ ကျင်းပသည်။ နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့အားပေးမှုဖြင့် ယိုးဒယား၊ သီဟိုဠ်၊ ကမ္ဘောဒီးယား၊ လာဩ (လာအို) ဟူသော ထေရဝါဒနိုင်ငံတို့နှင့် မြန်မာနိုင်ငံတော်ရှိ ပိဋကတ္တယ ပါရဂူမထေရ်ကြီးတို့ နီးနှောဆွေးနွေးတည်းဖြတ်သုတ်သင် အကြိမ်ကြိမ်ပြင်ဆင်ပြီးနောက် ထို ထေရဝါဒ ငါးနိုင်ငံအပါအဝင် ဆရာတော်သံဃာတော် ၂၆၁၇ ပါးတို့နှင့် ပြည်တွင်းပြည်ပမှ ကိုယ်စားလှယ်တော် အမြောက်အမြားတို့က ဆဋ္ဌသင်္ဂါယနာမဟာ ဓမ္မသဘင်ဖွင့်ပွဲ အခမ်းအနားကို သုံးရက်တိုင်တိုင် ကျင်းပခဲ့ကြသည်။

သာသနာ ၂၅၀၀ပြည့်နှစ် (မြန်မာနှစ် ၁၃၁၀) ကဆုန်လပြည့်နေ့တွင် သန္နိပါတ ငါးကြိမ်ပြီးဆုံးသဖြင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး အောင်မြင်စွာပြီးဆုံးသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကမေးသမျှသော ပိဋကတ်တော်နှင့်စပ်လျဉ်းသည့်မေးခွန်းများကို တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက စုံလင်စွာဖြေကြားတော်မူသည်။ ယင်းသို့ အထပ်ထပ် မေးဖြေစစ်ကြော ပြီးသော ပိဋကတ်တော်များကို သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာဩ (လာအို)

နှင့် အင်္ဂလိပ်အက္ခရာ ပါဠိကျမ်းများနှင့် ညှိနှိုင်းသန့်စင်၍ စက်တင်ပုံနှိပ်ခဲ့သည်။

(၂) **ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်တန်းခေါင်းဆောင်များ၏ အစည်းအဝေးကြီး**
**ဘူမိနက်သန် နေရာမှန်** **သီတဂူဆရာတော်**

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ဒီဇင်ဘာလ ၉ရက်မှ ၁၁ရက်အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေရှိ ဆဋ္ဌသံဂါယနာတင်ခဲ့ရာ မဟာဂါသာဏလိုဏ်ဂူတော်ကြီးမှာ ကျင်းပဖို့ အားလုံးပြင်ဆင်ထားပြီး ဖြစ်နေပေပြီ။ ဆဋ္ဌသံဂါယနာတင်ရာ လိုဏ်ဂူတော်ကြီးသည် သာသနာ့သမိုင်းဝင် ထူးမြတ်သည့် နေရာကြီးဖြစ်သည်။ လွန်ခဲ့သော ၄၈နှစ် ၁၉၅၆ခုနှစ်က မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားဟူသော ထေရဝါဒဗုဒ္ဓဘာသာဝင် ငါးနိုင်ငံမှ သံဃာတော်များ ပေါင်းဆုံညီညွတ်၍ သံဂါယနာပွဲကြီးကို နှစ်နှစ်တိုင်တိုင်ကျင်းပခဲ့ရာ သာသနာ့သမိုင်းဝင် မော်ကွန်းတင်နေရာကြီးဖြစ်သည်။ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား ဝန်ကြီးချုပ်ငါးဦးတို့ ဆုံစည်းရာလည်း ဖြစ်ခဲ့သည်။ သံဂါယနာပွဲတော်ကြီးကို ငါးပိုင်းခွဲ၍–

(၁) မြန်မာ့သံဂါယနာ
(၂) သျာမ(ထိုင်း)
(၃) လဝ(လာအို)သံဂါယနာ
(၄) ကမ္ဘောဇ(ကမ္ဘောဒီးယား)သံဂါယနာ
(၅) လင်္ကာဒီပ (သီရိလင်္ကာ) သံဂါယနာ ဟူ၍ ငါးမည်တပ်လျက် ဆိုင်ရာဆိုင်ရာ သံဃာတော်များက ခေါင်းဆောင်၍ ကျင်းပတော်မူခဲ့ကြသည်။ ပိဋကတ်သုံးပုံပါဠိတော် သံဂါယနာပွဲကြီးပြီးသော ၁၃၁၈ခုနှစ် (၁၉၅၈) ကဆုန်လပြည့်နေ့သည် မြတ်ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးသည့်နောက် နှစ်ပေါင်း၂၅၀၀ပြည့်သောနှစ် သာသနာ ၂၅၀၀ပြည့် ဗုဒ္ဓဇယန္တိအောင်ပွဲ၌ ထေရဝါဒ ငါးနိုင်ငံမျှသာမက တရုတ်၊ မွန်ဂိုလီးယား၊ ဂျပန် စသော မဟာယာနနိုင်ငံများမှ ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ နိုင်ငံခေါင်းဆောင်များလည်း စည်ကားစွာတက်ရောက်ခဲ့ကြလေသည်။

## Summit

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်

ဖွံ့ဖြိုးရေးကောင်စီအစိုးရက ဤသမိုင်းဝင် ဆဋ္ဌသံဂါယနာတင်ခဲ့ရာ လိုဏ်ဂူတော်ကြီး၌ သာသနာ့သမိုင်းဝင်မည့် သမိုင်းတင်လောက်သည့် ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးအစည်း အဝေးကြီးတစ်ခုကျင်းပဖို့ အားလုံးပြင်ဆင်ပြီး အဆင်သင့်ဖြစ်နေပေပြီ။ အာရှ၊ ဥရောပ၊ အမေရိကနှင့် ဩစတြေးလျတိုက်များရှိ နိုင်ငံပေါင်း ၃၇ နိုင်ငံတို့မှ ဗုဒ္ဓဘာသာထိပ်တန်း ခေါင်းဆောင်များကို ဖိတ်ကြားပြီးဖြစ်သည်။

၁၉၉၈ခုနှစ်က နီပေါနိုင်ငံမြတ်ဗုဒ္ဓဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၌ လုမ္ဗိနီဖွံ့ဖြိုးတိုး တက်ရေးကော်မတီက ဦးဆောင်၍ World Buddhist Summit ကို ကျင်းပခဲ့သည်။ ထိုနှစ်မှာပင် ဂျပန်နိုင်ငံ ကျိုတိုမြို့၌လည်း နင်ဘုစုရှုဂိုဏ်းက Buddhist Summit ကို အပြိုင်ကျင်းပခဲ့သည်။ ထို Summit သို့ ထိုင်းသံဃရာဇာတို့ တက်ရောက်ခဲ့ပြီး မြန်မာ ကိုယ်စားလှယ်အဖြစ် ဒေါက်တာရေဝတ တက်ရောက်ခဲ့သည်။

နိုင်ငံတစ်ခု၏ ကိုယ်စားလှယ်ဟူသည် ထိုနိုင်ငံ၏အစိုးရ သို့မဟုတ် ထိုနိုင်ငံမှာ တရားဝင်ရပ်တည်နေသော အသင်းအဖွဲ့တစ်ခုခုက ရွေးချယ်စေလွှတ်သော ပုဂ္ဂိုလ်သာ ဖြစ်ရမည်ဟု ယုံကြည်သည်။ ထို့ကြောင့် ဂျပန်မှာကျင်းပသော ပထမအကြိမ် Summit သို့ မြန်မာနိုင်ငံမှ တက်ရောက်သော ကိုယ်စားလှယ်မရှိခဲ့ပါ။

သာသနာရေးတွင် မြန်မာနိုင်ငံသည် အခြားသောဗုဒ္ဓဘာသာနိုင်ငံများနှင့်မတူ ထူးခြားသည့်နိုင်ငံဖြစ်သည်။ သံဃာဦးရေ လေးသိန်းနီးပါးရှိသည်။ သံဃာဂိုဏ်းကြီး ကိုးဂိုဏ်းကိုတစ်ပေါင်းတည်းပြု၍ သံဃနာယကအဖွဲ့များကို အဆင့်ဆင့်ဖွဲ့၍ သာသနာ ရေးဝန်ကြီးဌာနနှင့် တွဲဖက်အုပ်ချုပ်ကာ သာသနာတော်ကို ပြုစုစောင့်ရှောက် ထောက်ပံ့ လျက်ရှိသည်။ ထိုင်း၊ သီဟိုဠ်တို့မှာပင်မရှိသော သာသနာရေးဝန်ကြီးဌာနကို အစိုးရ အဖွဲ့တွင် ပါဝင်ဖွဲ့စည်းလျက် သီးခြားဘတ်ဂျက်ငွေများ သတ်မှတ်ပေးထားလေသည်။ အခြားနိုင်ငံတို့မှာ သာသနာရေးကို ညွှန်ကြားရေးမှူးတစ်ယောက်၊ နှစ်ယောက်မျှ ခန့်ထားပြီး ယဉ်ကျေးမှုဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနလက်အောက်မှာ ဖွဲ့စည်းထားသည်ကိုတွေ့ရသည်။ ဤအချက်ကိုသိသော နင်ဘုစုရှုဂိုဏ်းသည် သူတို့ ဦးဆောင်သော ဒုတိယ Summit ကို ဗန်ကောက်၌ကျင်းပ၍ မြန်မာနိုင်ငံကို ဖိတ်ကြား ခဲ့လေသည်။ သူတို့ဂိုဏ်းသည် ဂျပန်ရှိဗုဒ္ဓဘာသာဂိုဏ်းပေါင်း ၁၅၀ခန့်ရှိသည့်အနက် တတိယတန်းစား နေရာမှာရှိသော ဂိုဏ်းတစ်ခုဖြစ်သည်။ ငွေကြေးပေါများသည်ကို အမှီပြု၍ Summit ထောင်ကာ နိုင်ငံတကာမှာ အစည်းအဝေးများကျင်းပ၍ ထင်ပေါ် ကျော်ကြားမှုကို ရယူနေခြင်းဖြစ်သည်။ ၂၀၀၀ပြည့်နှစ်က ဗန်ကောက်တွင် ကျင်းပသော

ဒုတိယ Summit တွင် Summit ၏ အမြဲတမ်းဥက္ကဋ္ဌကို သူတို့ဂိုဏ်းက ယူမည်။ ဌာနချုပ်ကို ဂျပန်တွင်ထားမည်။ ဗာတီကန်ကဲ့သို့ ကြီးကျယ်အောင် လုပ်မည်ဟု ကြွေးကြော်ခဲ့သည်။ ၂၀၀၂ခုနှစ်တွင် ဖနောင်ပင်မြို့တွင် ကျင်းပခဲ့သည်။ ၁၅နိုင်ငံ တက်ရောက်ခဲ့သည်။

ထိုဖနောင်ပင် အစည်းအဝေးတွင် နင်ဘုစုရှုဂိုဏ်းခေါင်းဆောင်များက ပြောကြသည်။ "ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတွေကရော မဟာယာန ဗုဒ္ဓဘာသာနိုင်ငံတွေကပါ 'မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာသည် မူရင်းကျကျ သန့်သန့်ရှင်းရှင်း ရှင်သန်နေကြောင်း၊ တိုင်းသူပြည်သားတွေကလည်း အလွန်ဘာသာရေး ကြည်ညိုကိုင်းရှိုင်းကြောင်း စေတီဘုရားများလည်း အလွန်များကြောင်း၊ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်တွေလည်းရှိကြောင်း' ပြောကြသည်။ သို့ဖြစ်၍ မြန်မာပြည်ကို အားလုံးက အလွန်လာချင်ကြသည်။ စတုတ္ထ Summit ကို မြန်မာကယူပါ"ဟု တိုက်တွန်းကြသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ အပြန်အလှန်တိုင်ပင်၍ စတုတ္ထ Summit ကိုလက်ခံကျင်းပမည်ဖြစ်ကြောင်း ဖနောင်ပင် အစည်းအဝေးတွင် ကြေညာခဲ့လေသည်။ ထိုအစည်းအဝေးတွင် မြန်မာဘက်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်အောင်မင်္ဂလာဆရာတော် ခေါင်းဆောင်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ထေရဝါဒတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလှဖေနှင့် သီတဂူဆရာတော်တို့ပါဝင်သော ကိုယ်စားလှယ် အဖွဲ့တက်ရောက်ခဲ့ကြသည်။

၂၀၀၄ခုနှစ် ရန်ကုန်တွင်ကျင်းပမည့် စတုတ္ထအကြိမ် Summit အတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးများကို ကျိုတိုတွင်နှစ်ကြိမ်၊ ရန်ကုန်တွင် နှစ်ကြိမ်ပြုလုပ်၍ နားလည်မှုစာချွန်လွှာ Mo U ထိုးခဲ့ကြသည်။

ထိုနားလည်မှု စာချွန်လွှာတွင် –

(၁) အစည်းအဝေးကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်၌ကျင်းပမည်။

(၂) " The Fourth World Buddhist Summit ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး အစည်းအဝေး"ဟူသော ခေါင်းစဉ်နှင့်အညီ တစ်ကမ္ဘာလုံး ဗုဒ္ဓဘာသာထိပ်တန်းအဖွဲ့တွေကို စုံအောင်ဖိတ်ကြားရန်။

(၃) နီပေါနိုင်ငံသည် မြတ်ဗုဒ္ဓ၏ ဖွားမြင်ရာဖြစ်ခြင်းကြောင့် Summit ၏ ဗဟိုဦးစီး

အဖွဲ့တွင် ထည့်ရန်။

(၄) နင်ဘုစုရှုဘက်က ၁၇ နိုင်ငံဖိတ်မည်။ ထို ၁၇ နိုင်ငံမှ ကိုယ်စားလှယ်များ၏ ပြည်ပလေယာဉ်ခနှင့် မြန်မာပြည်တွင်း အစည်းအဝေးကာလ ဟိုတယ်စရိတ်တို့ကို တာဝန်ယူမည်။

(၅) ဥရောပနှင့် အမေရိကဘက်မှ ဗုဒ္ဓဘာသာခေါင်းဆောင်များကို မြန်မာက ဖိတ်ကြားပြီး မြန်မာဘက်က စရိတ်အားလုံးတာဝန်ယူရန်။
(မှတ်ချက် – အီတလီ၊ ပြင်သစ်နှင့် ဂျာမနီသုံးနိုင်ငံကို နင်ဘုစုရှုက ဖိတ်ကြားရန် တာဝန်ယူသွားသည်)

(၆) ကိုယ်စားလှယ်အားလုံးကို ပုဂံနှင့်မန္တလေးမြို့များသို့ ပို့ဆောင်ပေးရမည်။ မြန်မာအစိုးရဘက်က တာဝန်ယူရမည်။

(၇) အစည်းအဝေးကျင်းပရာ လိုဏ်ဂူတော်ကြီးအတွင်း မွမ်းမံခြင်း၊ ပြင်ဆင်ခြင်းနှင့် အခြားအသုံးစရိတ်အားလုံး မြန်မာဘက်က တာဝန်ယူရမည်။

(၈) အစည်းအဝေးမှတ်တမ်းရိုက်ခြင်း၊ Audio, Video မှတ်တမ်းတင်ခြင်း၊ ဖြန့်ချိခြင်းတို့ကို မြန်မာဘက်က တာဝန်ယူရမည် စသည်ဖြင့် အချက်ပေါင်း၂၀၀ ကျော်ပါဝင်သော Mo U နားလည်မှုစာချွန်လွှာကို လက်မှတ်ထိုးကြသည်။

အထက်ပါ အချက်အလက်များကိုကြည့်ခြင်းဖြင့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ အစည်းအဝေးကြီးမှာ ဂျပန် နင်ဘုစုရှုဂိုဏ်း၏ အထောက်အပံ့အကူအညီမှာ အသုံးစရိတ်အားလုံး၏ ၁၀ ပုံ တစ်ပုံမျှသာဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် နင်ဘုစုရှု၏ အထောက်အပံ့မပါသည့်အတွက် အစည်းအဝေးကြီးကို မည်သို့မျှမထိခိုက်ကြောင်း ထင်ရှားသည်။

နင်ဘုစုရှုဂိုဏ်းဆရာတို့သည် သူတို့သဘောတူလက်မှတ် ထိုးထားခဲ့သော နားလည်မှုစာချွန်လွှာ Mo U ကို ဖောက်ဖျက်ကာ အစည်းအဝေးမလုပ်တော့ကြောင်း ကြေညာခဲ့လေသည်။ ဖိတ်ကြားပြီးသော နိုင်ငံများမှ ဗုဒ္ဓဘာသာခေါင်းဆောင်များကိုလည်း အစည်းအဝေးဖျက်သိမ်းကြောင်း Summit ကို ဆက်လုပ်လျှင် တရားမဝင်ကြောင်း ကြေညာခဲ့လေသည်။ နင်ဘုစုရှုသည် အသင်းအဖွဲ့သာ ဖြစ်သည်။ မြန်မာဘက်က အစိုးရကိုယ်တိုင် ဦးဆောင်ခြင်းဖြစ်သည်။ နင်ဘုစုရှုကဲ့သို့ သာမန်အသင်းကလေးတစ်ခုက မည်သည့်အစိုးရကိုမျှ တုပြိုင် ကြေညာဆန့်ကျင်နိုင်ခြင်း၊ ဆန့်ကျင်နိုင်ခွင့်မရှိချေ။ နှစ်ဖက် လက်မှတ်ရေးထိုးထားသော သဘောတူညီချက်ကို ဖျက်သိမ်းလိုလျှင်

နှစ်ဖက် သဘောတူညီချက်ဖြင့်သာ ဖျက်သိမ်းရမည်။ နင်ဘုစုရှုတို့က ဖျက်သိမ်းသွားခဲ့သော်လည်း မြန်မာအစိုးရက မဖျက်သိမ်းလျှင် သူတို့ဘာများ လုပ်နိုင်ပါအံ့နည်း။ နင်ဘုစုရှုတို့ အထောက်အပံ့မှ ရုပ်သိမ်းသွားသော ၁၇ နိုင်ငံကို မြန်မာအစိုးရက တာဝန်ယူ ထောက်ပံ့လျှင်ရော နင်ဘုစုရှုတို့ ဘာများလုပ်နိုင်ပါတော့မည်နည်း။ ကန့်ကွက်ပိုင်ခွင့်ရောရှိပါရဲ့လား။ World Buddhist Summit ဆိုသော စကားကလည်း နင်ဘုစုရှုတို့ ကမ္ဘာ့တရားရုံးတစ်ခုခုမှာ မှတ်ပုံတင်အပိုင်ယူထားသော စာလုံးမဟုတ်ပေ။ ကမ္ဘာ့ဘုံဆိုင်စကားလုံးသာဖြစ်သည်။ နိဝင်ဘာလ ၃၀ရက်မှစတင်၍ World Buddhist Summit ကို လုမ္ဗိနီမှာ ကျင်းပလျက်ရှိသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့လည်း တက်ရောက်လျက်ရှိသည်။ နင်ဘုစုရှုတို့အနေဖြင့် ဘာမျှပြောပိုင်ခွင့်မရှိပါ။

## မြန်မာ-ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးအစည်းအဝေးကြီး

ယခုတော့ မြန်မာကသာ ဦးဆောင်စည်းရုံးတာဝန်ယူကျင်းပသော The World Buddhist Summit ကို သိုက်သိုက်မြိုက်မြိုက် ကျင်းပမည်ဖြစ်သည်။ နေ့ရက်၊ နေရာမူဝါဒပြောင်းလဲခြင်းမရှိပါ။ နင်ဘုစုရှုတို့ ဖောက်ပြန်သွားသည့်အတွက် မြန်မာအပေါ်ရိုးသားစိတ်ရှိသည့် အခြားဂျပန်ဗုဒ္ဓဘာသာအဖွဲ့ကို ဖိတ်ကြားလိုက်ပါပြီ။ တက်ရောက်ကြပါလိမ့်မည်။ နင်ဘုစုရှုတို့ ဖိတ်ကြားပြီးမှ ပယ်ခဲ့သော ၁၇နိုင်ငံကိုလည်း ဖိတ်ကြားပြီးပြီ။ အားလုံးက လှိုက်လှိုက်လှဲလှဲတက်ရောက်ကြမည်။ ဂျာမနီ၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ ဟော်လန်၊ ဆွီဒင်၊ ချက်ကိုစလိုဗက်ကီးယား၊ ရိုမေးနီးယား၊ ရုရှား၊ အင်္ဂလန်၊ အမေရိကန်၊ မက္ကဆီကို၊ ဂျမေကာ၊ အင်ဒိုနီးရှား၊ သြစတြေးလျနိုင်ငံများမှ ဗုဒ္ဓဘာသာ ခေါင်းဆောင်များတက်ရောက်ဖို့ အဆင်သင့်ဖြစ်နေကြပါပြီ။

Summit (ထိပ်တန်း၊ ထိပ်သီး)အစည်းအဝေးဆိုသည်နှင့် လျော်ညီစွာ နိုင်ငံများမှ "အကြီးအကဲများနှင့် သံဃရာဇာများကို"လည်း ဖိတ်ကြားထားသည်။ တက်ရောက်ဖို့ ပြင်ဆင်နေကြပြီဖြစ်သည်။ အိန္ဒိယသမ္မတကြီးနှင့် အခြားနိုင်ငံများမှ ဝန်ကြီးချုပ်များကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများပေးပို့ထားကြပြီးဖြစ်သည်။ ပြည်ပမှာ သာသနာပြုနေကြသည့် မြန်မာသံဃာတော်အားလုံးကိုလည်း ဖိတ်ကြားပြီးဖြစ်သည်။ ပြည်ပနိုင်ငံများ၌ မြန်မာကျောင်း တိုက်ပေါင်း ၁၅၀ကျော်ရှိသည်။ ပြည်တွင်းမှာလည်း သာသနာပြုတက္ကသိုလ်ကြီးလေးခုမှ ဆရာများ၊ စာသင်သား သံဃာများ၊ တိုင်းနယ်ပြည်နယ်အသီးသီးမှ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိုင်းနှင့်ပြည်

နယ် သံဃနာယကအဖွဲ့ဝင်များ၊ ထင်ရှားသော သမိုင်းဝင်သာသနာရေးအသင်းအဖွဲ့များကိုလည်း ဖိတ်ကြားထားသည်။ အစည်းအဝေးကြီးဖွင့်ပွဲကျင်းပပုံကို သီရိမင်္ဂလာဇာနီးမြေမဟာပါသာဏ လိုဏ်ဂူကြီးအတွင်းမှ တစ်ပြည်လုံး၊ တစ်ကမ္ဘာလုံးသို့ မြန်မာ့အသံ နှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်သည်။

ဆရာကြီးဂိုအင်ကာကလည်း နိုင်ငံစုံတပည့်ယောဂီပေါင်း ၁၀၀ကျော်ဖြင့် တက်ရောက်ဟောပြော ဆွေးနွေးမည်ဖြစ်သည်။

အစည်းအဝေးကြီးကို သုံးရက်ကျင်းပမည်ဖြစ်သည်။

**ပထမနေ့ ။** ။ နံနက်ပိုင်း ဖွင့်ပွဲအခမ်းအနားနှင့် သံဃရာဇာများနှင့် အကြီးအကဲများက မိန့်ခွန်းပြောကြားကြမည်။ နေ့လယ်ပိုင်းတွင် နိုင်ငံတကာမှ ဗုဒ္ဓဘာသာခေါင်းဆောင်များက စာတမ်းများ ဖတ်ကြားတင်သွင်းကြမည်။

**ဒုတိယနေ့ ။** ။ နံနက်ပိုင်းတွင် ဆရာကြီး ဂိုအင်ကာ၊ ဒေါက်တာ သျှရီဓမ္မာနန္ဒ၊ ဒေါက်တာ ဂုဏရတန၊ ဒေါက်တာ ရဝိန္ဒပန့်စသော ဗုဒ္ဓဘာသာ ခေါင်းဆောင်များ၏ စာတမ်းများဟောပြောချက်များကို နားထောင်ရမည်။ နေ့လယ်ပိုင်း၌ အဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးပွဲများ ကျင်းပသွားမည် ဖြစ်သည်။

**တတိယနေ့ ။** ။ နံနက်ပိုင်းတွင် လက်ရွေးစင် ဗုဒ္ဓဘာသာခေါင်းဆောင်များ စားပွဲဝိုင်းဆွေးနွေးပွဲဖြစ်သည်။ နေ့လယ်ပိုင်း၌ ပူးတွဲကြေညာချက် ထုတ်ပြန်ကြေညာခြင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏မိန့်ခွန်း၊ ကိုယ်စားလှယ်များ၏ ကျေးဇူးတင်စကား၊ သဘာပတိ၏ နိဂုံးချုပ်မိန့်ခွန်း၊ စုပေါင်းဓာတ်ပုံရိုက်ခြင်း၊ လက်ဆောင်ပစ္စည်းပေးခြင်း စသည်တို့ဖြင့် စနစ်တကျ ကျင်းပသွားမည်ဖြစ်သည်။

စိရံ တိဋ္ဌတု လောကသ္မိံ ၊ သမ္မာသမ္ဗုဒ္ဓသာသနံ။
တသ္မိံ သဂါရဝါ နိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။
သာသနာ့ဆုတောင်းဖြင့် အခမ်းအနားရုပ်သိမ်းမည်ဖြစ်သည်။

သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိကြပါစေ။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်တန်းခေါင်းဆောင်များ၏ ညီလာခံကြီး(ဝါ)ကမ္ဘာ့ထိပ်သီးညီလာခံကြီးကို ခရစ်နှစ်၂၀၀၄ခု ဒီဇင်ဘာလ ၉–ရက်မှ ၁၁–ရက်ထိ သုံးရက်တိုင်တိုင်

မြန်မာနိုင်ငံကမ္ဘာ့အေး မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင်ကျင်းပခဲ့သည်။

Summit ကမ္ဘာ့ထိပ်သီးညီလာခံဟူသည်နှင့် လျော်ညီစွာ ကမ္ဘာ့ဗုဒ္ဓဝါဒီ နိုင်ငံများမှ သာသနာ့ခေါင်းဆောင် သံဃာ့ရာဇာများ၊ အကြီးအကဲများ၊ ဝန်ကြီးချုပ်များအားလုံး စုံစုံညီညီတက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့ထိပ်သီးဗုဒ္ဓဘာသာညီလာခံကြီးကို ထယ်ဝါခမ်းနားစွာ သိုက်သိုက်မြိုက်မြိုက် အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူပြည်သားများအားလုံး ဗုဒ္ဓသာသနာတော်ကြီးအတွက် အားတက် ဝမ်းမြောက်ခဲ့ကြရပါသည်။

၃-၁၂-၂၀၀၄ထုတ် မြန်မာ့အလင်းသတင်းစာပါ သီတဂူဆရာတော်၏ ဆောင်းပါးကို ဖတ်ရတော့မှပင် ထိုညီလာခံကြီးဖြစ်မြောက်ရေးအတွက် ဆရာတော်တို့မည်သို့ကြိုးပမ်းခဲ့ရပုံတို့ကို စေ့စေ့စုံစုံသိရပါတော့သည်။

၂၀၀၄ခုအတွင်း ရန်ကုန်တွင်ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ကမ္ဘာ့ထိပ်သီး ဗုဒ္ဓဘာသာညီလာခံကို မြန်မာနိုင်ငံ နှင့်ပူးတွဲတာဝန်ယူထားသော (ပူးတွဲတာဝန်ယူသည်ဟု ဆိုသော်လည်း အသုံးစရိတ်အားလုံး၏ ၁၀ရာခိုင်နှုန်းမျှကိုသာ ကျခံခြင်းဖြစ်သည်။ ကျန်အသုံးစရိတ်များအားလုံးကို မြန်မာနိုင်ငံကတာဝန်ယူရသည်။) နင်ဘုစုရှုအမည်ရှိ ဂျပန် မဟာယာနဗုဒ္ဓဘာသာ ဂိုဏ်းဆရာတို့သည် သာသနာရေးနှင့် မသက်ဆိုင်သော အချက်ကိုအကြောင်းပြကာ သဘောတူ လက်မှတ်ရေးထိုးထားခဲ့သော နားလည်မှုစာချွန်လွှာကို ဖောက်ဖျက်ပြီး အစည်းအဝေးမလုပ်တော့ကြောင်း ကြေညာခဲ့သည်။ ဖိတ်ကြားထားပြီးသော တာဝန်ယူထားသည့်နိုင်ငံများမှ ခေါင်းဆောင်များကိုလည်း အစည်းအဝေးဖျက်သိမ်းကြောင်း Summit ကိုဆက်လုပ်လျှင် တရားမဝင်ကြောင်း ကြေညာခဲ့သည်။ ဤသို့ ကတိဖောက်ဖျက်သွားသော နင်ဘုစုရှုဂိုဏ်းမှ မြန်မာနိုင်ငံကဲ့သို့ သူတို့နိုင်ငံက တာဝန်ယူခြင်းမရှိ၊ သာမာန် အသင်းအဖွဲ့မျှသာဖြစ်သည်။ နိုင်ငံတော်ကတာဝန်ယူသော အတွင်းရေးမှူးသီတဂူဆရာတော်ကြီးကွပ်ကဲသော မြန်မာနိုင်ငံသာသနာရေးဦးစီးဌာနက သူတို့၏သဘောထားနှင့်အနေအထားကို နားလည်ပြီးဖြစ်သည့် အားလျော်စွာ ထို နင်ဘုစုရှုဂိုဏ်းကို နိုင်ငံတကာဗုဒ္ဓဘာသာထိပ်သီးညီလာခံအဖွဲ့ဝင်စာရင်းမှ ပယ်ဖျက်လိုက်သည်။ ထိုအစားရိုးသားသော ဂျပန်ဗုဒ္ဓဘာသာအဖွဲ့ကို ဖိတ်ကြားလိုက်သည်။ သူတို့ ဖိတ်ကြားပြီးမှပယ်ခဲ့သော ၁၇-နိုင်ငံကိုလည်း မြန်မာအစိုးရကပင် ကုန်ကျစရိတ်အားလုံးတာဝန်ယူကာ ဖိတ်ကြားလိုက်သည်။ အားလုံးပင် တက်ရောက်ခဲ့ကြသည်။

ယခုတော့ပို၍ပင် ကောင်းသွားသေးတော့သည်။ မြန်မာနိုင်ငံတွင် မြန်မာကသာ ဦးဆောင်စည်းရုံးကာ တာဝန်ယူကျင်းပသော ကမ္ဘာ့ထိပ်သီးဗုဒ္ဓဘာသာညီလာခံကြီး (The World Buddhist Summit) ကို ဖိတ်ကြားထားသော ဗုဒ္ဓဝါဒီနိုင်ငံအားလုံးက သာသနာ့ခေါင်းဆောင်များ၊ အကြီးအကဲများအားလုံး လှိုက်လှိုက်လှဲလှဲ စုံစုံညီညီ တက်ရောက်ခဲ့ကြသည်။

ဤသို့ ကမ္ဘာ့ထိပ်သီးဗုဒ္ဓဘာသာညီလာခံကြီးကို သိုက်သိုက်မြိုက်မြိုက် အောင်အောင်မြင်မြင် ကျင်းပနိုင်ခြင်းမှာ ဩဝါဒစရိယဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ သာသနာရေးအတွက် နိုင်ငံတော်၏အားပေးကူညီထောက်ပံ့မှု၊ အမြော်အမြင်ကြီးမားသော ဗဟုသုတပြည့်ဝသော တည့်မတ်မှန်ကန်သော ညီလာခံ အတွင်းရေးမှူး သီတဂူဆရာတော်နှင့် အဖွဲ့ဝင်တို့၏နည်းလမ်းကျနစွာ စနစ်တကျဆုံးဖြတ်ဖြေရှင်းတတ်မှု၊ အကြံအား ဉာဏ်အား လုံ့လစွမ်းအား ကြီးမားမှုတို့ကြောင့်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာအရှည်သန့်၍ တည်တံ့စေရန်သံဂါယနာ နှစ်ကြိမ်တင်ခဲ့သည်။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်ကဆောင်ရွက်ခဲ့သည်။ မျက်မှောက်ကာလတွင်လည်း ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော်အစိုးရက လဇ္ဇီပေသလ သိက္ခာကာမဖြစ်တော်မူကြသော ဆရာတော်သံဃာတော်များ၏ ဩဝါဒကိုခံယူလျက် မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

သာသနာရေးတွင် မြန်မာနိုင်ငံသည် အခြားသောဗုဒ္ဓဘာသာနိုင်ငံများနှင့်မတူထူးခြားသည့်နိုင်ငံဖြစ်ကြောင်း၊ သံဃာဦးရေလေးသိန်းနီးပါးရှိကြောင်း၊ သံဃာဂိုဏ်းကိုးဂိုဏ်းကို တစ်ပေါင်းတည်းပြု၍ သံဃနာယကအဖွဲ့များကို အဆင့်ဆင့်ဖွဲ့၍ သာသနာရေးဝန်ကြီးဌာနနှင့် တွဲဖက်အုပ်ချုပ်ကာ သာသနာတော်ကိုပြုစု စောင့်ရှောက်ထောက်ပံ့လျက်ရှိကြောင်း၊ ထိုင်းသီဟိုဠ်တို့မှာပင်မရှိသော သာသနာရေးဝန်ကြီးဌာနကို အစိုးရအဖွဲ့တွင် ပါဝင်ဖွဲ့စည်းလျက် သီးခြားဘတ်ဂျက်ငွေများ သတ်မှတ်ပေးထားကြောင်း သီတဂူဆရာတော်၏ဆောင်းပါးတွင် ဖော်ပြပါရှိပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးသည် ယခင်ယခင်ကထက် အဆများစွာ ထွန်းလင်းဝေဖြာလျက်ရှိပါသည်။ နိုင်ငံတကာ သာသနပရိယတ္တိ တက္ကသိုလ်ကြီးတွင် ရဟန်းတော်များသည် ဗုဒ္ဓကျမ်းစာတို့ကို ဝိဇ္ဇာ(ဗုဒ္ဓကျမ်းစာ) B.A (Buddhism) မဟာဝိဇ္ဇာ (ဗုဒ္ဓကျမ်းစာ) M.A (Buddhism) ဒေါက်တာ (ဗုဒ္ဓ

ကျမ်းစာ) Ph.D (Buddhism)စသည်ဖြင့် ကျမ်းကြီးကျမ်းခိုင်များပြုစုကာ သာသနာ့အာဇာနည် အများအပြား ထွန်းထွန်းပေါက်ပေါက်ပေါ်ထွက်လာနေပေပြီ။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးတွင်လည်း ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓကျမ်းစာ လေ့လာသင်ကြားလိုသူ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်အများအပြားတက်ရောက်လေ့လာသင်ယူလျက် ရှိနေကြပေပြီ။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ် (I .I .A) တွင်လည်း အဘိဓမ္မာသင်တန်းများကို အင်္ဂလိပ်မြန်မာ နှစ်ဘာသာစလုံးဖြင့် အနီးကပ်ရော အဝေးသင်ပါ သင်ကြားပို့ချပေးလျက်ရှိပါသည်။ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရသည် စစ်ကိုင်းတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးကို ဖွင့်လှစ်ခဲ့သည်မှာ ကြာလေပြီ။ ယခုလည်း ရန်ကုန်မြို့မင်္ဂလာဒုံတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးတစ်ခုကို အသစ်ထပ်မံတည်ဆောက်လျက်ရှိပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီး ငါးခုရှိလာပါတော့မည်။

ယခုအခါ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးသည် နေလပမာထွန်းလင်းတောက်ပကာ အရှိန်အဟုန်နှင့် တိုးတက်ဖွံ့ဖြိုးလျက်ရှိပါသည်။ နိုင်ငံတော်ကလည်း အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ကမ္ဘာ့ဝေစ်ဝှန်းရှိ တက်ရောက်လိုသော နိုင်ငံခြားသားများတက်ရောက်နိုင်ရန် ဗုဒ္ဓဘာသာသင်တန်းများဖွင့်လှစ်လျက်ဘွဲ့လက်မှတ်များကို နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိပါသည်။ ထို့အပြင် နှစ်စဉ်ကဆုန်လပြည့်နေ့တွင် မြန်မာနိုင်ငံသာမက ကမ္ဘာတစ်ဝှမ်းရှိ ဗုဒ္ဓသာသနာပြု ရဟန်းတော်များကို ပင့်ဖိတ်လျက် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်လျက်ရှိပါသည်။ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးသည် ပြည်ပနိုင်ငံများမှာပါ တိုးတက်ပြန့်ပွားစေရန်အလို့ငှာ ပြည်ပနိုင်ငံများသို့ အလွယ်တကူ သွားရောက်သာသနာပြုနိုင်ကြစေရန်အတွက်လည်း နိုင်ငံတော်က အစစကူညီစီစဉ်ပေးလျက်ရှိပါသည်။ ဤသို့ နိုင်ငံတော်ကသာသနာရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိနေကြသည်မှာ ဗုဒ္ဓသာသနာတော်ကြီးအတွက် နှစ်ထောင်းအားရဖွယ် ဖြစ်ပေတော့သည်။ ။

**ဒေါ်ခင်မေနွဲ့**
**အငြိမ်းစားပါမောက္ခ၊ မြန်မာစာဌာန၊**
**ရန်ကုန်တက္ကသိုလ်**

# မှီငြမ်းကိုးကားသော ကျမ်းစာစောင် ဆောင်းပါးများ

| | | |
|---|---|---|
| ၁။ ရဝေထွန်း | – | သမိုင်းချစ်<br>ရန်ကုန်၊ သိမ်းမင်းလှိုင်စာပေ ၁၉၉၃<br>ပုံနှိပ်ထုတ်ဝေသူ၊ ဦးလှဒင်<br>အမျိုးသားပုံနှိပ်ရေးလုပ်ငန်း |
| ၂။ မင်းယုဝေ | – | အတ္ထုပ္ပတ္တိထူး<br>ထုတ်ဝေသူ၊ ဒေါ်ခင်ဝင်းရီ (၀၁၆၆၂)<br>ပုံနှိပ်သူ၊ ဦးသက်ဝင်း (၀၄၄၄၄)<br>ဝင်းဝင်းမြတ်အော့ဖ်ဆက်<br>၈၈၊ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်<br>ရန်ကုန် (၁၉၈၀၊ ၁၉၉၄) |
| ၃။ ယဉ်ကျေးမှုဝန်ကြီးဌာန | – | ရှင်အရဟံမထေရ်မြတ်၏ ထေရုပ္ပတ္တိနှင့်<br>ရှင်အရဟံအုတ်ကျောင်း ပြုပြင်တည်<br>ဆောက်မှုမှတ်တမ်း၊ အခန်း(၁) မြန်မာ<br>နိုင်ငံသို့ ဗုဒ္ဓသာသနာရောက်ရှိလာခြင်း<br>(စာ ၁–၁၂)၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်<br>ဝေရေးလုပ်ငန်း၊ စာပေဗိမာန် |
| ၄။ ကလျာဏီမွန်ကျောက်စာ | – | မြန်မာဘာသာပြန်ဆိုတည်းဖြတ်သူ<br>ဦးလှဖေဝင်း၊ ရန်ကုန်၊ ယဉ်ကျေးမှု<br>ဝန်ကြီးဌာန၊ ၁၉၅၈ |
| ၅။ မှန်နန်းရာဇဝင်တော်ကြီး | – | ပထမအုပ်၊ တတိယတွဲ၊ စတုတ္ထတွဲ<br>ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက် |
| ၆။ ဦးကုလားမဟာရာဇဝင်တော်ကြီး | – | ပထမအုပ်၊ တတိယတွဲ၊ စတုတ္ထတွဲ<br>တည်းဖြတ်သူ ဆရာပွား စ–အကြိမ်<br>ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၂ |

၇။ မဟာဓမ္မသင်္ကြီ - သာသနာလင်္ကာရစာတန်း၊ ရန်ကုန်
ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ ၁၉၂၈
၈။ မဲထီးဆရာတော် - ဝံသဒီပနီကျမ်း၊ ပထမအကြိမ်
ရန်ကုန်၊ မဟာဗောဓိပုံနှိပ်တိုက်၊ ၁၉၁၆
၉။ သောဘန၊ ရှင် - သာသနဝံသဒီပနီ၊ ဒုတိယအကြိမ်၊
ဟင်္သာတ၊ သပြေပင်ကျောင်းတိုက်
၁၀။အောင်သော်၊ ဦး - နောက်တွေ့ပျူယဉ်ကျေးမှုအထောက်
အထားများ၊ စာပေနှင့် လူမှုရေးသိပ္ပံဂျာ
နယ်၊ တွဲ ၁၊ မှတ် ၁ (ဇန်နဝါရီ ၁၉၆၈)
စာ ၄၉-၅၉
၁၁။ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်၏ ၁၉၆၄-၆၅ ခုနှစ်အတွက် နှစ်ချုပ်
အစီရင်ခံစာ (၁၉၇၀) ရန်ကုန်၊
ဗဟိုပုံနှိပ်တိုက်
၁၂။သန်းဆွေ၊ ဒေါ်။ (၁၉၉၁) - ပျူစာ ခင်ဘ ရွှေပေချပ်လေ့လာချက်။
ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။
၁၃။ရွှေတိဂုံမွန်ကျောက်စာ - မြန်မာဘာသာပြန်ဆိုတည်းဖြတ်သူ
ဦးလူဖေဝင်း၊ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီး
ဌာန၊ ၁၉၅၈
၁၄။ချစ်သိန်း၊ ဦး - ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်၊
ရန်ကုန်၊ ရှေးဟောင်းသုတေသနဌာနခွဲ
(၁၉၆၅)
၁၅။သီတဂူဆရာတော်။ - ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ဘူမိ
နက်သန်နေရာမှန်၊
မြန်မာ့အလင်းသတင်းစာ (၃-၁၂-၂၀၀၄)
၁၆။The Dhamakirti
A Buddhist Monthly - Feb: 2005
Kathmandu, Nepal - edited by anagarika Dhammavati,
Dharmakirti Vihaya
Kathmandu, Nepal

၁၇။ Updated Theravada Records in Present Nepal, Souvenir 2009- B.S. 2553 – Ven. Kondanya, Buddha Vihar Bhrikutimandap, Buddha Purima Souvenir – Printed at New Nepal Pren, Shuknapath, Newroad, Kathmandu, Nepal.

၁၈။ Pe Maung Tin, U – Buddhism in the inscriptions of Pagan – Journal of the Burma Research Society, vol: 31, no.1(1936) P.52-70

၁၉။ Ray, Niharranjan – Theravada Buddhism in Burma, Calcutta, Calcutta University Press, 1946

၂၀။ "Sasana" – Journal of the Burma Research Society, vol 1 pts 1-2 (Dec:1978) P 1-266

၂၁။ Than Tun, Dr: – "Religion in Burma -A.D1000-1300" Journal of the Burma Research Society, vol: 42, no:2 (Dec:1959) P. 47-69

o

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၉၂၂
ရက်စွဲ..................
သုတေသနစာကြည့်တိုက်



ဓမ္မကိတ္တိဝိဟာရ (ဓမ္မကိတ္တိကျောင်းတိုက်)
ခတ္တာမန္ဒူ၊ နီပေါနိုင်ငံ။